# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက် | ၂၀၁၆ ခုနှစ်၊ ဇွန် ၁၉ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၅)၊ အမှတ် (၂၅၈)


**မဖျက်ဆီးနိုင်**

စည်းစိမ်ဥစ္စာသည် ပညာမဲ့သူကို ဖျက်ဆီး၏။ ထိုပညာမဲ့သူသည် စည်းစိမ်ဥစ္စာကို တပ်မက်ခြင်းကြောင့် မိမိကိုယ်ကိုယ်ပြန်၍ ဖျက်ဆီး၏။ နိဗ္ဗာန်ကို ရှာမှီးသူ ပညာရှိကိုမူ စည်းစိမ်ဥစ္စာက မဖျက်ဆီးနိုင်ချေ။

ခုဒ္ဒကနိကာယ် (ဓမ္မပဒ - ၃၅၅)

## ပြည်သူ့ကိုယ်စားလှယ်များ နိုင်ငံအကျိုးသယ်ပိုးရာတွင် မိမိတို့အခက်အခဲများထက် ပြည်သူများ၏ ဒုက္ခဝေဒနာကိုရှေးရှု၍ ကုစားပေး

စာ-၄

## ကာကွယ်ခြင်းဖြင့် ကုသဖို့မလိုဘဲ ကြံ့ခိုင်ကျန်းမာသည့်နိုင်ငံသားများ မွေးထုတ်ပေးရန်လိုအပ်

စာ-၅

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုံးဝမရှိသေးသည့် ချင်းပြည်နယ်တွင် SMEs လုပ်ငန်းများ စတင်မည်



**သတင်း-သန့်ဇင်ဝင်း**

မန္တလေး ဇွန် ၁၈

ယခုနှစ် မေလကုန်အထိ ချင်းပြည်နယ်သည် တရားဝင် ဆန်းစစ်မှုများအရ ဖွံ့ဖြိုးမှုအနိမ့်ဆုံးပြည်နယ်ဖြစ်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ စာရင်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုံးဝမရှိသည့် Zero Investment ပြည်နယ်ဖြစ်နေရာမှ SMEs အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖြင့် စတင်၍ ရင်းနှီးမြှုပ်နှံနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံမှု ဥပဒေမူကြမ်းတွင် ဖွံ့ဖြိုးမှုမရှိသည့် ဒေသများ၌ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် ခံစားခွင့်များ ထည့်သွင်းရေးဆွဲထားကြောင်းနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၌ MIC ရုံးခွဲများ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့ MIC ရုံးခွဲ ညွှန်ကြားရေးမှူး

*စာမျက်နှာ ၇ ကော်လံ ၁* ◆

နေပြည်တော် MICC-2 ၌ ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှ လက်မှုပြခန်းကို တွေ့ရစဉ်

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၈-၆-၂၀၁၆

| | | | |
|---|---|---|---|
| ပူတာအိုမြို့ | ၂ ဒသမ ၃၇ လက်မ | မြဝတီမြို့ | ၁ ဒသမ ၆၁ လက်မ |
| သိမ်ဇရပ်မြို့ | ၂ ဒသမ ၂၈ လက်မ | ဒဂုံမြောက်ပိုင်း | ၁ ဒသမ ၅၇ လက်မ |
| မိုးညှင်းမြို့ | ၁ ဒသမ ၈၉ လက်မ | ရွှေကျင်မြို့ | ၁ ဒသမ ၃၈ လက်မ |
| ခရမ်းမြို့ | ၁ ဒသမ ၆၉ လက်မ | ကော့သောင်းမြို့ | ၁ ဒသမ ၃၀ လက်မ |
| တမူးမြို့ | ၁ ဒသမ ၆၅ လက်မ | ပဲခူးမြို့ | ၁ ဒသမ ၂၆ လက်မ |

## စစ်ကိုင်းတိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်

နေပြည်တော် ဇွန် ၁၈

နေပြည်တော်နှင့်ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ (မိုး/ဇလ)




# အဂတိတိုက်ဖျက်ရေးနှင့် မွန်ဂိုလီးယားနိုင်ငံ၏ အတွေ့အကြုံ

မွန်ဂိုလီးယားနိုင်ငံသမ္မတ ဇတ်ခ်ဟီးလ်ယာဒ်အယ်လ်ဘတ်ခ်ဒွေါဂျ်က သူ၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း မွန်ဂိုလီးယားနိုင်ငံ၏ ဒီမိုကရေစီအရေး၊ ဥပဒေစိုးမိုးရေး၊ ပွင့်လင်းမြင်သာမှုရှိရေးကိစ္စများ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု အတွေ့အကြုံများကို ရှင်းလင်းတင်ပြခဲ့ပါသည်။ မွန်ဂိုလီးယားနိုင်ငံသည် ကွန်မြူနစ်စနစ်ကို နှစ်ပေါင်း ၇၀ ကျော် ကျင့်သုံးခဲ့ပြီးမှ ဒီမိုကရေစီစနစ်သို့ ပြောင်းလဲခဲ့ခြင်းဖြစ်၍ မွန်ဂိုလီးယားနိုင်ငံ၏ အတွေ့အကြုံများသည် မြန်မာနိုင်ငံအတွက် လေ့လာအတုယူနိုင်စရာများ ရှိနေပါသည်။ အထူးသဖြင့် အဂတိတိုက်ဖျက်ရေး၌ မွန်ဂိုလီးယားနိုင်ငံ၏ အောင်မြင်မှုသည် မြန်မာနိုင်ငံအတွက် လေ့လာအတုယူစရာဖြစ်ပါသည်။ ငါးနှစ်အတွင်း မွန်ဂိုလီးယားနိုင်ငံ၏ အဂတိလိုက်စားမှုကို ကမ္ဘာ့အဆင့် ၁၂၀ ရှိနေရာမှ အဆင့် ၇၂ အထိ လျှော့ချနိုင်ခဲ့သည်မှာ သိသာထင်ရှားသော အောင်မြင်မှုဖြစ်ပါသည်။

မွန်ဂိုလီးယားနိုင်ငံ၏ အဂတိတိုက်ဖျက်ရေး၌ ဖြစ်အောင်လုပ်မည်ဆိုသော နိုင်ငံရေးသန္နိဋ္ဌာန်သည် အခရာကျသော အခန်းကဏ္ဍတွင် ရှိနေပါသည်။ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးက ရွေးချယ်တင်မြှောက်ခဲ့သော လူထုအစိုးရ၌ ဤနိုင်ငံရေးသန္နိဋ္ဌာန်ရှိနေခြင်းသည် အားတက်စရာကိစ္စတစ်ရပ်ဖြစ်ပါသည်။ မွန်ဂိုလီးယားနိုင်ငံ၏ အဂတိတိုက်ဖျက်ရေးကို လေ့လာသုံးသပ်ပါက ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုကို ကျယ်ကျယ်ပြန့်ပြန့် ရယူနိုင်ခဲ့ခြင်းက အဓိကကျသည်ကိုတွေ့ရှိရပါသည်။ မူဝါဒသဘောအရ သုံးသပ်ပါက မွန်ဂိုလီးယားနိုင်ငံသည် အဂတိတိုက်ဖျက်ရေး လုပ်ငန်းစဉ်များဆောင်ရွက်ရာ၌ အစိုးရ၏ သြဇာပေးစွက်ဖက်မှုကင်းရှင်းစေရန် ဦးတည်ချက်ထား ဆောင်ရွက်ပါသည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဟူသော မဏ္ဍိုင်ကြီး (၃)ရပ်၏ ကိုယ်စားပြုမှုပါဝင်စေရန် ပုံဖော်ထားပါသည်။ လူမှုအဖွဲ့အစည်းများက ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နိုင်စေရန် နေရာချစီမံထားပါသည်။ အဂတိတိုက်ဖျက်ရေး လုပ်ငန်းစဉ်တစ်ရပ်လုံးအတွက် ဘတ်ဂျက်နှင့် ကျွမ်းကျင်ဝန်ထမ်းကဲ့သို့သော ပံ့ပိုးရေးကိစ္စအရပ်ရပ်ကို ဖြည့်ဆည်းဆောင်ရွက်ပေးထားပါသည်။

မွန်ဂိုလီးယားနိုင်ငံ၏ အဂတိတိုက်ဖျက်ရေးကို ဦးဆောင်လှုပ်ရှားသည့် အဖွဲ့အစည်းမှာ အဂတိတိုက်ဖျက်ရေး သီးခြားလွတ်လပ်သော အာဏာပိုင်အဖွဲ့ **(Independent Authority Against Corruption-IAAC)** ဖြစ်ပါသည်။ အဂတိတိုက်ဖျက်ရေး သီးခြားလွတ်လပ်သော အာဏာပိုင်အဖွဲ့ **(IAAC)**၏ ဦးဆောင်ပုဂ္ဂိုလ်များနှင့်အရေးပါသော ဝန်ထမ်းများအား ကျွမ်းကျင်မှုအရ လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်း ခန့်အပ်ခြင်းမျိုးဖြစ်စေရန် စီမံဆောင်ရွက်ထားပါသည်။ အဂတိတိုက်ဖျက်ရေး လွတ်လပ်သောအာဏာပိုင်အဖွဲ့ **(IAAC)**အပေါ် မဆီလျော်မသင့်လျော်သော သြဇာပေးစွက်ဖက်မှုများ မသက်ရောက်စေရေးကို ဦးတည်ပုံဖော်ထားသည့် လုပ်ငန်းနည်းစနစ်များကိုလည်း ချမှတ်ထားပါသည်။ အဂတိတိုက်ဖျက်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုမရှိပါက မအောင်မမြင်ဖြစ်မည်မှာ ထင်ရှားပါသည်။ မွန်ဂိုလီးယားပြည်သူလူထုက အဂတိလိုက်စားမှုကြောင့် တိုင်းပြည်နှင့် လူမျိုးအပေါ်ကျရောက်လာသည့် အန္တရာယ်များကို သိမြင်သဘောပေါက်နားလည်လာပြီး အတွေးအမြင်ပြောင်းလဲလာစေရန် လှုံ့ဆော်ပညာပေးစည်းရုံးရာ၌ လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုအား ကျယ်ကျယ်ပြန့်ပြန့် နက်နက်ရှိုင်းရှိုင်း ရယူခဲ့သည်ကို တွေ့ရှိရပါသည်။

မွန်ဂိုလီးယားနိုင်ငံ၏ သတင်းအချက်အလက်များ ပွင့်လင်းမြင်သာမှုရှိရေးနှင့် ပြည်သူများ သိရှိပိုင်ခွင့်ရှိရေးဆိုင်ရာ ဥပဒေများသည်လည်း အဂတိတိုက်ဖျက်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာ၌ ထိထိရောက်ရောက် ပံ့ပိုးကူညီခဲ့ပါသည်။ စိတ်ဝင်စားစရာကောင်းသည်မှာ မွန်ဂိုလီးယားနိုင်ငံ၏ အဂတိတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအား အရှိန်အဟုန်မြှင့်တင်ရာ၌ အသရေဖျက်မှုနှင့် စော်ကားမှုဆိုင်ရာ ပြစ်မှုများကို ပြစ်မှုအဖြစ် သတ်မှတ်ပြဋ္ဌာန်းခြင်းမပြုရန် အကြံပြုထားခြင်းဖြစ်ပါသည်။ အသရေဖျက်မှုနှင့် စော်ကားမှုဆိုင်ရာ တရားစွဲဆိုမှုများသည် သတင်းအချက်အလက် လွတ်လွတ်လပ်လပ်ရရှိရေးကို ဟန့်တားနှောင့်ယှက် ဟန့်တားနိုင်သောကြောင့် ဖြစ်ပါသည်။ ဤနေရာ၌ မွန်ဂိုလီးယားနိုင်ငံ၏အဂတိတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် တရားစီရင်ရေးကဏ္ဍ၏ လွတ်လပ်ပွင့်လင်းမှုနှင့် ဂုဏ်သိက္ခာမြင့်မားမှုသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေသည်ကို ထောက်ပြလိုပါသည်။ မွန်ဂိုလီးယားနိုင်ငံ၏ တရားစီရင်ရေးကဏ္ဍ ဂုဏ်သိက္ခာမြင့်မားရေးအတွက် တရားသူကြီးများအား နိုင်ငံရေးအဖွဲ့အစည်းများမှ မခန့်အပ်ရေး တရားသူကြီးဥက္ကဋ္ဌများအား သက်ဆိုင်ရာတရားရုံး တရားသူကြီးများက ရွေးချယ်ရေးဟူသော အကြံပြုချက်များသည် လေ့လာသုံးသပ်သင့်သော ကိစ္စရပ်များဟု ယူဆပါသည်။

မွန်ဂိုလီးယားနိုင်ငံ၏ အဂတိတိုက်ဖျက်ရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဖြစ်စေရေးအတွက် ဆက်လက်အကောင်အထည်ဖော်ရမည့် ကိစ္စရပ်များ ကျန်ရှိနေသေးသည်မှာ သဘာဝကျပါသည်။ သို့သော် မွန်ဂိုလီးယားနိုင်ငံ၏ အဂတိတိုက်ဖျက်ရေးလုပ်ငန်းစဉ်များ ဖြစ်သင့်ဖြစ်ထိုက်သော လမ်းကြောင်းပေါ် ခိုင်ခိုင်မာမာ လျှောက်လှမ်းနေသည်ကိုမူ ငြင်းပယ်နိုင်ခြင်းမရှိသည်မှာ ထင်ရှားပါသည်။ မွန်ဂိုလီးယားနိုင်ငံ၏အတွေ့အကြုံများမှ မြန်မာနိုင်ငံအတွက် အတုယူဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို အတုယူဆောင်ရွက်ပါရန် အကြံပြုတိုက်တွန်းအပ်ပါသည်။ ။




## နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**လားရှိုး ဇွန် ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတွင် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးကျော်နိုင်မြင့်နှင့် ဝန်ထမ်းများသည် ဇွန် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် အသက် ၁၀ နှစ်ပြည့်ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခဲ့ပြီး ဆောင်ရွက်ရန်ကျန်ရှိသူများကိုလည်း အခါအားလျော်စွာ ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဒုတိယပြည်နယ်ဦးစီးမှူးက ပြောကြားသည်။

အလားတူ ယင်းနေ့က လားရှိုးမြို့အထက (၅)တွင် ကျောင်းသား ကျောင်းသူ ၇၅ ဦး၊ အထက(၆)တွင် ၈၇ ဦးနှင့် အထက(၈)တွင် ၇၉ ဦးတို့ကိုလည်း နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေး ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

**ဇော်လွင်(လားရှိုး)**

## အရိုးပွရောဂါအကြောင်း ပညာပေးဆွေးနွေး

**ရန်ကုန် ဇွန် ၁၈**

မြန်မာနိုင်ငံ ဟော်မုန်းရောဂါများအထူးအဖွဲ့နှင့် အရိုးရောဂါအထူးကုအဖွဲ့တို့ပူးပေါင်းပြီး အရိုးပွရောဂါနှင့်ပတ်သက်၍ နောက်ဆုံးပေါ် ကုထုံးများအကြောင်း ပညာပေးဆွေးနွေးပွဲကို ဇွန်လဒုတိယပတ်က နိုဗိုတယ်ဟိုတယ်၌ကျင်းပရာ တာဝန်ရှိသူတို့က အရိုးပွရောဂါဆိုင်ရာ နောက်ဆုံးပေါ်ရောဂါ ရှာဖွေခြင်းနည်းလမ်းများနှင့် ကုထုံးများအကြောင်းကို တစ်ကမ္ဘာလုံးမှ သုတေသနပြုချက်၏ တွေ့ရှိချက်များအပေါ် မှီငြမ်း၍တင်ပြဆွေးနွေးပြီး အရိုးပွရောဂါကြောင့်ဖြစ်ပေါ်လာသော အရိုးကျိုးခြင်းများကို ကာကွယ်ရေးအတွက် Zoledronic Acid ဆိုးဆေးနှင့်ပတ်သက်၍ လည်းကောင်း၊ ဂျာမနီနိုင်ငံမှ Dr.Fernando Guzman က Zoledronic ဆေး၏ အာနိသင်များနှင့် အသုံးပြုသည့် နည်းလမ်းများကိုလည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တင်စိုး (မြန်မာ့အလင်း)**

**ထင်သာမြင်သာပြုပြင်စရာ**

## ရွှေနားပန်စေတီတော် အဝင်လမ်းထိပ်ရှိ ရေမြောင်းအဖုံး သံပန်းပျက်စီးနေ၍ ပြုပြင်ပေးစေလို

**ရန်ကုန် ဇွန် ၁၈**

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းမကြီး Orange Super market ညာဘက်ဘေးလမ်းသွယ် ရွှေနားပန်စေတီတော်သို့ အဝင်လမ်းထိပ်တွင် ရေနုတ်မြောင်းပေါက်ပတ်လည်နှင့် ရေမြောင်းအဖုံး သံပန်းတို့မှာပျက်စီးပြီး တွင်းပေါက်ကြီးဖြစ်နေသည်မှာ နှစ်ပတ်လည်ကျော်လွန်ခဲ့ပြီး လာရောက်ပြုပြင်ပေးခြင်းမရှိခဲ့ပါ။

အဆိုပါ တွင်းအပေါက်ကြီးကို အမြင်မတော်သူများက လမ်းသွားလမ်းလာကားများ အန္တရာယ်မဖြစ်စေရန် ဝါးလုံးတိုင်ထောင်ပြီး ဝါးလုံးထိပ်ဘက်တွင်အိတ်စွပ်ကာ အမှတ်အသားထားသော်လည်း မိုးသည်းထန်၍ ရေကြီးရေလျှံချိန်တွင် အဆိုပါအမှတ်အသားမှာ ရေစီးထဲမျောပါ၍ ရေများပြည့်လျှံလျက်ရှိရာ တွင်းအပေါက်မှန်းမသိသော ကားများက အပေါက်တွင်ကျပြီး အန္တရာယ်အကြိမ်ကြိမ် ဖြစ်ပေါ်လျက်ရှိကြောင်း တွေ့ရသည်။ **(ယာပုံ)** ထိုသို့ ယာဉ်အန္တရာယ်မဖြစ်ပေါ်စေရေး အဆိုပါ မြောင်းဖုံးအပေါက်ကို ပြုပြင်ပေးစေလိုကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ရဲမင်းထွန်း (ပြန်/ဆက်)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၁၈-၆-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေစျေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၀၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၈၅၀၀ |

စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၉၀ / ၅၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၃၀ / ၅၅၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၆.၀ |
| ဥရောပ | တစ်ယူရို | ၁၃၃၄.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၀.၀၈ |
| ထိုင်း | တစ်ဘတ် | ၃၃.၆၂၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၆၂၂ |
| တရုတ် | တစ်ယွမ် | ၁၇၉.၉၂ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၉.၄၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ရန်ကုန်မြစ်ကမ်းပါးထိန်းသိမ်းရေးနှင့် မြို့ပြဘက်စုံဖွံ့ဖြိုးရန် ပြင်သစ်နိုင်ငံမှ အကူအညီပေးရေးဆွေးနွေး

**ရန်ကုန် ဇွန် ၁၈**

ပြင်သစ်စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရေးကိစ္စများနှင့်စပ်လျဉ်း၍ ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မစ္စတာ ဂျီးမာ့ခ်အီရောင်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့သည် ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး သံတမန်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် ရန်ကုန်မြို့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စည်ပင်သာယာနယ်နိမိတ် ပြင်ပမြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ရန်ကုန်မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် ရန်ကုန် မြစ်ကြောင်းတစ်လျှောက်မြစ်ကမ်းပါးထိန်းသိမ်းခြင်းကိစ္စရပ်များတွင် ပြင်သစ်နိုင်ငံမှ အကူအညီပေးရေးတို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်အတူ ရန်ကုန်မြို့တော်ဝန်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မစ္စတာ ဂျီးမာ့ခ်အီရောင်နှင့်အတူ ပြင်သစ်စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဧည့်သည်တော် ပြင်သစ်နိုင်ငံခြားရေးနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးနှင့် ဇနီးတို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပြည်လမ်းရှိ ပြင်သစ်ယဉ်ကျေးမှုဌာနသို့ သွားရောက်၍ စာကြည့်တိုက်နှင့် စာသင်ခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

**(သတင်းစဉ်)**





# ၇၁

ထမင်းကျွေးမယ်
ဟင်းပေးမယ်
ဆာလောင်သူများ
ဝစေ့မယ် . . .

အမိုးမိုးမယ်
ကာပေးမယ်
မိုးလုံလေလုံ
ရှိစေ့မယ် . . .

မျက်ရည်သုတ်မယ်
နှစ်သိမ့်မယ်
ငိုနေသူတို့
ပျော်စေ့မယ် . . .

ငြိမ်းချမ်းစေမယ်
စစ်ရပ်မယ်
ညီအစ်ကိုချင်း
ချစ်စေ့မယ် . . .

စာတတ်စေမယ်
ကျောင်းဖွင့်မယ်
ကလေးမှန်သမျှ
တော်စေ့မယ် . . .

တရားစေမယ်
မှန်စေမယ်
ဥပဒေအတိုင်း
ဖြစ်စေ့မယ် . . .

စေတနာကို
ပညာဉာဏ်လောင်း
ခေါင်းဆောင်ကောင်းတွက်
ဆုတောင်းပျော်မွေ့
ချစ်သရွေ့လျှင်
မွေးနေ့လက်ဆောင်
ပို့ပါတယ် . . .
(မစုမွေးနေ့လက်ဆောင်)

**ကိုလေး(အင်းဝဂုဏ်ရည်)**

# ယွန်းပညာကောလိပ် (ပုဂံ)၌ မြန်မာ့ယွန်းအနုလက်ရာ ပြပွဲပြိုင်ပွဲကျင်းပ

**ညောင်ဦး ဇွန် ၁၈**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် မြန်မာ့ယွန်းအနုလက်ရာ ပြပွဲနှင့် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ယွန်းပညာကောလိပ်(ပုဂံ)၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြန်မာ့ယွန်းထည်အသင်းဥက္ကဋ္ဌနှင့် ယွန်းပညာကောလိပ်(ပုဂံ)ကျောင်းအုပ်ကြီးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ခဲ့သည်။ ထို့နောက် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြသန်းက အမှာစကားပြောကြားရာ မြန်မာ့ယွန်းထည်အသင်း၊ ပုဂံဒေသရှိ ယွန်းလုပ်ငန်းရှင်များ၊ ယွန်းပညာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှု၊ ကူညီအားပေးမှုတို့ကြောင့် ယခုကဲ့သို့ ပြပွဲပြိုင်ပွဲ ကျင်းပနိုင်ခြင်းဖြစ်ကြောင်း၊ ပုဂံဒေသသည် အဓိကယွန်းထည်ထုတ်လုပ်ရာဒေသဖြစ်ပြီး ယွန်းပညာကောလိပ်ဆိုသည်မှာလည်း မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ယွန်းအတတ်ပညာများ သင်ကြားပေးနေသော ကျောင်းကြီးဖြစ်သောကြောင့် ယွန်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေးမြင့် ယွန်းထည်ပစ္စည်းများ ထုတ်လုပ်ရေးအတွက် ယွန်းလုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် ယွန်းပညာကောလိပ်တို့သည် အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ယွန်းပညာကောလိပ် ကျောင်းအုပ်ကြီးက ယွန်းထည်များ ယှဉ်ပြိုင်ရာတွင် ဘာသာရပ် ငါးမျိုးဖြစ်သည့် အနက်ထည်ယွန်း၊ အညစ်ယွန်း၊ ရွှေဇဝါယွန်း၊ သားရိုးပန်းကြွယွန်း၊ ခေတ်ဆန်းယွန်းစသည့် ယွန်းထည်အမျိုးအစားများနှင့် ပတ်သက်၍ အတွေ့အကြုံရှိ ယွန်းပညာရှင်အကဲဖြတ်အဖွဲ့၏ အမှတ်ပေးစည်းမျဉ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် တက်ရောက်လာကြသည့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များသည် မြန်မာ့ယွန်းအနုလက်ရာ ပြပွဲပြိုင်ပွဲ၌ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးခဲ့သည်။

ယင်းယွန်းအနုပညာပြပွဲပြိုင်ပွဲကို ဇွန် ၁၈ ရက်မှ ၁၉ ရက်အထိ နှစ်ရက်ကြာ ကျင်းပမည်ဖြစ်ပြီး ဇွန် ၁၉ ရက်တွင် ဆုပေးပွဲ အခမ်းအနားကျင်းပ၍ ဘာသာရပ်တစ်ခုချင်းစီအလိုက် ဆုရရှိ သူများအား ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ လာရောက် ကြည့်ရှုသူများမှ ကြိုက်နှစ်သက်သော လက်မှုပစ္စည်းအား မဲစနစ် ဖြင့်ပေးသည့်အထူးဆုတစ်ဆုကိုလည်း ချီးမြှင့်ပေးသွားမည်ဖြစ် ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**



မြန်မာ့ယွန်းအနုလက်ရာ ပြပွဲနှင့် ပြိုင်ပွဲတွင် ခင်းကျင်းပြသထားမှုမြင်ကွင်းအား တွေ့ရစဉ်

# မြန်မာသတင်းမီဒီယာအဖွဲ့ ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနား၊ ဂျာမနီ၊ ထိုင်းနိုင်ငံများသို့ လေ့လာရေးခရီးထွက်ခွာ

**ရန်ကုန် ဇွန် ၁၈**

မြန်မာသတင်းမီဒီယာအဖွဲ့သည် သတင်းမီဒီယာကောင်စီလုပ်ငန်းစဉ်များ ဆွေးနွေးရန်နှင့် မီဒီယာလုပ်ငန်းများ လေ့လာရန်အတွက် ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနား၊ ဂျာမနီ၊ ထိုင်းနိုင်ငံများသို့ ဇွန် ၁၈ ရက်က ထွက်ခွာသွားကြောင်း သိရသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်တင်၊ အတွင်းရေးမှူး(၂) ဦးကျော်စွာမင်း၊ အဖွဲ့ဝင် ဦးမြင့်ကျော်၊ ဦးသောင်းထွန်း (အယ်ဒီတာ ဒီလိုင်းဂျာနယ်) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ဦးခင်မောင်ဌေး (MRTV-4) ဥက္ကဋ္ဌ မြန်မာနိုင်ငံ ရုပ်သံထုတ်လွှင့်သူများအသင်း၊ ဒေါ်မိုးသူဇာအောင် ညွှန်ကြားရေးမှူး (MRTV)နှင့် Ms.Isabella Kurkowski မြန်မာနိုင်ငံ ဌာနေ ကိုယ်စားလှယ် (DW Akademie Myanmar) တို့သည် ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနား၊ ဂျာမနီ၊ ထိုင်းနိုင်ငံများရှိ သတင်းမီဒီယာကောင်စီ၊ သတင်းမီဒီယာများနှင့် တွေ့ဆုံမည်ဖြစ်ပြီး သတင်းမီဒီယာကောင်စီ၏လုပ်ငန်းစဉ်များ၊ ရုပ်သံထုတ်လွှင့်ခြင်းဆိုင်ရာများ၊ မီဒီယာလုပ်ငန်းများအား လေ့လာဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ခရီးစဉ်အား ဂျာမနီနိုင်ငံ DW Akademie က ကူညီပံ့ပိုးပေးခဲ့ကြောင်းသိရသည်။

**အောင်သူရ**

# လသာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် ဇွန် ၁၈**

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် စည်းရုံးရေးကော်မတီ နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက လသာမြို့နယ် စဉ့်အိုးတန်းလမ်းရှိ အဖွဲ့တည်နေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကျင်မှိန်(ငြိမ်း)က သဘာပတိအဖြစ် ဆောင်ရွက်ပြီး တိုင်းဒေသကြီး စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့(စည်ပင်အတွင်း)ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ကျော်စိုး(ငြိမ်း)က အမှာစကားပြောကြားသည်။

ယင်းနောက် ကော်မတီအဖွဲ့ဝင်များ၏ သားသမီး ကျောင်းသား ကျောင်းသူကိုးဦးကို ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ပြီး သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် အရန်အဖွဲ့ဝင် ၁၂၆ ဦးတို့အား ငွေကျပ် ၂၈ သိန်းကျော် ထောက်ပံ့ပေးအပ်ကာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ငွေကျပ်တစ်သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ပြည်သူ့ကိုယ်စားလှယ်များ နိုင်ငံအကျိုးသယ်ပိုးရာတွင် မိမိတို့အခက်အခဲများထက် ပြည်သူများ၏ ဒုက္ခဝေဒနာကိုရှေးရှု၍ ကုစားပေး

**နေပြည်တော် ဇွန် ၁၈**

ပြည်သူလူထုမှ တာဝန်ပေးထားသည့် ကိုယ်စားလှယ်များဖြစ်သည့်အတွက် လွှတ်တော်အစည်းအဝေးများ ရပ်နားချိန်တွင် မဲဆန္ဒရှင်ပြည်သူများထံ သွားရောက်၍ လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းရမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြောကြားသည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ယနေ့ နံနက် ၉ နာရီတွင် ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ တွေ့ဆုံစဉ် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူလူထု၏ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံများ၌ လွှတ်တော်အခြေခိုင်မှ အုပ်ချုပ်ရေးခိုင်မာမည် ဖြစ်ပါကြောင်း၊ မိမိတို့သည် လွှတ်တော်နှင့် ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာမြင့်မားရန်နှင့် ဂုဏ်ရောင်ထွန်းပြောင်ရန် ကြိုးစားရာတွင် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက် ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် မေးခွန်းများမေးမြန်းရာတွင် ကျိုးကြောင်းခိုင်လုံမှု ရှိ၊ မရှိ၊ မေးခွန်း၏ အင်္ဂါရပ်နှင့် ညီညွတ်မှု ရှိ၊ မရှိ စဉ်းစားသုံးသပ် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

အဆိုတင်သွင်းရာတွင်လည်း အချိန်အခါနှင့် ကိုက်ညီမှု ရှိ၊ မရှိနှင့် အဆို၏ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ တင်သွင်းသင့်ပါကြောင်း၊ ဥပဒေကြမ်းများ တင်သွင်းရာတွင် အနာဂတ်ကိုရှေးရှု၍ နိုင်ငံတော်နှင့် ပြည်သူများ အကျိုးရှိနိုင်မည့် ဥပဒေကြမ်းများဖြစ်ရန်လိုအပ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ဇယားနှင့်အညီ တင်သွင်းဆောင်ရွက်သင့်ကြောင်း၊ ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့အကျိုးနှင့် နိုင်ငံအကျိုး သယ်ပိုးဆောင်ရွက်သည့်အခါတွင် မိမိတို့တွေ့ကြုံရသည့် အခက်အခဲများထက် ပြည်သူများ၏ ဒုက္ခဝေဒနာကိုရှေးရှု၍ ကုစားပေးရန်လိုပါကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်၏ အခြေခံအုတ်မြစ်ခိုင်မာရေးအတွက် ဆောင်ရွက်သည့် ယခုလိုအခွင့်သာသည့်အချိန်တွင် တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးစီးပွားကို ကျေပွန်စွာဆောင်ရွက်ကြရန်လည်း လိုအပ်ပါကြောင်း။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်

ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နိုင်ရန် တရားဥပဒေစိုးမိုးမှု ရှိရမည် ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိမှ လူ့အခွင့်အရေးကို အပြည့်အဝခံစားရမည် ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် တောင်ပေါ်မြေပြန့်မခွဲခြားဘဲ ဒီမိုကရေစီ၏ အသီးအပွင့်များနှင့် ပန်းရနံ့များ သင်းပျံ့စေရန်အတွက် အားလုံးက တက်ညီလက်ညီ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းကြစေလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့ဗဟိုပြုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ပြည်သူ့ဝန်ကိုထမ်းမည့်၊ ပြည်သူများ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့်စိတ်ဓာတ်မျိုးထားရန် လေ့ကျင့်ပေးမည်

ပြင်ဦးလွင် ဇွန် ၁၈

**ယနေ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် UNDP,JICA,World Bank, Hanns Seidel Foundation, EU (GOPA) စသည်တို့နှင့်ပူးပေါင်း၍ ပြည်သူ့ဝန်ထမ်းများစွမ်းဆောင်ရည်(Capacity) မြင့်တက်လာစေရန် ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက ပြောကြားသည်။**

ပြင်ဦးလွင်မြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၆၆) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက အမှာစကား ပြောကြားစဉ် ထိုသို့ ဆွေးနွေးပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ဝန်ထမ်းများရွေးချယ်ခြင်း၊ အရည်အသွေးမြှင့်လေ့ကျင့်ခြင်း စသည့် ဝန်ထမ်းစွမ်းရည်မြှင့်တင်ပေးသည့်အပိုင်းတွင် အရေးပါသည့် အခန်းကဏ္ဍမှ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားများ ကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် ပြည်ထောင်စု ရာထူးဝန်အဖွဲ့အနေဖြင့် ရက် ၁၀၀ အတွင်း ပြင်ပလက္ခဏာ ပြောင်းလဲခြင်းနှင့် အနှစ်သာရပြောင်းလဲခြင်းဟူ၍ အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြင်ပလက္ခဏာ ပြောင်းလဲခြင်းအတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)အား ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ဟု ပြောင်းလဲခေါ်ဝေါ်သတ်မှတ်ပြီးဖြစ်ကြောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် တပ်ဆင်အသုံးပြုလျက်ရှိသော တက္ကသိုလ်တံဆိပ်၊ လက်မောင်းတံဆိပ်နှင့် ဆောင်ပုဒ်များကိုလည်း အသစ်ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ အနှစ်သာရပြောင်းလဲခြင်းအတွက် ပြည်သူ့ဝန်ထမ်းများ၏ အရင်းခံစိတ်ထား (Mind Set) တွင် ပြည်သူ့ဝန်ကိုထမ်းမည့်သူ၊ ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်း ဝန်ဆောင်ပေးမည့်သူ၊ ပြည်သူ့အတွက် အပြည့်အဝဆောင်ရွက်ပေးမည်ဆိုသည့် စိတ်ဓာတ်မျိုးထားရှိရန် လေ့ကျင့်ပျိုးထောင်ပေးသွားမည်ဖြစ်ကြောင်း။

ပြန်တမ်းဝင်အရာရှိများ ရွေးချယ်ရာတွင် လက်ရှိအသုံးပြုလျက်ရှိသော ဘာသာရပ်မေးခွန်းပုံစံများကို ပြောင်းလဲခြင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်နှစ်ခုတွင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy) များကိုဖွင့်လှစ်ပြီး ဘွဲ့လွန်ဒီပလိုမာ၊ အဆင့်မြင့်ဒီပလိုမာ၊ မဟာဘွဲ့များအပ်နှင်းချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ ရပိုင်ခွင့်များဖြစ်သော လုပ်သက်ခွင့်၊ ကလေး ပြုစုစောင့်ရှောက်ခွင့်နှင့် လုပ်သက် နှစ် ၃၀ ပြည့် ပင်စင်ခံစားခွင့်များနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် သင်ယူသူတို့၏ဘဝအတွက် အခြေခံကောင်းပေးသည့် ပညာရေးဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးရမည်ဖြစ်သောကြောင့် စဉ်းစားတွေးခေါ်မှုကိုအားပေးပြီး ၂၁ ရာစုအဆင့် ကျွမ်းကျင်မှုများရရှိပြီး တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်သည့် အသိဉာဏ်ရှိပြီး ဇလငါးတန်နှင့်ပြည့်စုံသော နိုင်ငံ့သားကောင်းများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပြုစုပေးကြရမည်ဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူများအပေါ် စေတနာ၊ ဝါသနာ၊ အနစ်နာခံပြီး သင်ကြားပေးမည်ဟု ယုံကြည်ချက်အပြည့်အဝရှိသည့် ဆရာ ဆရာမများ၊ ကျောင်းအုပ်များနှင့် တာဝန်ရှိသူများအားလုံးက လက်တွဲညီညီပူးပေါင်းပြီး ကျောင်းသား ကျောင်းသူအားလုံးကို ကျောင်းစာသင်ခန်းအတွင်းမှာပင် သင်ယူမှုတတ်မြောက်အောင် သင်ကြားပေးကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက သင်တန်းသားစံပြဆုရရှိသူနှင့် စာပေထူးချွန်ဆုရရှိသူတို့အား ဆုများချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသား သင်တန်းသူ ကိုယ်စားလှယ်များအား ပေးအပ်သည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဝင်းမော်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာနမှညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး အဆိုပါသင်တန်းသို့ အခြေခံပညာ ဆရာ ဆရာမ၊ သင်တန်းသား သင်တန်းသူ ၁၄၈၇ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

# စမ်းချောင်း အောင်ချမ်းသာရေမြောင်းကြီး ခိုင်ခံ့စွာပြန်လည်ပြုပြင်

**ရန်ကုန် ဇွန် ၁၈**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော အောင်ချမ်းသာရေမြောင်းကြီးမှာ ယခုနှစ်အတွင်း မိုးကြီးမှုအပြင် ပြန်လည်တည်ဆောက်စဉ်က အားနည်းချက်များ ရှိခဲ့မှုကြောင့် စမ်းချောင်း(တောင်ပိုင်း) ရပ်ကွက် မင်းလမ်းဘက်အခြမ်း၌ မေ ၂၂ ရက်က ပထမအကြိမ် ပေ ၂၀၀ ခန့်နှင့် မေ ၂၃ ရက်က ဒုတိယအကြိမ် ပေ ၁၅၀ ခန့် ပြိုဆင်းမှုတို့ ဖြစ်ခဲ့သည်။

ရေမြောင်းပေါင်များ နှစ်ရက်ဆက် ပြိုဆင်းမှုကြောင့် မြောင်းနှင့် ကပ်လျက်မင်းလမ်းဘက်အခြမ်းရှိ အထပ်မြင့်တိုက်နေသူတို့ စိုးရိမ်ပူပန်မှုများ ရှိခဲ့ကြသည်။ ပြိုဆင်းသွားသောမြောင်းပေါင်များကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတို့က ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး ပြုပြင်မှုများကို အမြန်ဆုံး ဆောင်ရွက်ပေးခဲ့သည်။



ထို့အတူ စမ်းချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုဦးနှင့် စမ်းချောင်းမြို့နယ် အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသော်ဒါအောင်တို့ကလည်း စဉ်ဆက်မပြတ် ကြီးကြပ်ခဲ့သည်။

ဇွန် ၁၈ ရက် နံနက် ၉ နာရီက မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့်အဖွဲ့သည် မြောင်းကြီးပြုပြင်ရာသို့ သွားရောက်ကြည့်ရှုခဲ့ရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်း/တံတား) ဌာနမှူး ဦးတင်မောင်ကြည်၊ ဒုတိယဌာနမှူး ဦးလင်းခိုင်တို့က ပြန်လည်တည်ဆောက်ပေးနေမှုအပိုင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဒုတိယဌာနမှူး ဦးလင်းခိုင်က “မြောင်းပြိုပြီးတဲ့နောက် လုပ်ငန်းအနေနဲ့ ထပ်မံမပြိုဆင်းဖို့အတွက် ပထမ တုတ်ခတ်ခဲ့ပါတယ်။ ပြီးမှ အောက်ခြေအတွက် နှစ်ပေ-ဘိုးတိုင်တွေကို အောက် ၂၅ ပေအထိ ပိုင်ရိုက်သွင်းခဲ့ပါတယ်။ နောက်ပိုင်း ကတ်တွေခံပြီး အာစီကွန်ကရစ်လောင်းခဲ့ပါတယ်။ ကော်လံတိုင်ခုနှစ်ပေကြားစီမှာ သံတိုင်တွေနဲ့စိုက်ပြီး ပြန်ထိန်းထားပါတယ်။ အောက်ခြေကိုလည်း ၁၈ လက်မလောင်းပြီး အပေါ်ယံမျက်နှာကို အနည်းဆုံး ၁၄ လက်မထု အာစီလောင်းထားပါတယ်။ ဒါ့အပြင် ရေဆင်းမြောင်းတွေနဲ့ နံရံကရေထွက်ပေါက်လေးတွေကိုလည်း တစ်ပါတည်း ထည့်သွင်းတည်ဆောက်ထားတာပါ” ဟု ရှင်းပြသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုဦးနှင့်အတူ ပါလာသည့် ပြင်ပပညာရှင် အငြိမ်းစားအင်ဂျင်နီယာကြီးကလည်း “စည်ပင်အနေနဲ့ ဒီမြောင်းအတွက် ဒီဇိုင်းကို ပြင်ပပညာရှင်ထံက ယူထားတာပါ။ ဒေါက်တာ ဒေါ်တိုးတိုးဝင်းဆီက လို့သိရပါတယ်။ ရထားတဲ့ဒီဇိုင်းပုံစံအတိုင်း အပြည့်အဝဆောင်ရွက်သွားမယ်ဆို အလွန်ကောင်းပါတယ်။ ခိုင်ခံ့မှုအပြည့်အဝရှိမှာပါ” ဟုပြောခဲ့သည်။

ရေမြောင်းကြီးနှင့်ကပ်လျက် စမ်းချောင်းတောင်ပိုင်းရပ်ကွက် မင်းလမ်းတိုက်အမှတ် (၅၄) မြေညီထပ်တွင် နေထိုင်သူ ဦးအောင်ကိုကိုက “အခုမြင်တွေ့ရတဲ့အတိုင်းဆို အများကြီးကောင်းသွားမယ်လို့ ထင်ပါတယ်။ ဘိုးတိုင်တွေ အတော်များများချထားတာကို တွေ့ရတယ်။ ဒီအတိုင်းဆို စိုးရိမ်မှုတွေတော့ လျော့ပါးသွားခဲ့ပါပြီ” ဟု ဆိုသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က “အခုတော့ ဒီမြောင်းကြီးကိစ္စနဲ့ ပတ်သက်ပြီး ပြည်သူတွေဆီက စာတွေ၊ သတင်းတွေ ထပ်မလာတော့ပါဘူး။ အခုလိုတည်ဆောက်မှုနဲ့ဆို ရေရှည်မှာလည်း ကောင်းသွားနိုင်တဲ့အနေအထား မြင်တွေ့နေကြပါပြီ” ဟု ဆိုသည်။ ရေမြောင်းကြီး ပြန်လည်ပြုပြင်မှုများ မကြာမီ ပြီးစီးတော့မည်ဖြစ်ပြီး မြောင်းပေါင်များပေါ်၌ လုံခြုံရေးအရန်အတား အုတ်မြစ်စီသံတန်းများကိုပါ တပ်ဆင်နေကြသည်ကို တွေ့ရသည်။

**သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ဓာတ်ပုံ-ကိုကြီးတင်**

# ကာကွယ်ခြင်းဖြင့် ကုသဖို့မလိုဘဲ ကြံ့ခိုင်ကျန်းမာသည့်နိုင်ငံသားများ မွေးထုတ်ပေးရန်လိုအပ်

မြန်မာနိုင်ငံ၌ ၂၀၁၃ ခုနှစ်တွင် နိုင်ငံအဝန်းပြုလုပ်ခဲ့သည့် ငါးနှစ်အောက်ကလေးများ သေဆုံးမှုအကြောင်းရင်း လေ့လာမှုအရ အသက်ရှူလမ်းကြောင်းရောဂါပိုးဝင်ခြင်းနှင့် ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် သေဆုံးမှုသည် ၁၂ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရသည်ဟု တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း ဌာနစီမံချက်မန်နေဂျာ ဒေါက်တာ ဒေါ်ထားထားလင်းက ဇွန် ၁၇ ရက် နံနက်ပိုင်းက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကာကွယ်ဆေးအသစ် တစ်မျိုးဖြစ်သည့် ပြင်းထန် အဆုတ်ရောင်ရောဂါပိုး ကာကွယ်ဆေး (PCV) ကို ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ထည့်သွင်းထိုးနှံပေးသွားနိုင်ရန်အတွက် ဗဟိုအဆင့် အသိပေးဆွေးနွေးပွဲတွင် ရှင်းလင်းပြောကြားခဲ့သည်။


ပါမောက္ခ ဒေါက်တာစောဝင်း


ဒေါက်တာ ဒေါ်ထားထားလင်း

ပြင်းထန်အဆုတ်ရောင်ရောဂါသည် ကလေးများတွင် သာမက အသက် ၆၅ နှစ်အထက် လူကြီးများ၊ ဆေးလိပ်နှင့်အရက် အလွန်အကျွံသောက်သုံးသူများတွင်လည်း ရောဂါကူးစက်နိုင်သော အန္တရာယ်ရှိကြောင်း၊ နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ ဆီးချိုရောဂါ၊ ကျောက်ကပ်ရောဂါစသော နာတာရှည်ဝေဒနာသည်များနှင့် ခုခံအားစနစ် ကျဆင်းစေသော အိတ်ချ်အိုင်ဗွီ ကူးစက်ဝင်ရောက်နေသည့် လူနာများတွင်လည်း ရောဂါကူးစက်နိုင်ခြေမြင့်မားကြောင်း၊ တုပ်ကွေးရောဂါပိုး ကူးစက်ပြီးသော လူနာများတွင်လည်း ပြင်းထန်အဆုတ်ရောင် ရောဂါပိုးကြောင့်ဖြစ်သော ပြင်းထန်အဆုတ်ရောင်ရောဂါဖြစ်ရန် အန္တရာယ်ရှိကြောင်း ဒေါက်တာ ဒေါ်ထားထားလင်းက အဆိုပါဆွေးနွေးပွဲတွင် ရှင်းလင်းပြောကြားခဲ့သည်။

ကာကွယ်ဆေးအသစ်တစ်မျိုးဖြစ်သည့် ပြင်းထန်အဆုတ်ရောင်ရောဂါပိုး ကာကွယ်ဆေး(PCV)ကို ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ထည့်သွင်းထိုးနှံပေးသွားနိုင်ရန်အတွက် ဗဟိုအဆင့် အသိပေးဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့ခြင်းဖြစ်ပြီး ကာကွယ်ဆေးထိုးလုပ်ငန်းများ လုပ်ဆောင်ရာတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လွှမ်းခြုံမှုရရှိစေရန် ဝန်ကြီးဌာနအဆင့် ဆောင်ရွက်ထားရှိမှု အခြေအနေများအပေါ် ပြည်ထောင်စုဝန်ကြီးမှစ၍ အဆင့်ဆင့်သော တာဝန်ရှိသူများက ဆွေးနွေးပွဲ၌ ကျယ်ကျယ်ပြန့်ပြန့်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ပြင်းထန်အဆုတ်ရောင်ရောဂါပိုး (Pneumococcal Diseases) ကြောင့် ပြင်းထန်အဆုတ်ရောင်ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါနှင့် သွေးတွင် ဗက်တီးရီးယားအဆိပ်တက်ခြင်း စသည့် ပြင်းထန်ရောဂါများ ဖြစ်ပွားတတ်သကဲ့သို့ မပြင်းထန်သော်လည်း ဖြစ်ပွားတတ်သည့် ရောဂါများဖြစ်သော နားအလယ်ခန်းရောင်ခြင်း၊ နှာခေါင်းလေအိတ်ရောင်ခြင်း၊ လေပြွန်ရောင်ခြင်း စသည့် ရောဂါများလည်း ဖြစ်ပွားတတ်သည်ဟု သိရသည်။

လွန်ခဲ့သည့် ၁၆ နှစ်ကာလ ၂၀၀၀ ပြည့်နှစ်တွင် အသက်ရှူလမ်းကြောင်း ရောဂါပိုးဝင်ခြင်းကြောင့် ပြင်းထန်အဆုတ်ရောင်ရောဂါဖြင့် သေဆုံးမှုနှင့် ငါးနှစ်အောက်ကလေးများ စုစုပေါင်း သေဆုံးမှုဆက်စပ်မှုများအပေါ် လေ့လာချက်များအရ တစ်ကမ္ဘာလုံးတွင် ပြင်းထန်အဆုတ်ရောင်ရောဂါဖြင့် ငါးနှစ်အောက်ကလေးများ သေဆုံးမှုသည် ၁ ဒသမ ၉ သန်း ရှိနိုင်ကြောင်း ခန့်မှန်းခဲ့သည်ဟု သိရသည်။ အလားတူ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၀၉ ခုနှစ် ခန့်မှန်းချက်များအရ မြန်မာနိုင်ငံ၌ အသက်ငါးနှစ်အောက်ကလေးဦးရေ တစ်သိန်းတွင် ၁၀၀ မှ ၃၀၀ အထိ ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် သေဆုံးသည်ဟု ခန့်မှန်းခဲ့ကြောင်းလည်း သိရသည်။

အဆိုပါရောဂါပိုးကြောင့် ပြင်းထန်အဆုတ်ရောင်ရောဂါနှင့် ဦးနှောက်အမြှေးရောင်ရောဂါများကို သာမန်ပဋိဇီဝဆေးများဖြင့် ကုသနိုင်သော်လည်း နိုင်ငံအများအပြားတွင် ပြင်းထန်အဆုတ်ရောင်ရောဂါပိုးများသည် သုံးရိုးသုံးစဉ် ပဋိဇီဝဆေးများကို ယဉ်ပါးနေကြကြောင်း၊ သို့ဖြစ်၍ အဆိုပါပဋိဇီဝဆေးမတိုးသော ရောဂါများကိုကုသရန် တန်ဖိုးကြီးသော ပဋိဇီဝဆေးများသုံးရန် လိုအပ်မည်ဖြစ်ကြောင်း ကုသရေးပိုင်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ၎င်းကဆက်လက်ပြောကြားသည်။

ကလေးငယ်များတွင် အဆိုပါ ရောဂါဖြစ်ပွားစေသည့် အကြောင်းရင်းများမှာ အသက်ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးမှု မပြုလုပ်ခြင်း၊ အာဟာရချို့တဲ့ခြင်း၊ အိမ်တွင်းလေထုညစ်ညမ်းခြင်း၊ မွေးစအလေးချိန်မပြည့်ခြင်း၊ လူနေထူထပ်ခြင်းနှင့် ပြင်းထန်အဆုတ်ရောင်ရောဂါပိုး ကာကွယ်ဆေး (PCV)၊ ငါးမျိုးစပ်ကာကွယ်ဆေးနှင့် ဝက်သက်ရောဂါကာကွယ်ဆေးများ မထိုးထားခြင်းတို့ပါဝင်ကြောင်း သိရသည်။

ပြင်းထန်သည့် အဆုတ်ရောင်ရောဂါများသည် နှစ်နှစ်အောက်ကလေးများတွင် အန္တရာယ်အရှိဆုံးဖြစ်ပြီး ပဋိဇီဝဆေးကုသမှုအချိန်မီမရရှိပါက သေဆုံးမှုနှုန်းမြင့်မားကြောင်း၊ ကာကွယ်ဆေးထိုးခြင်းသည် ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုကို ထိရောက်စွာ ကာကွယ်နိုင်ကြောင်း၊ အထူးသဖြင့် ဆင်းရဲသောနိုင်ငံများရှိ ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမမီသော၊ စောင့်ရှောက်မှုမရရှိသော လူထုအတွင်း ကာကွယ်မှုပေးနိုင်ကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးလုပ်ငန်းနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ နည်းပညာအကြံပေးကော်မတီဝင်၊ မြန်မာနိုင်ငံ အမျိုးသားအဆင့် ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ နည်းပညာအကြံပေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစောဝင်းကလည်း "အပြင်မှာ ဒီဆေးဝယ်ထိုးရင် တစ်လုံးကို ငွေကျပ် ၃၅၀၀၀ လောက်ကျပါတယ်။ ကျွန်တော်တို့လည်း လောလောဆယ် ပြင်ပမှာ တတ်နိုင်တဲ့သူတွေကို ထိုးပေးနေတာပါ။ ဒါပေမယ့် ဒီလိုအများနဲ့ထိုးဖို့အတွက်ကျတော့ ကျွန်တော်တို့က Gavi လို့ခေါ်တဲ့ ဘီလ်ဂိတ်ကထောင်ထားတဲ့ ဖောင်ဒေးရှင်းက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ယူနီဆက်တို့နဲ့ပူးပေါင်းပြီး ဆောင်ရွက်ပါတယ်။ သူတို့ဆီကို ကျွန်တော်တို့က လျှောက်ထားရပါတယ်။ ရောဂါဖြစ်ပွားတဲ့နှုန်းဘယ်လောက်ရှိလဲ။ ဒီရောဂါ ဘယ်လောက်အရေးကြီးတယ်။ ဒီလိုလျှောက်လို့ရှိရင် ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း Gavi နဲ့ အကျုံးဝင်သေးတယ်။ နိုင်ငံသားတွေရဲ့ဝင်ငွေသိပ်မများသေးတဲ့ အခါကျတော့ သူတို့က ထောက်ပံ့ပေးပါတယ်။ အဲဒီလို ထောက်ပံ့ပေးတယ်ဆိုတာတောင်မှ ၃ ဒသမ ၈ ဒေါ်လာလောက်ကျမယ်ဆိုရင် ၃ ဒသမ ၆ ဒေါ်လာကို Gavi က ပေးပါတယ်။ ၀ ဒသမ ၂ ဒေါ်လာကိုတော့ ကျွန်တော်တို့အစိုးရက ပေးရပါတယ်။ ဒီလိုလုပ်ခဲ့တဲ့အတွက်ကြောင့်မို့ ကလေးတွေမှာ အကျိုးကျေးဇူးရှိမှာပါ။ သူများနိုင်ငံတွေမှာ သုံးဖြစ်တာနှစ်ပေါင်းတော်တော်ကြာရှိနေပါပြီ။ UK၊ USA တို့ဆို နှစ် ၂၀ လောက်တောင်ရှိပါပြီ။ ဆေးထိုးတဲ့နေရာမှာ နာကျင်တာနဲ့ အနည်းငယ်ဖျားနိုင်တာ ဒါပဲရှိပါတယ်။ နောက်တစ်ခုကလည်း အခုထိုးပေးမယ့်ဆေးကလည်း Gavi ကနေတစ်ဆင့်ဝယ်တဲ့အတွက်ကြောင့်မို့ ကုန်ကျစရိတ်က တော်တော်သက်သာတယ်။ ကျွန်တော်တို့နိုင်ငံက သိပ်မစိုက်ရဘူး။ ဒါပေမယ့် ဒီဆေးဟာ အပြင်မှာ ငွေကျပ် ၃၅၀၀၀ နဲ့ဝယ်နေတဲ့ ဆေးနဲ့အတူတူပဲ။ ဒီတံဆိပ်ပါပဲ။ ဒီကုမ္ပဏီကပါပဲ"ဟု ပြောသည်။

ကာကွယ်ဆေးနှင့် စပ်လျဉ်း၍ ကလေးမိဘများ သိရှိလိုက်နာသင့်သည့် အချက်အလက်များ၊ ဆောင်ရွက်ရန်လိုအပ်သည့် ကိစ္စရပ်များနှင့် ပတ်သက်ပြီး ၎င်းက "အခုက ထိုးဆေးပါ။ နှစ်လ၊ လေးလ၊ ခြောက်လ ထိုးပေးမှာပါ။ ပုံမှန်အားဖြင့် စီမံချက်ထဲမှာ ငါးမျိုးစပ်ကို နှစ်လ၊ လေးလ၊ ခြောက်လမှာ ထိုးနေတယ်။ BCG ကို နှစ်လမှာထိုးပြီး လေးလမှာ ပိုလီယိုကာကွယ်ဆေးထိုးတယ်။ အဲဒီတော့ ကျွန်တော်က အဲဒီဆေးတွေအပြင်အခုတော့ ထိုးဆေးအနေနဲ့ နှစ်လ၊ လေးလ၊ ခြောက်လမှာ သုံးကြိမ် ထိုးပေးမှာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးပဲ။ အမျိုးသားကာကွယ်ဆေးထိုး စီမံချက်က တစ်နိုင်ငံလုံးကို လွှမ်းခြုံတာ။ တစ်နိုင်ငံလုံးမှာရှိတဲ့ ကလေးတွေကို အခမဲ့ထိုးပေးနေတာပါ။ တစ်နိုင်ငံလုံး ရောက်နိုင်တဲ့နေရာပါ။ ဒါပေမယ့် အခုပြီးခဲ့တဲ့ နှစ်ပိုင်းအနည်းငယ်အတွင်းမှာ ကာကွယ်ဆေးထိုးလွှမ်းခြုံမှုကျသွားတာတွေ ရှိပါတယ်။ ဘာကြောင့်လဲဆိုရင် ဥပမာ ဘာသာရေးပဋိပက္ခ၊ လူမှုရေးပဋိပက္ခဖြစ်တဲ့နေရာတွေ၊ စစ်ဘေးအန္တရာယ်ဖြစ်တဲ့နေရာတွေမှာ ကာကွယ်ဆေးထိုးစီမံချက် လုပ်ငန်းတွေကို မလုပ်နိုင်တာတွေရှိပါတယ်။ အဲ့ဒီဘက်တွေမှာ ကျသွားတာရှိပါတယ်။ ထိုးလို့ရနေတဲ့ နေရာတိုင်းမှာ ထိုးပေးမှာပါ။

"ဒီကာကွယ်ဆေးတွေရဖို့ကျွန်တော်တို့ကြိုးစားခဲ့တာ အခုဆို တစ်နှစ်လောက်ပြင်ဆင်ရပါတယ်။ ဒီလို ခက်ခက်ခဲခဲနဲ့ရလာခဲ့တာဖြစ်ပါတယ်။ နောက်တစ်ခုက ထိုးဆေးဖြစ်နေတာပါ။ ဘာဖြစ်မလဲဆိုရင် ကလေးတွေက ပထမဆုံးလာတဲ့ နှစ်လမှာဆိုရင် BCG ထိုးရမယ်။ လက်မောင်းမှာပါ။ တစ်ဖက်ကပေါင်မှာ ငါးမျိုးစပ်ထိုးရမယ်။ နောက်တစ်ဖက်ပေါင်မှာက နျူမိုကောကရက် အခုထိုးတဲ့ ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးထိုးမယ်။ ထိုးဆေးတစ်ခါတည်းနဲ့ သုံးကြိမ် ထိုးပေးရမယ်။ နောက်တစ်ခါလေးလမှာတော့ ညာဘက်ပေါင်မှာBCG ငါးမျိုးစပ်ထိုးမယ်။ ဘယ်ဘက်ပေါင်မှာ ပိုလီယိုကာကွယ်ဆေးနဲ့ အခုထိုးတဲ့ ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးထိုးရမယ်။ ထိုးဆေး သုံးမျိုးထိုးရမှာပါ။ ခြောက်လကြာရင်လည်း ငါးမျိုးစပ်တစ်ဖက်၊ ပြင်းထန်အဆုတ်အအေးမိ နှစ်ဖက်ထိုးရမှာ။

"အဲ့ဒီတော့ လူတွေမှာ စိုးရိမ်စိတ်ရှိလာနိုင်ပါတယ်။ မိဘတွေက ကလေးသေးသေးလေးကို လသားအရွယ်လေးကို ဆေးသုံးမျိုးထိုးရမယ်ဆိုတော့ သဘာဝအားဖြင့် စိုးရိမ်မှာပါ။ ဒါကျွန်တော်တို့တွက်ထားပြီးသားပါ။ ဒါပေမယ့် ဘာအရေးကြီးလဲဆိုရင် တစ်ဦးချင်းအားဖြင့်တော့ ကလေးကနည်းနည်းပိုနာမယ်။ သို့သော်လည်း နောက်တစ်ကြိမ်ထိုးရင်လည်း နာမှာပဲ။ ဒီလိုထိုးခြင်းအားဖြင့် ဆေးရုံ၊ ဆေးခန်းကိုလာရတဲ့ အကြိမ်နည်းသွားတယ်။ တစ်ခါတလေကျတော့လည်း ကာကွယ်ဆေးထိုး လွှမ်းခြုံမှုနည်းသွားတယ်။ ဘာလို့လဲဆိုရင် ရွာတွေကို ဆရာမတွေက သွားထိုးတဲ့အချိန်မှာ ကျန်တဲ့လူတွေက မလာနိုင်ဘူး။ လယ်ကွင်းထဲရောက်နေတာ။ ထိတွေ့မှုပေါ့။ အကြိမ်ကို လျှော့နည်းသွားစေတဲ့ လွှမ်းခြုံမှုက ပိုကောင်းနိုင်တယ်။ ဒီလိုထိုးခြင်းအားဖြင့်လည်း ဘာအန္တရာယ်မှ မရှိဘူးဆိုတာ ကျွန်တော်တို့က သက်သေပြပြီးသားပါ။ သူများနိုင်ငံတွေမှာလည်း ဒီလိုပဲထိုးပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေပါ။ UK ၊ USA တွေမှာလည်း ဒီလိုပဲထိုးပါတယ်။ နောက်ပြီးတော့ ဒီကာကွယ်ဆေးတစ်ခုနဲ့တစ်ခု ထိခိုက်ပြီးတော့ အာနိသင်မရှိဘူးဆိုတာလည်း မဟုတ်ပါဘူး။ ကာကွယ်ဆေးတွေက တစ်ပြိုင်တည်း ထိုးလို့ရပါတယ်။ ဒါကိုတော့ မိဘတွေက နားလည်သဘောပေါက်ဖို့လိုတယ်။ ဆိုလိုတာက ဒါဟာ အန္တရာယ်မဖြစ်ဘဲနဲ့ အကျိုးရှိတဲ့အရာပါ။ တစ်ပြိုင်နက်တည်းနဲ့ အများကြီးအကျိုးရှိသွားမယ့်အရာဆိုတာ မိဘတွေက နားလည်ဖို့လိုပါတယ်"ဟု ဆက်လက်ရှင်းလင်းပြောကြားသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ တက်ညီလက်ညီ ချီတက်ရာတွင် နိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်မှုသာ နိုင်ငံအတွက် ပိုမိုကောင်းမွန်သည့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။ ထို့အတွက် နိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်သန်စွမ်းစေရေးအတွက် ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းစဉ်ကို တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် လွှမ်းခြုံနိုင်စေရန် နိုင်ငံတော်နှင့် ဝန်ကြီးဌာနအပိုင်းမှ စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်နေသကဲ့သို့ ပြည်သူလူထုတစ်ရပ်လုံးမှလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

**မေး／ရေး-အောင်နိုင် (သတင်းစဉ်)**
**ဓာတ်ပုံ - အေးသန်း (သတင်းစဉ်)**



ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ကာကွယ်ဆေးအသစ် ထည့်သွင်းထိုးနှံခြင်း ပြင်းထန်အဆုတ်ရောင်ရောဂါပိုးကာကွယ်ဆေး (PCV) ဗဟိုအဆင့်အသိပေးဆွေးနွေးစဉ်

## ရေကြီးနစ်မြုပ်ခဲ့သည့်ကျေးရွာများ ရဲတပ်ဖွဲ့ဝင်များ သန့်ရှင်းရေးဆောင်ရွက်



**သံတွဲ ဇွန် ၁၈**

သံတွဲခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်စိုး၏ ကွပ်ကဲမှုဖြင့် သံတွဲခရိုင်ရဲတပ်ဖွဲ့၊ အမှတ်(၂၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(သံတွဲ)၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့ (သံတွဲ)တို့မှ တပ်ဖွဲ့ဝင်များသည် ဇွန် ၁၈ ရက် နံနက်က ရေကြီးနစ်မြုပ်ခဲ့သည့် ရွှေလှေကျေးရွာရှိ လင်းအောင်စာကြည့်တိုက်၊ သပြုချိုင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ရွှေလှေရဲစခန်းဝင်းတို့ရှိ အမှိုက်များ၊ ရွှံ့နွံများအား ရှင်းလင်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်／ဆက် )**

## တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့်ကချင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့်ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။
**(မိုး／ဇလ)**

# မျှော်တော်ယောင်

**အောင်မင်းဟန်**

"မျှော်တော်ယောင်... မျှော်တော်ယောင်... မျှော်တော်ယောင်ဘဝကကျွတ်ချင်တယ်"

အဆိုတော် ခင်မောင်ထူးရဲ့ သီချင်းက အရိပ်တကြည့်ကြည့်နဲ့ စောင့်မျှော်နေရတဲ့သူတွေရဲ့ ရင်ထဲက မျှော်လင့်ချက်ကို သိစေတဲ့အပြင် စိုးတထင့်ထင့်နဲ့ မျှော်နေရတာကို ပေါ်လွင်စေပါတယ်။

"လာနေကျလမ်းမှာ နေ့စဉ်စောင့်နေမယ်... သူ့ကိုကွယ်"

အဲဒီသီချင်းထဲက စာသားအတိုင်း မြို့က ဝယ်ယူလာပေးမယ့် နေ့စဉ်ထုတ် သတင်းစာအလှူရှင်တွေရဲ့ ပြန်အလာကို ကိုအေးလွင်နဲ့ စာဖတ်ပရိသတ်တွေ နေ့စဉ်စောင့်မျှော်နေကြရပါတယ်။ အလှူရှင်တွေကိုယ်တိုင် စာကြည့်တိုက်ကို လာရောက်လှူတဲ့အချိန်တွေမှာတော့ ကိုအေးလွင်တစ်ယောက် သူတာဝန်ယူထားတဲ့ ကိုယ်ထူကိုယ်ထ စာကြည့်တိုက်လေးရဲ့ လက်ခံစာအုပ်လေးမှာ စာရင်းသွင်းပြီးတော့ အသံချဲ့စက်ကနေတစ်ဆင့် စာအုပ်စာစောင်အလှူရှင်တွေရဲ့ အမည်တွေကို ကြေညာပါတော့တယ်။

အဲဒီနောက် စာဖတ်ပရိသတ်တွေ စာကြည့်တိုက်ကို လာရောက်ဖတ်ရှုနိုင်ပါပြီလို့ ထပ်မံကြေညာလိုက်တဲ့ အချိန်မှာတော့ စာဖတ်ပရိသတ်တွေက တစ်ယောက်ပြီး တစ်ယောက်နဲ့ သူ့ထက်ငါအရင်ရောက်အောင် လာကြပါတော့တယ်။ သတင်းစာနဲ့ စာအုပ်စာစောင်နည်းပါးတာရယ်၊ စာကြည့်တိုက်က သေးငယ်တာရယ်ကြောင့် အရင်နေရာယူပြီး ဖတ်နိုင်အောင်လာကြတာ ဖြစ်ပါတယ်။

"မမြင်ရရင် မနေတတ်အောင် ရင်ထဲမှာကွယ်၊ စိုးတထင့်ထင့်နဲ့ ... မျှော်နေရတယ်" ဆိုတဲ့ သီချင်းထဲက စာသားကလည်း ကိုယ်ထူကိုယ်ထစာကြည့်တိုက်လေးရဲ့ အခြေအနေကို ပိုမိုပေါ်လွင်ထပ်ဟပ်စေပါတယ်။

အဲဒီမှာရှိတဲ့ စာအုပ်စာစောင်တွေကို ရွာသူရွာသားတွေ၊ အခြေခံပညာ အထက်တန်းကျောင်းခွဲက ကျောင်းသားကျောင်းသူတွေ၊ တိုက်နယ်ဆေးရုံမှာ လာရောက်ကုသမှုခံယူကြတဲ့ ပတ်ဝန်းကျင်ကျေးရွာတွေက ရွာသူရွာသားတွေ လာရောက်ပြီး ဖတ်ရှုကြပါတယ်။ စာပေဖတ်ရှုမှု လျော့နည်းမသွားစေဖို့၊ စာကြည့်တိုက်ကို ရေရှည်တည်တံ့ခိုင်မြဲဖို့ စာကြည့်တိုက်ကော်မတီဖွဲ့စည်းကာ ပိတ်ရက်မရှိ ဖွင့်လှစ်ထားပါတယ်။ လိုအပ်တဲ့ စာအုပ်၊ စာစောင်တွေကိုလည်း ကျေးရွာရန်ပုံငွေမှ ကျခံဝယ်ယူတာရော အလှူခံတာပါ ဆောင်ရွက်ပြီး ရေရှည်တည်တံ့ခိုင်မြဲတဲ့ စာကြည့်တိုက်ကြီးဖြစ်လာစေဖို့ ကူညီထောက်ပံ့ပေးမယ့် အလှူရှင်တွေကို စိုးတထင့်ထင့်နဲ့ ... မျှော်နေရတာပဲဖြစ်ပါတယ်။

"သူမကယ်ရင်... သူမကယ်ရင်၊ မျှော်တော်ယောင်ဘဝက .... ကျွတ်ဖို့လမ်းမမြင်ဘူး"

အဲဒီသီချင်းကို ဆက်ဆိုမိရင်း တိုက်ဆိုင်စွာနဲ့ သတင်းတစ်ပုဒ်ကို ဖတ်ရှုလိုက်ရပါတယ်။ အစိုးရသစ်လက်ထက် ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ရက် ၁၀၀ စီမံကိန်းမှာ ပြည်ထောင်စုဝန်ကြီးက အများပြည်သူနဲ့ တိုက်ရိုက်ဆက်ဆံလို့ရတဲ့၊ ဆက်ဆံမှုရှိနေတဲ့ ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတွေ၊ စာကြည့်တိုက်တွေကနေ အများပြည်သူနဲ့ နှီးနှောဖလှယ်ရာ၊ အများပြည်သူဆုံတွေ့ရာ၊ အများပြည်သူတို့ ရပ်ရွာအကြောင်းကိစ္စတွေကို ဆွေးနွေးတိုင်ပင်ရာ Community Center နေရာတွေအဖြစ် ပြောင်းလဲဖို့ စီစဉ်ဆောင်ရွက်နေတယ်ဆိုတာဖြစ်ပါတယ်။

မြို့နယ်နဲ့ ခရိုင်ရုံးတွေမှာရှိတဲ့ စာကြည့်တိုက်တွေ စပြီးတော့ ပြောင်းလဲလာတာ ကြားသိရပါတယ်။ တစ်ဆက်တည်းမှာပဲ လိုအပ်ချက်မျိုးစုံနဲ့ ရှင်သန်နေရတဲ့ ကျွန်တော်တို့ ကျေးရွာက ကိုယ်ထူကိုယ်ထစာကြည့်တိုက်လေးရဲ့ အခြေအနေကိုလည်း စွမ်းဆောင်ပေးနိုင်သူတွေ သိရှိစေလိုပါတယ်။ အဆိုတော် ဂျေမောင်မောင်ရေးဖွဲ့ထားပြီး ခင်မောင်ထူးသီဆိုတဲ့ သီချင်းလေးရဲ့ နောက်ဆုံးအပိုဒ်ကို သီဆိုရင်းမျှော်လင့်ချက်တစ်စုံတစ်ရာ လင်းလက်လာပါတော့တယ်။

"ဆက်စောင့်လိုက်မယ် ... မျှော်နေမိတယ်"



## မြန်မာ့ဂီတနေ့အခမ်းအနားကျင်းပရန် ကြိုတင်ညှိနှိုင်းစည်းဝေး

**ဇီးကုန်း ဇွန် ၁၉**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့၌ ဇွန် ၂၇ ရက်တွင် ကျရောက်မည့်(၄)ကြိမ်မြောက် မြန်မာ့ဂီတနေ့အခမ်းအနား ကျင်းပရန် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၇ ရက်က ဇီးကုန်းမြို့ ဦးယောလမ်း မြို့နယ်ဂီတအစည်းအရုံး ရုံးခန်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးအေးမော်ကဇွန် ၂၇ ရက်ညတွင် မြန်မာ့ဂီတနေ့အခမ်းအနားကို ဘိုးဘွားရိပ်သာခန်းမ၌ ကျင်းပသွားမည်ဖြစ်ရာ ဆပ်ကော်မတီအသီးသီးမှ ရန်ပုံငွေရှာဖွေရေး၊ ဂီတအကြိုဖျော်ဖြေတင်ဆက်မှုများနှင့် ဂီတသမိုင်းကြောင်းကို ပြန်လည်ဖော်ထုတ်မည့် အစီအစဉ်များ၊ (၂၂)ကြိမ်မြောက်ဆိုကရေးတီး နိုင်ငံတော်အဆင့်ဆုရသူများအား ဆုချီးမြှင့်ရေးတို့ကို ဆွေးနွေးရာတက် ရောက်လာသူများက ကဏ္ဍအလိုက်ပြန်လည်တင်ပြခဲ့ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

## ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် တက္ကသိုလ်ဝင်တန်းဂုဏ်ထူးရရှိသူများ ဆုချီးမြှင့်ပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၁၈**

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန၏ ဒုတိယအကြိမ်မြောက်အဖြစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် ၂၀၁၅-၂၀၁၆ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင်ဂုဏ်ထူးရရှိသော အသင်းဝင်များ၏ သားသမီးများအား ထူးချွန်ဆုချီးမြှင့်ပွဲ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် ပညာရည်ထူးချွန်ဆုပေးပွဲအောင်မြင်စွာ ကျင်းပရေးအတွက် လှူဒါန်းလိုသူများနှင့် တက္ကသိုလ်ဝင်တန်းဂုဏ်ထူးရသူများ၏ အမည်စာရင်းကို ဇွန် ၂၅ ရက် နောက်ဆုံးထားပြီး မြန်မာနိုင်ငံ ဥပဒေဘွဲ့ရသူများအသင်း အထွေထွေအတွင်းရေးမှူး ဦးအောင်ဌေးဦး ဖုန်း-၀၉-၅၁၈၁၀၉၀ နှင့် တွဲဘက်အထွေထွေအတွင်းရေးမှူး ဒေါ်ခင်မာဌေး ဖုန်း-၀၉-၅၄၁၁၄၄၀ တို့ထံသို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်သော်(ကမာရွတ်)**

## ကျေးရွာမြေငှားဂရန်ထုတ်ပေးရေးစည်းဝေး

**ပဲခူး ဇွန် ၁၈**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိကျေးရွာ များအား ကျေး ရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေး လုပ်ငန်းအဖွဲ့ညှိနှိုင်း အစည်းအဝေးကို တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇွန် ၁၅ ရက်က ကျင်းပရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ဇော်နိုင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးနှင့် အုပ်ချုပ် ရေးမှူးဦးတိုးဝင်းက ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေး ရက်၁၀၀ စီမံချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးလယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှတိုင်းဒေသကြီး ဦးစီးမှူးနှင့်ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး များက ခရိုင်အလိုက်လုပ်ငန်းဆောင်ရွက်ထားမှု အခြေအနေကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ ကျေးရွာပေါင်း၂၈ရွာတွင် အိမ်ခြေ ၂၇၈၀၊ အိမ်ထောင်စု ၂၈၅၄စု တို့၏ မြေဧရိယာ ၆၇၁ ဒသမ ၇၂ ဧက ကို ကျေးရွာမြေငှားဂရန်များထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**



## ဂျပန်နိုင်ငံ ကင်းထောက်အဖွဲ့ဝင်များ ပြင်ဦးလွင်သို့လာရောက်လေ့လာ

**ပြင်ဦးလွင် ဇွန် ၁၈**

ဂျပန်နိုင်ငံ အမျိုးသမီးကင်းထောက်အဖွဲ့မှ အဖွဲ့ဝင်လေးဦးသည် ဇွန် ၁၈ ရက်က ပြင်ဦးလွင်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကင်းထောက်အဖွဲ့ဝင်ကျောင်းသား ကျောင်းသူများနှင့် လုပ်ငန်းဆောင်ရွက်မှုများ၊ ပြခန်းများကို လာရောက်လေ့လာကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာမြတ်စိုးမိုးနှင့် ကင်းထောက်ဆရာ ဆရာမများ၊ ကင်းထောက်ကျောင်းသား ကျောင်းသူများက ကြိုဆိုခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံအမျိုးသမီးကင်းထောက်အဖွဲ့တွင် တိုကျိုမြို့မှ တစ်ဦး၊ အိုဆာကာမြို့မှသုံးဦးတို့ပါဝင်လာခဲ့၍ ပြင်ဦးလွင်မြို့ အထက(၁)မှ အနီးစခန်းအခြေခံပညာ အထက်တန်းကျောင်းရှိ ကင်းထောက်အဖွဲ့ကို ဆက်လက်လေ့လာသွားမည်ဖြစ်ပြီး ဇွန် ၁၇ ရက်က နောင်ချိုမြို့တွင်လည်းကောင်း၊ ဇွန် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် မန္တလေးမြို့ နေပြည်တော်၊ ရန်ကုန်မြို့တို့တွင် ဆက်လက်လေ့လာသွားမည်ဖြစ်ကြောင်း သိရသည်။



ဂျပန်နိုင်ငံအဖွဲ့ အမျိုးသမီးကင်းထောက်အဖွဲ့ဝင်တို့သည် ပြင်ဦးလွင်မြို့အထက (၁) ကင်းထောက်အဖွဲ့ဝင်ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ကင်းထောက်ပြခန်းနှင့်လုပ်ငန်းများကို လေ့လာခဲ့ပြီး အမှတ်တရ ဓာတ်ပုံများရိုက်ကူးခဲ့ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

## ခေတ်မီမော်တာ အထည်ချုပ်စက် သင်တန်းဆင်း

**ရန်ကုန် ဇွန် ၁၈**

နယ်စပ်ဒေသအပါအဝင် ကျေးလက်မြို့ပြနေ ပြည်သူများ၏ အလုပ်အကိုင်အခွင့် အလမ်းများဖန်တီးပေးရန် ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်းပွဲနှင့် အလုပ်တာဝန်ခန့်အပ်ခြင်းအခမ်းအနားကို ဇွန် ၁၇ ရက် နံနက် က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်ရှိ နယ်စပ်ရေး ရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပညာရေးလေ့ကျင့်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဇော်ဦးက သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း၊ တိုင်းဒေသကြီး အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ဦးစီးမှူးက အလုပ်သမားအသိအမှတ်ပြုလွှာများကို အထည်ချုပ်လုပ်ငန်းရှင်များသို့လည်းကောင်း ပေးအပ်ပြီး တာဝန်ရှိသူများက အလုပ်သမားများ အား အထည်ချုပ်ဝန်ထမ်းအဖြစ် ခန့်အပ်လွှာနှင့်ထောက်ပံ့ငွေများ ချီးမြှင့်ခဲ့သည်။

ထို့နောက် Honeys Garment Industry Limited အထည်ချုပ်လုပ်ငန်းရှင် Mr. IGUCHI TAKESHI ကအလုပ်ခန့်အပ်ရခြင်းအကြောင်းနှင့် အလုပ် သမားခံစားခွင့်၊ ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ယခုသင်တန်းအမှတ်စဉ်(၁၂)ကို မေ ၅ ရက်မှ ဇွန် ၁၇ ရက်အထိ သင်ကြားလေ့ကျင့်ပေးပြီး သင်တန်းဆင်းတိုင်းရင်းသူ ၉၉ ဦးအား အထည်ချုပ်ကျွမ်းကျင်ဝန် ထမ်းများအဖြစ် ခန့်အပ်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

◆ *ရှေ့ဖုံးမှ*

ဒေါ်နွယ်နီဦးက ပြောသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအမျိုးအစားအရ လည်းကောင်း၊ သဘာဝအရင်းအမြစ်အနေအထားအရ လည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုပေးနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရနှင့် ညှိနှိုင်း၍ လုပ်ပိုင်ခွင့် ခွဲဝေသတ်မှတ်ပေးခြင်းအပြင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူသက်သာစေရန်အတွက် အားပေးအထောက်အကူဖြစ်စေရန် အစိုးရအဖွဲ့သို့ အကြံပြုတင်ပြဆောင်ရွက်နိုင်သည်ဟု မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ(မူကြမ်း-မေ ၃၀-၂၀၁၆)တွင် ပါဝင်သည်။

ချင်းပြည်နယ်ရှိ လူအများစုသည် ပြည်ပနိုင်ငံများတွင် အလုပ်သွားရောက်လုပ်ကိုင်လေ့ရှိကြောင်း ချင်းအမျိုးသမီးရေးရာအဖွဲ့မှ ဒေသခံ အဖွဲ့ဝင်တစ်ဦးက "ဟားခါးမြို့မှာတော့ အလုပ်အကိုင်နည်းပါးတော့ အိမ်တစ်အိမ်မှာ လူ ခြောက်ယောက်ရှိရင် လေးယောက်လောက်က နိုင်ငံခြားမှာ အလုပ်လုပ်နေကြရတယ်"ဟု ပြောသည်။

ချင်းပြည်နယ်သည် မြန်မာနိုင်ငံအနောက်မြောက်ဘက်ပိုင်း အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်၍ နယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုရှိပြီး ၁၃၉၀၇ စတုရန်းမိုင်ကျယ်ဝန်းသည်။ ၂၀၁၄ အိမ်ထောင်စု စာရင်းအရ လူဦးရေ ၄၇၈၈၀၁ ဦးရှိပြီး ချင်းပြည်နယ်မှ ၅၁၅၄၅ ဦး၊ ၁၀ ဒသမ ၇ ရာခိုင်နှုန်းမှာ မလေးရှားနိုင်ငံ၊ အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့တွင် ရွှေ့ပြောင်းလုပ်ကိုင်လျက်ရှိပြီး ဆင်းရဲမှုအဆင့် ၇၃% ထိ မြင့်တက်ခဲ့သည်။

MIC အနေဖြင့် အစိုးရသစ် တာထွက်အစတွင် မှတ်ပုံတင်ကြေးနှင့် သက်တမ်းတိုးကြေးများကို ယခုနှစ် မေလက ထက်ဝက်ခန့် လျှော့ချထားကြောင်း၊ ယခုနှစ် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအမြောက်အမြား ဝင်ရောက်ဖွယ်ရှိကြောင်း ရက်ပေါင်း ၁၀၀ စီမံချက်၏ ရှေ့ပြေးခန့်မှန်းချက်အရ သိရသည်။ ထို့အပြင် MIC ပါမစ်ရရှိသည့် ကုမ္ပဏီများသည် ကုမ္ပဏီများရင်းနှီးမြှုပ်နှံမှုနှင့် ညွှန်ကြားမှုဦးစီးဌာနမှ မှတ်ပုံတင်ထားသည့် ကုမ္ပဏီများထက် အခွန်ဆောင်ရာတွင်လည်းကောင်း၊ ပို့ကုန်နှင့် သွင်းကုန်ကဏ္ဍများတွင်လည်းကောင်း အခွင့်အရေးပိုရရှိစေကြောင်း ညွှန်ကြားရေးမှူး ဒေါ်နွယ်နီဦးက ပြောသည်။

ချင်းပြည်နယ်ပြီးနောက် အနည်းဆုံး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (FDI) ရှိသည့် ပြည်နယ်များမှာ ကယားပြည်နယ်တွင် တစ်ခု၊ ကရင်ပြည်နယ်တွင် နှစ်ခု၊ နေပြည်တော်ကောင်စီတွင် သုံးခုရှိပြီး FDI လုပ်ငန်းအများဆုံးမှာ ရန်ကုန်တိုင်းဒေသကြီးဖြစ်ရာ FDI ကုမ္ပဏီလုပ်ငန်း ၅၉၇ ခုဖြစ်ပြီး ဒုတိယအများဆုံးမှာ ပဲခူးတိုင်းဒေသကြီးတွင် ၄၉၃ ခုရှိကြောင်း သိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း MIC ရုံးခွဲများ အသီးသီးဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ရာ နီးစပ်ရာ MIC ရုံးခွဲတွင် သက်တမ်းတိုးခြင်းများကိုလည်း ဆောင်ရွက်ခွင့်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

ချင်းပြည်နယ် စီမံကိန်းနှင့်စီးပွားရေး စက်မှုလက်မှုဝန်ကြီးက "ချင်းပြည်နယ်ဟာ မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးမှုအနည်းဆုံးဖြစ်တဲ့အတွက် ပြည်နယ်အစိုးရသစ်အနေနဲ့ ပြည်နယ်ဖွံ့ဖြိုးမှုကိစ္စ ဆောင်ရွက်ရာမှာ အဓိကဦးစားပေး ခြေလှမ်းအနေနဲ့ ဒီရက် ၁၀၀ အတွင်း SMEs Development Roadmap ကို ဆွဲနေပြီဖြစ်ပါတယ်။ အထူးသဖြင့် ပြည်နယ်အတွက် အဓိကလိုအပ်တဲ့ ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်နေပါတယ်။ ကုန်းတွင်းပိတ်ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနေရာက စီးပွားရေးပထဝီအနေအထားအရ အိန္ဒိယ-အာဆီယံ စီးပွားရေးလမ်းကြောင်းပွင့်သွားအောင် ဆောင်ရွက်သွားဖို့ရှိပါတယ်" ဟု ဇွန် ၁၅ ရက်က ကျင်းပသည့် ပြည်နယ် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲတွင် ပြောကြားသည်။

ပြည်နယ် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဟားခါးမြို့မှာ ဇွန် ၁၅ ရက်မှ ၁၆ ရက်အထိ နှစ်ရက်ကြာ Friedrich Naumann Foundation (FNF)က ဦးဆောင်ပြီးတော့ စီးပွားရေးဝန်ကြီးဌာန၊ CAD ခေါ် လူထုအကျိုးဆောင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအဖွဲ့တို့နဲ့အတူ ပြုလုပ်ပေးခဲ့ပါတယ်။ စက်မှုကြီးကြပ်ရေးနှင့် စုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက "SMEs ဖွံ့ဖြိုး တိုးတက်ရေးအတွက် အလားအလာရှိရာတွေကို လေ့လာတယ်။ လုပ်ငန်းရှင်တွေ ဘယ်နေရာကို ရင်းနှီးမြှုပ်နှံဖို့ လေ့လာတယ်။ သူတို့ စိတ်ဝင်စားရာကို ကြည့်ပြီးတော့ မှ လိုအပ်တဲ့နေရာမှာ ကူညီပံ့ပိုးပေးတာပါ" ဟု FNF မန်နေဂျာက ပြောသည်။

ချင်းပြည်နယ်သည် မြန်မာနိုင်ငံတွင် ပထမဆုံးသော SMEs အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပြမြေပုံရှိတဲ့ဒေသဖြစ်လာရန် ဆောင်ရွက်ရာတွင် FNF အနေဖြင့် SMEs လုပ်ငန်းဖွံ့ဖြိုးရေးနည်းလမ်းများစွာရှိနေပြီး သင့်တော်သည့် နည်းလမ်းကို အသုံးပြုသွားမည်ဟု သိရသည်။ ဇွန် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ချင်းပြည်နယ် ကန်ပက်လက်မြို့၌ ဒုတိယအကြိမ် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကို ကျင်းပသွားမည်ဟု သိရသည်။

❋ *ကျောဖုံးမှ*

"မြန်မာငွေဈေးက တစ်ဒေါ်လာကို ၁၂၉၀ ကနေ ဇွန် ၁၈ ရက်မှာ ၁၁၇၀ အထိ လျော့သွားတဲ့အပြင် တရုတ်ယွမ်ဈေးကလည်း မြန်မာငွေတစ်ရာကို ဒသမ ၅၅၅ ကနေ ၅၅၉ အထိ ရောက်လာခဲ့တော့ မြန်မာငွေကြေးက ပိုပြီးခိုင်မာလာတာပေါ့။ အခုလို မြန်မာငွေကြေးခိုင်မာလာတဲ့အတွက် ကျွန်တော်တို့ ကုန်သည်တွေ အားတက်စရာပါပဲ။ ပြီးခဲ့တဲ့ တစ်ပတ်အတွင်းမှာပဲ သုံးကြိမ်လောက် ဈေးကစားသွားတဲ့အတွက် မြန်မာကုန်သည်တွေ ပါးနပ်ဖို့လိုပါတယ်" ဟု ၎င်းက ပြောသည်။

အိန္ဒိယနိုင်ငံမှ မတ်ပဲနှင့် ပဲစင်းငုံ ဝယ်ယူမှုသည် ၎င်းတို့နိုင်ငံ၏ ရာသီဥတုနှင့် မြန်မာတို့၏ ရောင်းလိုအားပေါ်မူတည်၍ ဈေးကစားလေ့ရှိကြောင်း သိရသည်။

**(မန်းကိုယ်ပွား)**



**နေပြည်တော် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ နိုင်ငံတကာမှ အထူးကုဆရာဝန်ကြီးများနှင့် စဉ်ဆက်မပြတ်ဆေးပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဖြင့် ဂျပန်နိုင်ငံရှိ Tenyoukai Central Hospital မှ နှလုံးရောဂါအထူးကုဆရာဝန်ကြီး Dr.Takashi Kajiya နှင့် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးမှ နှလုံးရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာသက်ဟိန်း ဦးဆောင်သောအဖွဲ့တို့ပူးပေါင်း၍ Biplane Cath Lab (Allura Xper FD 10/10 Biplane -philips) စက်သစ်ကြီးဖြင့် နှလုံးသွေးကြောကျဉ်းဝေဒနာရှင်များအား နှလုံးသွေးကြောချဲ့(Stent) ထည့်ကုသခြင်းကို ဇွန် ၁၈ ရက်က အောင်မြင်စွာ ကုသပေးနေသည်ကို တွေ့ရစဉ်**

(နှလုံးသွေးကြောကျဉ်းဝေဒနာရှင်များအား နှလုံးသွေးကြောချဲ့(Stent) ထည့်ကုသခြင်းကို ဇွန် ၁၈ ရက် မှ ၂၀ ရက်အထိ ကုသပေးမည်ဟု သိရသည်။) **(မြန်မာ့အလင်း)**

# ရခိုင်ပြည်နယ်အတွင်း ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်များကို ယာယီလိုင်စင် ထုတ်ပေး

**သံတွဲ ဇွန် ၁၈**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်းအနေဖြင့် ရက် ၁၀၀ စီမံချက်တွင် တစ်ခုအပါအဝင်ဖြစ်သော ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်များအား ယာယီလိုင်စင်များကို ရခိုင်ပြည်နယ် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ (ခ)အဆင့် သံတွဲမြို့၌ ဇွန် ၁၈ ရက် နံနက် ၈ နာရီက စတင်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**



ထိုသို့ထုတ်ပေးရာတွင် မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း အလုပ်ရုံခွဲမှူး ဦးနေဇော်လင်းက ရေနံဓာတ်ငွေ့ရည်သိုလှောင်ဖြန့်ဖြူးရေးလုပ်ငန်းရှင်များအား ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စနစ်တကျ ဆောင်ရွက်လုပ်ကိုင်နိုင်ရန်အတွက် မဖြစ်မနေလိုက်နာရန် လိုအပ်သည့် စည်းကမ်းချက်များ၊ ကြိုတင်ပြင်ဆင် လိုက်နာဆောင်ရွက်နိုင်ရေးတို့ကို အသိပညာပေးဆွေးနွေးပြီး ယာယီလိုစင်များကို ထုတ်ပေးခဲ့သည်။

အဆိုပါ ထုတ်ပေးခြင်းသည် အခမဲ့ထုတ်ပေးခြင်းဖြစ်ပြီး ၂၀၁၆ ဒီဇင်ဘာ ၃၁ ရက်အထိ သက်တမ်းရှိ လိုင်စင်များဖြစ်ကာ ယင်းလိုင်စင်ထုတ်ပေးခြင်းကို သံတွဲမြို့ အခြေစိုက်၍ သံတွဲမြို့မှ ကျောက်ဖြူမြို့အထိ ဇူလိုင် ၃၁ ရက်နောက်ဆုံးထား ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်(ပြန်/ဆက်)**

■ *ကျောဖုံးမှ*

"မိုးရာသီမှာ ကုန်တန်ချိန် ၅၀၀ တင်နိုင်ပေမယ့် ရေနည်းချိန်မှာ ဒီသင်္ဘောမှာ တန်ချိန် ၂၀၀ လောက်ပဲ တင်နိုင်မယ်။ မိုးတွင်းတစ်ခေါက်က နွေမှာ နှစ်ခေါက်စာ ဖြစ်နေတော့ နွေမှာ လျှော့ပေါ့ပေးဖို့ တောင်းဆိုခဲ့ကြပေမယ့် အားလုံးတစ်ပြေးညီယခင် အကောက်နှုန်းထားရဲ့တစ်ဝက် လျှော့ချပေးလိုက်တာပါ"ဟု ၎င်းက ပြောသည်။

ရေလမ်းအသုံးပြုခ ကောက်ခံရာတွင် ရေယာဉ်အလျား ၃၉ ပေအောက် စက်တပ်/စက်မဲ့ရေယာဉ် တစ်စီးလျှင် ပုံသေ ၁၀၀၊ ၃၉ ပေအထက် ဖြစ်လျှင် ယင်းတို့ကို ရေလမ်းကြောင်း မိုင်ပေါ်မူတည်၍ တစ်တန်အပေါ် ကောက်ခံသွားမည်ဖြစ်ရာ တွံတေး-ဟင်္သာတ(ရေလမ်းမိုင် ၁၂၀)၂၄ ကျပ်၊ ဟင်္သာတ-ပြည် ( ၆၁ မိုင်) ၁၂ ကျပ်၊ ဟင်္သာတ-ပြည် (၁၁၄ မိုင်)၂၃ ကျပ် ၊ ပြည်-မကွေး(၁၁၂ မိုင်) ၂၂ ကျပ် စသည်ဖြင့် ရေလမ်းတစ်မိုင်အပေါ် တွက်ချက်ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

"အရင်နှုန်းထားက တွံတေး-ဟင်္သာတ(၁၂၀ မိုင်)အတွက် ၄၈ ကျပ်ဆိုတော့ ပြား ၄၀ နှုန်းကနေ ပြား ၂၀ လောက်ပဲဖြစ်သွားတယ်။ ဌာနဘတ်ဂျက်ငွေ လျော့သွားပေမယ့် ရေယာဉ်တွေအတွက် ရေလမ်းဖြတ်သန်းခပေးရတာ ထက်ဝက်လျော့သွားတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

သစ်လုံးတစ်တန်လျှင် ရေမိုင် ၁၂၀ အတွက် ငွေကျပ် ၃၀၊ မျောတစ်လုံးနှင့် ဝါးဘိုးဝါး တစ်လုံးလျှင် ၄ ကျပ်၊ အခြားဝါးတစ်လုံးလျှင် ၂ ကျပ်နှုန်း ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

✻ *ကျောဖုံးမှ*

ပထမဆုရ နေခြည်တင့်ဝေ၊ ဒုတိယဆုရ အင်ကြင်းသန့်ဇင်၊ တတိယဆုရ မေဇင်မြင့်တို့က လည်းကောင်း ဆွတ်ခူးရရှိကြပြီး ဆုများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

"ကျွန်တော် ၂၀၀၂ ခုနှစ်က ကာယဗလမောင်ပြိုင်ပွဲကို နားခဲ့တာ ၁၀ နှစ်ကျော်လောက်ရှိခဲ့ပါပြီ၊ ၂၀၁၄ ခုနှစ်မှာ အလွတ်တန်းမောင် Mr.Nat Ray ပြိုင်ပွဲမှာ ပထမဆုရရှိခဲ့ပါတယ်။ ဒီပြိုင်ပွဲအတွက် သုံးနှစ်လောက် လေ့ကျင့်ခဲ့ရပါတယ်။ ပြိုင်ပွဲဝင်အားလုံးက ဆရာတွေပါပဲ။ အာရှပြိုင်ပွဲအတွက်လည်း လူရွေးထားပါတယ်" ဟု Mr. Nat Ray ပထမဆုရ ထွန်းထွန်းအောင်က ပြောသည်။

"ကျွန်မက မန္တလေးက လာရောက်ယှဉ်ပြိုင်တာပါ။ ၂၀၁၃ ခုနှစ်က Model Physique ပြိုင်ပွဲမှာ စတုတ္ထရရှိခဲ့တယ်။ ရွှေမန်းမယ် ၂၀၁၅-၂၀၁၆ မှာ ပထမဆုရရှိခဲ့ပါတယ်။ ဒီပြိုင်ပွဲအတွက် ဆရာတွေရဲ့သင်ကြားမှုနဲ့ ပြိုင်ပွဲအတွေ့အကြုံရှိလို့ ပထမဆုရရှိခဲ့တာပါ" ဟု Model Physique ဆုရ နေခြည်တင့်ဝေက ပြောသည်။

## မရမ်းကုန်းမြို့နယ်တွင် ကျူးကျော်နေထိုင်သူများစာရင်းကောက်ယူခြင်းကိစ္စနှင့်ပတ်သက်၍ ရှင်းလင်း



**ရန်ကုန် ဇွန် ၁၈**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက်အတွင်းရှိ ကျူးကျော်နေအိမ် ၃၀ ကျော်ကို ရပ်ကွက် ကျူးကျော် မြေပြင်စာရင်းကောက်ယူမှုကော်မတီ ဥက္ကဋ္ဌ ဦးသန်းဝင်းပါ နယ်မြေခံရဲတပ်ဖွဲ့ဝင်၊ရပ်မိရပ်ဖ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့မှ ကိုးဦးပါဝင်သော ရပ်ကွက်အဆင့် လုပ်ငန်းကော်မတီဖွဲ့စည်းပြီး ဇွန် ၁၅ ရက်တွင် အဆိုပါရပ်ကွက်၌ ကျူးကျော်စာရင်းများကောက်ခံခဲ့ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

မရမ်းကုန်းမြို့နယ် အမှတ် (၁) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးခန်း၌ ဇွန် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစောညီညီထွေးက ကျူးကျော်နေအိမ်များစာရင်းကောက်ယူမှုနှင့် စပ်လျဉ်း၍ စာရင်းကောက်ယူရေးကော်မတီနှင့် ရေစီးရေလာကောင်းမွန်ရေး အကောင်အထည်ဖော်ဆောင်ရွက်မှုကော်မတီဝင်များနှင့် တွေ့ဆုံကာ သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေဖြင့် မြို့တော်ဖွံ့ဖြိုးတိုးတက်မှု သုတေသနစီမံကိန်းတစ်ရပ်အဖြစ် ကျူးကျော်များစာရင်းကို ၄၅ ရက်အတွင်း အပြီးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း မေ ၂၅ ရက်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ပြုလုပ်သော ကျူးကျော်စာရင်းကောက်ယူရေးဆိုင်ရာ ရှင်းလင်းပွဲတွင် ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၏ ရှင်းလင်းပြောကြားချက်နှင့်ညွှန်ကြားမှုတို့ကို ပြန်လည်ရှင်းလင်းခြင်းဖြစ်ပြီး မိမိမြို့နယ်အတွင်း ရပ်ကွက်များအလိုက် ဖွဲ့စည်းပြီးသော ကျူးကျော်မြေပြင်စာရင်းကောက်ယူမှု ကော်မတီအဖွဲ့ဝင်များအနေဖြင့် တိုင်းဒေသကြီး ၊ ခရိုင် ၊ မြို့နယ်များ၏ကြီးကြပ်မှုကိုခံယူလျက် ဆောင်ရွက်ကြစေလိုကြောင်း ထပ်မံအသိပေးရှင်းလင်း ပြောကြားခြင်းဖြစ်သည်ဟု မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးက ပြောသည်။

အဆိုပါ ရှင်းလင်းပွဲ၌ ပြောကြားရာတွင် “ဇွန်လ ၃ ရက်မှာ (၁)ရပ်ကွက် ကျူးကျော်မြေပြင်စာရင်းကောက်ယူမှုကော်မတီကို အဖွဲ့ဝင်ကိုးဦးနဲ့ ဖွဲ့ထားပါတယ်။ အဖွဲ့အနေနဲ့ တိုင်းဒေသကြီး ကျူးကျော်မြေပြင်စာရင်းကောက်ယူမှုကော်မတီ ကွင်းဆင်းဆောင်ရွက်ရာမှာ အဆင်ပြေ ချောမွေ့စေရေးအတွက် ကြိုတင်ကောက်ခံတာဖြစ်တယ်။ အဓိကကတော့ ကိုယ့်ရပ်ကွက်မှာ အနေကြာ ကျူးကျော်နေထိုင်သူတို့ စနစ်တကျ ဖန်တီးပေးမယ့် ယာယီနေစရာများ၊ စီစဉ်ပေးမယ့် အလုပ်အကိုင်အခွင့်အလမ်းများ မှန်ကန်စွာရရှိဖို့ ကြိုတင်မှတ်ပုံတင်ထားခြင်း ဖြစ်တယ်။ ခေတ်မီနည်းပညာအသုံးပြုပြီး ကောက်ယူတဲ့အခါ မြန်မြန်နဲ့မှန်မှန် ရရှိဖို့ပါပဲ”ဟု ၄င်းက ဆက်လက်ပြောကြားသည်။

သို့ဖြစ်၍ နိုင်ငံတကာအဆင့်မီမြို့တော်သန့်ရှင်းသာယာလှပပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် ထူထောင်ရာမှာ အဓိကစိန်ခေါ်မှုတစ်ရပ်သည် ကျူးကျော်ကိစ္စရပ်များပင်ဖြစ်၍ ပြည်သူအများ စိတ်ပြိုင်ပြင်ခြင်း ဝန်ထုပ်ဝန်ပိုးမဖြစ်စေရအောင် သုတေသနစီမံကိန်းတစ်ရပ်အဖြစ် ခေတ်မီနည်းပညာအသုံးပြုကာ ကျူးကျော်များစာရင်းကောက်ယူပြုစုခြင်းသာ ဖြစ်ကြောင်း သိရှိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

**နေပြည်တော် ဇွန် ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် သီရိမင်္ဂလာခန်းမ၌ ဇွန် ၁၈ ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲနှင့် သင်တန်းပို့ချပွဲ ကျင်းပခဲ့သည်။

ဟောပြောပွဲ၌ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရုံးမှ ဦးစီးမှူး ဒေါ်တင်တင်အေးနှင့် ဝန်ထမ်းများက ဆိုင်ကယ်စီးနင်းသူများ လိုက်နာရန်နှင့် ရှောင်ရန်စည်းကမ်းချက်များ၊ ယာဉ်မတော်တဆမှုမဖြစ်ပွားစေရေး၊ အန္တရာယ်သတိပေးလမ်းညွှန်များ၊ အမိန့်ပေးခြင်းလမ်းညွှန်များ၊ တားမြစ်ခြင်းနှင့် ကန့်သတ်ခြင်းလမ်းညွှန်များကို ရှင်းပြဆောင်ရွက်သည်။**(အောက်ပုံ)**

ထို့နောက် သင်တန်းတက်ရောက်ပြီးသူများအား ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရုံး၌ “က” ယာဉ်မောင်းလိုင်စင်များ နေ့ချင်းပြီး စစ်ဆေးဖြေဆိုခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးဇေယျာ(ပျဉ်းမနား)**




## ကျေးရွာချင်းဆက်တံတားတည်ဆောက်

**ကြံ့ခင်း ဇွန် ၁၈**

ပြည်သူ့အတွက် ပထမရက် ၁၀၀ ကာလအတွင်း ကြံ့ခင်းမြို့နယ် ခုံကြီးကျေးရွာအုပ်စု ချင်းသဖန်းပင်၊ မြန်မာသဖန်းပင်၊ လက်ပံကွင်း၊ ဆန်တုံ၊ ကျော်ငုံ၊ မကျီးပင်ကွင်း ကျေးရွာချင်းဆက်လမ်းပေါ်ရှိ (၂၀×၁၂×၁၂)ပေ ဆန်တုံသံကူကွန်ကရစ်တံတားကို စီမံချက်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝဝဝ**

## ၁၃ မြို့နယ် ရေစီးရေလာကောင်းမွန်ရေး ကျပ် တစ်ဘီလီယံအကုန်အကျခံဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇွန် ၁၈**

နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ကာလအတွင်း မြို့နယ်များ၌ သန့်ရှင်းသာယာလှပစေရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်၌ မြို့နယ်စည်ပင်သာယာရေးဌာနနှင့် ပြည်သူများပူးပေါင်း၍ ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ပန်းဘဲတန်းမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးမောင်မောင်လွင်နှင့် ပြည်သူ့တာဝန်ခံ ဦးတင်ညွန့်တို့က ပန်းဘဲတန်းမြို့နယ် ရေစီးရေလာကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ညွှန်ကြားချက်ဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဘတ်ဂျက်လမ်း/တံတားဌာန ခေါင်းစဉ်ဖြင့် တိုင်းဒေသကြီး ၃၃ မြို့နယ်မှ ၁၃ မြို့နယ်အတွက် ကျပ် တစ်ဘီလီယံ အကုန်အကျခံ သုံးစွဲပြီး ကျောက်တံခါးမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်၊ လသာမြို့နယ်၊ လမ်းမတော် မြို့နယ်၊ အလုံမြို့နယ်၊ ကြည့်မြင်တိုင် မြို့နယ်၊ စမ်းချောင်းမြို့နယ်၊ ဗဟန်းမြို့နယ်၊ တာမွေမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကင်းမြို့နယ်၊ လှိုင်မြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့၌ ဇွန် ၁ ရက်မှ စတင်ကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ရာတွင် အောက်ကြမ်းပြင်ထိ နုန်းများဆယ်ယူရှင်းလင်းကာ ပန်းဘဲတန်းမြို့နယ်အတွက် အလုပ်သမား ၁၀၀၊ နုန်းသယ်ယာဉ် ၁၀ စီးဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ၂၆ လမ်း အလယ်ဘလောက်နှင့် အောက်ဘလောက်မှစ၍ ၃၂ လမ်းအောက်ဘလောက် အနောက်ခြမ်းနှင့် ရွှေတိဂုံဘုရားလမ်းရှေ့ အလယ်/အောက် ဘလောက်အထိ စုစုပေါင်း ရေမြောင်းများ ရှင်းလင်းကုန်ကျစရိတ် ငွေကျပ် ၃၈၆၁၅၆၂၅၊ Culvert ရှင်းလင်းဆောင်ရွက်မှု စုစုပေါင်း ကုန်ကျမှု တန်ဖိုးငွေကျပ် ၉၃၁၅၀၀၀၊ ထိပ်ဖြတ်မြောင်း ရှင်းလင်းမှု စုစုပေါင်း ကုန်ကျစရိတ် ငွေကျပ် ၈၄၄၀၆၂၅ ကျခံသုံးစွဲမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို မိုးကြီးမကျမီ ဇွန် ၃၀ ရက်အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူများစည်းကမ်းလိုက်နာပြီး အမှိုက်များကို မြောင်းထဲပစ်မချဘဲ စနစ်တကျ သိမ်းဆည်းပါက ယခုကဲ့သို့ မြောင်းများ ရှင်းလင်းရေးအတွက် ကျပ် တစ်ဘီလီယံ ကုန်ကျမည် မဟုတ်ဘဲ အခြားဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည်ဖြင့် တိုးတက်အောင် ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဇော်မျိုးနိုင်**



## ရှမ်း/မြောက်အဝေးပြေးလမ်းပိုင်းတွင် စမတ်ကတ်ဖြင့်ယာဉ်ဖြတ်သန်းခများစတင်အသုံးပြု

**သီပေါ ဇွန် ၁၈**

ရှမ်းပြည်နယ် မြောက်ပိုင်း ဂုတ်တွင်း၊ နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ လားရှိုး၊ မူဆယ်နှင့်မန္တလေး ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် မော်တော်ယာဉ်များ လမ်းပိတ်ဆို့မှု လျော့နည်းစေရေးနှင့် တိုးဂိတ်များတွင် အချိန်ကြာမြင့်စွာ တန်းစီစောင့်ဆိုင်းနေရန်မလိုဘဲ အချိန်အနည်းငယ်အတွင်း ယာဉ်များသွားလာမှု အဆင်ပြေစေရန်အတွက် ယာဉ်ဖြတ်သန်းခများကို စမတ်ကတ်ဖြင့်အသုံးပြုနိုင်ရန် အိုရီရမ်တယ်ဟိုင်းဝေးကုမ္ပဏီက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ယာဉ်ဖြတ်သန်းခစမတ်ကတ်များကို ဇွန် ၁ ရက်က စတင်အသုံးပြုလျက်ရှိရာ စမတ်ကတ်တစ်ခုလျှင် မော်တော်ယာဉ်တစ်စီးသာအသုံးပြုနိုင်မည်ဖြစ်ပြီး ဝယ်ယူငွေဖြည့်သွင်းလိုပါက ကျောက်ချောတိုးဂိတ် (မန္တလေး)၊ ကျောက်မဲတိုးဂိတ်၊ လားရှိုးမြို့ ရှောင်လမ်းတိုးဂိတ် နှင့် မိုင်းယုတိုးဂိတ်(မူဆယ် ၁၀၅ မိုင်)တို့၌ စမတ်ကတ်တစ်ခုအတွင်းသို့ အနည်းဆုံး ငွေကျပ် ၅၀၀၀၀ နှင့် အထက်ထည့်သွင်းအသုံးပြုနိုင်ကြောင်း သိရသည်။

စမတ်ကတ်အသုံးပြုခြင်းနှင့်ပတ်သက်၍ ယာဉ်မောင်း၊ ယာဉ်ပိုင်ရှင်များအနေဖြင့် လမ်းပိုင်းအလိုက် ယာဉ်ဖြတ်သန်း ခများကောက်ခံရာတွင် ငွေအကြွေခက်ခဲခြင်းကြောင့် အချိန်ကြာမြင့်မှုမရှိစေရန်၊ ကုန်တင်မော်တော်ယာဉ်ကြီးများ ကတ္တားတက်ချိန် မြန်ဆန်စေရန်နှင့် လမ်းဖြတ်သန်းခနှုန်းထားများအပိုအလိုမရှိ အတိအကျပေးဆောင်နိုင်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း အိုရီရမ်ဟိုင်းဝေးကုမ္ပဏီ(သီပေါ) တာဝန်ခံ ဦးထန်ရှိန်းလျှန်က ပြောသည်။

**စိုင်း(သီပေါ)**

## ရေဘေးသင့်ပြည်သူများအား ဆန်အခမဲ့ထောက်ပံ့

**ကောလင်း ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့တွင် ဇွန် ၉ရက်က မိုးသည်းထန်စွာရွာသွန်းသောကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ မြို့ပေါ် ခြောက်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ငါးအုပ်စုတို့ရေနစ်မြုပ်ခဲ့ရသည်။

ရေဘေးသင့်ခဲ့သောရပ်ကွက်နှင့် ကျေးရွာများမှ ပြည်သူများအား လတ်တလောစားသောက်မှုအဆင်ပြေစေရေးအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ဆန်ဖိုးငွေကျပ် ၂၂၇၁၇၈၀၀ထောက်ပံ့ပေးအပ်ခဲ့ပြီး ဇွန် ၁၈ ရက် နံနက်ပိုင်း မှစတင်၍ ရေဘေးသင့်ပြည်သူများအား ဆန်များအခမဲ့ထောက်ပံ့နေပြီဖြစ်သည်။ကောလင်းမြို့ မြို့ကုန်းမြို့မရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် တစ်ဦးလျှင် သုံးရက် အတွက် ဆန်နို့ဆီဘူး ခြောက်ဘူးနှုန်း အခမဲ့ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**အောင်ကျော်စိုး(ကောလင်း)**

# လေးထပ်ကြီးအုတ်ကျောင်းအား စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မန္တလေး ဇွန် ၁၈**



ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲမှ ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များ ပူးပေါင်း၍ အင်းဝယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ လေးထပ်ကြီးအုတ်ကျောင်းကို ဇွန် ၁၇ ရက်က စုပေါင်းသန့်ရှင်းရေး လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ရှေးဟောင်းသာသနိက အုတ်ဖြင့်ပြုလုပ်ထားပြီး ထုထည်ကြီးမားသော လေးထပ်ကြီးအုတ်ကျောင်းမှာ နှစ်ကာလကြာမြင့်ခဲ့ခြင်းနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ပြိုကျပျက်စီးမှုများရှိခဲ့သော်လည်း ကျောင်းအဆောက်အအုံများတွင် ရေးဆွဲထားသည့် ဗိသုကာလက်ရာ အချို့မှာ ရှေးဟောင်းလက်ရာ မူလပုံစံအတိုင်း ကျန်ရှိနေသေးသည့်အတွက် ထိန်းသိမ်းမှုပြုသည့်အနေဖြင့် သန့်ရှင်းရေးပြုလုပ်ရခြင်းဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောသည်။

အဆိုပါ လေးထပ်အုတ်ကျောင်းကြီးကို ညောင်ရမ်းမင်းတရားက မြန်မာသက္ကရာဇ် ၉၆၃ ခု တန်ခူးလပြည့်ကျော်နှစ်ရက်နေ့တွင် စတင်၍ ကျောင်းရံ ၄၀ နှင့်တကွ တည်ဆောက်ခဲ့ပြီး လေးထပ်ကျောင်းနေရာတွင် ဆောက်လုပ်ခဲ့သဖြင့် လေးထပ်ကျောင်းကြီးဟု လူသိများခဲ့သည်။

လေးထပ်ကြီး အုတ်ကျောင်းကြီး အတွင်းအပြင် သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင် ချုံနွယ်ပိတ်ပေါင်း ရှင်းလင်းခြင်းလုပ်ငန်းများကို ဌာနမှ ဝန်ထမ်းများနှင့် စည်ပင်သာယာအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဟံသာဝတီကျေးရွာအုပ်စုမှ ပရဟိတအဖွဲ့၊ ဆန္ဒရှင်ပရဟိတအဖွဲ့၊ အနိုင်းမဲ့ပါရမီ ပရဟိတအဖွဲ့များ ပူးပေါင်း၍ လုပ်အားပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အနာဂတ်မျိုးဆက်သစ်ကြယ်ပွင့်များ စိတ်ဓာတ်ခွန်အားပေးမည့် သခင်ကိုယ်တော်မှိုင်းအတ္ထုပ္ပတ္တိပုံရေးစာအုပ် အခမဲ့ဖြန့်ဝေ

**ရန်ကုန် ဇွန် ၁၈**

ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်း၏ ကူညီထောက်ပံ့မှု Moving Forward Together ၏ဦးဆောင်မှုဖြင့် အနာဂတ်မျိုးဆက်သစ်ကြယ်ပွင့် ကျောင်းသားကျောင်းသူလေးများ အားကျအတုယူစေရန် သခင်ကိုယ်တော်မှိုင်း အတ္ထုပတ္တိပုံရေးစာအုပ်များကို ရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ငါးမြို့နယ်မှ ကျောင်းပေါင်း ၁၂၀၀ ကျော်အား ဇွန် ၁၆ ရက်က အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

“ရည်ရွယ်ချက်ကတော့ မိမိတို့တိုင်းပြည်အတွက် ကျရာအခန်းကဏ္ဍမှာ ဆောင်ရွက်သွားတဲ့ သူရဲကောင်းတွေရဲ့စိတ်ဓာတ်ကို အတုယူအားကျစေဖို့နဲ့ သူတို့ရဲ့အများအကျိုးဆောင်ရွက်လိုတဲ့ ဆန္ဒနဲ့ဝီရိယကို နည်းယူပြီး ငယ်ရွယ်တဲ့ကလေးတွေ အတုယူကာ ထူးထူးချွန်ချွန် ဆောင်ရွက်လာစေချင်ပါတယ်။ သာမန်ပြည်သူတွေဖြစ်ပေမယ့် အားကျအတုယူထိုက်တဲ့ သတ္တိနဲ့ စိတ်ဓာတ်ခွန်အားတွေကို ကလေးသူငယ်တွေရဲ့ စိတ်ထဲမှာ ကိန်းဝပ်လာစေချင်ပါတယ်” ဟု အဆိုပါစီမံကိန်းအား ဦးဆောင်အကောင်အထည်ဖော်ဆောင်ရွက်သူ Moving Forward Together မှ Program Director ဒေါ်ကြည်ကြည်ငြိမ်းက ပြောသည်။

အဆိုပါ စီမံကိန်းကို ၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်မှ စတင်ကာ ဩဂုတ်လအတွင်း ပထမဆုံးအကြိမ်အဖြစ် ရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ငါးမြို့နယ်မှ အထကကျောင်းများကို အခမဲ့ဖြန့်ဝေခဲ့ပြီး ယခု ဆရာကြီးသခင်ကိုယ်တော်မှိုင်းစာအုပ်သည် ဒုတိယအကြိမ်ဖြန့်ဝေခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တတိယမြောက်စာအုပ်ကိုလည်း ယခုနှစ်ကုန်ပိုင်းတွင် အခမဲ့ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**

# ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးသစ် အသိပညာပေးဆွေးနွေး

**ပေါင်းတည် ဇွန် ၁၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် ကျန်းမာရေးဦးစီး ဌာနမှ ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးသစ် စတင်ထည့်သွင်းထိုး နှံခြင်း အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၁၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပ သည်။

အဆိုပါ အသိပညာပေးဆွေးနွေး ပွဲတွင် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဦးညွှန့်ဦး၊ ကျန်းမာရေးမှူး(၁) ဦးစိုးပိုင် နှင့် မြို့နယ်ကျန်းမာရေးမှူး ဦးအေးကျော် တို့က ပရိုဂျက်တာများဖြင့်ရှင်းလင်းအသိ ပညာပေးဆွေးနွေးခဲ့ပြီး မြို့နယ်ကျန်းမာ ရေးမှူးက ကာကွယ်ဆေးသစ်ကို ဇူလိုင်လ ပထမပတ်မှစတင်၍ မြို့နယ်အတွင်းရှိ တစ်နှစ်အောက်ကလေးငယ်များကို နှစ် လတစ်ကြိမ်ဖြင့် သုံးကြိမ်တိုင်တိုင် ယခင် ပုံမှန်ထိုးနေကျ ကာကွယ်ဆေးများတွင် ထည့်သွင်းထိုးနှံသွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

# ဂျပန်အစိုးရနှင့်ပြည်သူတို့၏ ထောက်ပံ့ငွေဖြင့် ဆောက်လုပ်သည့် နှစ်ထပ်ကျောင်းဆောင်သစ် မင်းတပ်၌ဖွင့်

**မင်းတပ် ဇွန် ၁၈**

ဂျပန်အစိုးရနှင့်ပြည်သူတို့၏ ထောက်ပံ့ငွေဖြင့် ဂျပန်အသေးစားစီမံကိန်းများ ထောက်ပံ့ရေးဖြင့် ဖော်ဆောင်ခဲ့သည့် မင်းတပ် မြို့အနောက်ရပ်ကွက်၌ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ကို ဇွန် ၁၇ ရက်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး ဒုတိယအတွင်းဝန် မစ္စတာမာဆာယီရိုဖူဂျီကာဝါနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ နှစ်ထပ်ကျောင်းဆောင်မှာ အလျားပေ ၁၇၀ နှင့် အနံ ပေ ၃၀ ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၃၁၀၀၀ ခန့်ဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

**လိန်းဟုန်းမာန်(ပြန်/ဆက်)**

# ကလေးသူငယ်အခွင့်အရေးဆိုင်ရာလုပ်ငန်း ဆွေးနွေး

**ဖရူဆို ဇွန် ၁၈**

ကယားပြည်နယ် ဖရူဆိုမြို့နယ်တွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၁၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် Save the Children မှ ကြီးမှူး၍ ဖရူဆိုမြို့နယ်အတွင်းရှိ တော်ခူရွာသစ်၊ ကလိလျား၊ ပလဲလယ်၊ မာခရော်ရှေ့နှင့် ထီးပေါ်ဆိုကျေးရွာတို့ ပူးပေါင်း၍ တော်ခူရွာသစ်ကျေးရွာ၌ ဇူလိုင် ၂ ရက်တွင် ကျင်းပမည့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာလုပ်ငန်း ဆွေးနွေးဟောပြောပွဲနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာကြသော ဌာနဆိုင်ရာများက ကလေးသူငယ်အခွင့်အရေးနှင့်ပတ်သက်၍ ကဏ္ဍအလိုက်ပါဝင် ဆောင်ရွက်မည့် အခြေအနေများကို ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အဆက်မပြတ်မိုးကြောင့် သရက်မြို့၌နှမ်းခင်းအချို့ပျက်စီး

**သရက် ဇွန် ၁၈**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် တုတ်ကိုင်းကျေးရွာတွင် စိုက်ပျိုးထားသည့် နှမ်းစိုက်ခင်းများမှာ မိုးအဆက်မပြတ် ရွာသွန်းခဲ့သဖြင့် ဖြစ်ထွန်းအောင်မြင်မှုမရှိဘဲ ပျက်စီးခဲ့ကြောင်း သိရသည်။

ကျေးရွာရှိ တောင်သူများ စိုက်ပျိုးထားသည့် နှမ်းစိုက်ခင်းများ၊နှမ်းနှင့် ပဲတီစိမ်းညှပ် စိုက်ခင်းများတွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် နှမ်းစိုက်ခင်းအများစုမှာ ပျက်စီးရှုံးခဲ့ပြီး နှမ်းနှင့် ပဲတီစိမ်းကြားညှပ်စိုက်ပျိုးထားသည့်အခင်းများမှာ ပဲတီစိမ်းအချို့ကောင်းမွန်သဖြင့် ပြန်လည်စိုက်ပျိုးရန်မလိုဘဲ နှမ်းသက်သက် စိုက်ပျိုးထားသည့် အခင်းအချို့မှာ သီးနှံများဆုံးရှုံးပါက ပဲကြီးများစိုက်ပျိုးချိန်ရောက်မှသာ ပြန်လည်စိုက်ပျိုးသွားကြမည်ဖြစ်ပြီး နှမ်းမျိုးများ ဆုံးရှုံးကြကြောင်း တုတ်ကိုင်းကျေးရွာမှ နှမ်းစိုက်တောင်သူ ဦးနေလင်းက ပြောသည်။

**ဇော်ထက်(သရက်)**

# စာအုပ်စာပေ လှူမိတ်ဆွေ

# လယ်ဝေးမြို့နယ် ရေနီရေလွှဲဆည်အထက်ပိုင်း သဲ၊ နုန်းများတူးဖော်

**လယ်ဝေး ဇွန် ၁၈**

လယ်ဝေးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်အဖြစ် ရေနီရေလွှဲဆည်အထက်ပိုင်း သဲ၊ နုန်းများတူးဖော်ခြင်းလုပ်ငန်းအား ဇွန်လဒုတိယပတ်က ဆောင်ရွက်ခဲ့သည်။

အဆိုပါ ရေနီရေလွှဲဆည်အထက်ပိုင်းတွင် သဲ၊ နုန်းများဖြင့် ပြည့်နေပြီး ရေတံခါးများအတွင်းသို့ ရေစီးရေလာကောင်းမွန်စေရေး၊ ရေသိုလှောင်မှုအားကောင်းစေရန်နှင့် တောင်သူများအတွက် မိုးစပါးစိုက်ပျိုးချိန် ရေပမာဏအပြည့်အဝရရှိစေရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ရေနီရေလွှဲဆည်သည် လယ်ဝေးမြို့နယ် သပြေပင်ကျေးရွာ၏ အရှေ့တောင်ဘက် နှစ်မိုင်အကွာတွင်တည်ရှိပြီး အနီးဝန်းကျင်ရှိ ကျေးရွာ ၁၀ ရွာမှ ဆည်ရေသောက်စိုက်ဧက ၁၃၆၁ ဧကအား နှစ်စဉ်မိုးစပါးစိုက်ပျိုးရေဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**ကိုကိုရှူပ(နေပြည်တော်)**



# အမေရိကန်သမ္မတဖြစ်လာမည့်သူ မည်သူနှင့်မဆို အတူတကွလက်တွဲလုပ်ဆောင်ရန် အသင့်ရှိကြောင်း ပူတင်ပြော

**မော်စကို ဇွန် ၁၈**

သမ္မတဗလာဒီမာပူတင်က ၎င်းအနေဖြင့် အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာ့သြဇာအကြီးဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည်ဆိုသောအချက်ကို လက်ခံကြောင်းနှင့် အမေရိကန်သမ္မတဖြစ်လာမည့်သူ မည်သူနှင့်မဆို အတူတကွလက်တွဲလုပ်ဆောင်ရန် အဆင်သင့်ရှိကြောင်း ဇွန် ၁၇ ရက်က ပြောခဲ့သည်။

ယူကရိန်းနှင့် ဆီးရီးယားကိစ္စရပ်များအပေါ် အမေရိကန်-ရုရှားဆက်ဆံရေးမကျေမလည်ဖြစ်ပေါ်ပြီးနောက် ထိုသို့ပူတင်၏ မှတ်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ယူကရိန်းကိစ္စရပ်အပေါ် အမေရိကန်ပြည်ထောင်စု၏ အကိုင်အတွယ်မှားမှုနှင့် ပတ်သက်ပြီး ပူတင်အနေဖြင့် ပြစ်တင်ဝေဖန်မှုများပြုလုပ်ခဲ့ရုံသာမက ဥရောပသမဂ္ဂနှင့် ဆက်ဆံရေး ပြန်လည်ကောင်းမွန်အောင် ပြုလုပ်နေသည့် ရုရှားကိုတားဆီးရန် အမေရိကန်ပြည်ထောင်စု၏ ကြိုးစားမှုကိုလည်း ဆန့်ကျင်ကြောင်း ပြောခဲ့သည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် ယနေ့တွင် ကမ္ဘာ့သြဇာအကြီးဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည်ဆိုသော အချက်ကို လက်ခံကြောင်း သမ္မတဗလာဒီမာပူတင်က စိန့်ပီတာစဘတ်အပြည်ပြည်ဆိုင်ရာ စီးပွားရေးညီလာခံတွင် ပြောဆိုလိုက်သည်။ ၎င်းတို့အနေဖြင့် အမေရိကန်ပြည်ထောင်စုနှင့် လက်တွဲလုပ်ဆောင်ရန် အဆင်သင့်ရှိကြောင်း ပြောကြားခဲ့သည်။

ဒေါ်နယ်ထရမ့်နှင့်ပတ်သက်ပြီး ယခင်က ဝေဖန်မှုများသည် နားလည်မှုလွဲမှားခြင်းသာဖြစ်ကြောင်း ပူတင်က အပြုသဘောဆောင် မှတ်ချက်ပြုပြောဆိုခဲ့သည်။

ပူတင်အနေဖြင့် အမေရိကန်-ရုရှားဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းသွားမည့် ထရမ့်၏ဆန္ဒကိုကြိုဆိုကြောင်းဖြင့်လည်း ပြောကြားသည်။

(ရိုက်တာ)




ဇွန် ၁၇ ရက်က စိန့်ပီတာစဘတ်အပြည်ပြည်ဆိုင်ရာ စီးပွားရေးညီလာခံတွင် သမ္မတဗလာဒီမာပူတင် မိန့်ခွန်းပြောကြားနေစဉ်

# ဗြိတိန်အမတ်သေဆုံးမှုသံသယဖြင့် လူတစ်ဦးကို ဗြိတိန်ရဲများစွဲချက်တင်

**ယော့ရှိုင်းယား ဇွန် ၁၈**

ဗြိတိန်ရဲများက လူတစ်ဦးကို ဗြိတိန်အမတ်တစ်ဦးဖြစ်သူ ဂျိုကော့ဇ်ကို သတ်မှုဖြင့် စွဲချက်တင်ခဲ့ကြောင်း စနေနေ့က ပြောခဲ့သည်။ လူသတ်တရားခံဟု သံသယရှိသူသည် လူသတ်မှုကို တစ်ဦးတည်းကျူးလွန်ခဲ့ခြင်းဖြစ်နိုင်ကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။

ယော့ရှိုင်းယားရဲများက အသက် ၅၂နှစ်ရှိသူ သောမတ်မာကို ကလေးနှစ်ယောက်အမေ အသက် ၄၁နှစ်ရှိအမျိုးသမီးတစ်ဦးကို သတ်မှုဖြင့်လည်း တရားစွဲဆိုထားကြောင်း ၎င်း၏ဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သည်။

မိမိတို့သည် လူတစ်ဦးကို လူသတ်မှု၊ အပြင်းအထန် ထိခိုက် နာကျင်စေမှု၊ ပြစ်မှုကျူးလွန်ရန်လက်နက်ကိုင်ဆောင်မှု၊ လက်နက်လက်ဝယ်တွေ့ရှိမှုတို့ဖြင့် တရားစွဲဆိုထားကြောင်း ယော့ရှိုင်းယားလက်ထောက်စုံစမ်းရေး ရဲအရာရှိ နစ်ခ်ဝယ်လန်က သတင်းထုတ်ပြန်ကြေညာချက်တွင် ဖော်ပြခဲ့သည်။

မာရ်ကို ဝက်တ်မင်းစတားတရားရုံး၌ စနေနေ့တွင်ကြားနာစစ်ဆေးမည်ဖြစ်ကြောင်း ဝယ်လန်က ပြောခဲ့သည်။

(ရိုက်တာ)

# ဘရာဇီးနိုင်ငံ ဘဏ္ဍာရေးကျပ်တည်းမှုအပေါ် အရေးပေါ်ကြေညာချက်ထုတ်ပြန်

**ရီယိုဒီဂျနေးရိုး ဇွန် ၁၈**

အိုလံပစ်ပွဲတော်ကျင်းပရန် ရက် ၅၀ တောင်မလိုတော့သောအချိန်တွင် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးတွင် အရေးပေါ် ဘဏ္ဍာရေးအခက်အခဲတစ်ခုဖြစ်ပေါ်နေကြောင်း ကြေညာခဲ့သည်။

ကြားဖြတ်မြို့တော်ဝန် ဖရန်ဆစ်စကို ဒေါ်နယ်လီက ဘဏ္ဍာရေးအကျပ်အတည်းမှာ အိုလံပစ်ပွဲတော်ကျင်းပရန် အနှောင့်အယှက်ဖြစ်ကောင်းဖြစ်နိုင်ကြောင်းပြောခဲ့သည်။ ထို့ကြောင့် အရေးပေါ် ဘဏ္ဍာရေးအကူအညီလိုကြောင်း ကြေညာခဲ့သည်။

(ဘီဘီစီ)

# ခရိုင်းမီးယားကို အီးယူကန့်သတ်ပိတ်ဆို့မှုများ ပြုလုပ်

**ဘရပ်ဆဲလ် ဇွန် ၁၈**

ဥရောပသမဂ္ဂ(အီးယူ)က ခရိုင်းမီးယားနှင့် မြို့တော် ဆီဗက်စတိုပိုတို့ကို ၂၀၁၇ခုနှစ် ဇွန်လအထိ ကန့်သတ်ပိတ်ဆို့မှုများတိုးမြှင့်လိုက်ကြောင်း သောကြာနေ့က ကြေညာသည်။

အီးယူကောင်စီကထုတ်ပြန်လိုက်သော ကြေညာချက်အရ ပိတ်ဆို့မှုများသည် အီးယူအဖွဲ့ဝင်ပုဂ္ဂိုလ်များ၊ အီးယူအခြေပြု ကုမ္ပဏီများအပေါ် အကျိုးသက်ရောက်မည် ဖြစ်သည်။ ထို့အပြင် ခရိုင်းမီးယားနှင့် မြို့တော်ဆီဗက်စတိုပိုတို့မှ ထွက်ကုန်များကို အီးယူသို့ တင်သွင်းခွင့်ကိုလည်း တားဆီးပိတ်ဆို့လိုက်သည်။ ထို့အပြင် ခရိုင်းမီးယားနှင့် မြို့တော် ဆီဗက်စတိုပိုတွင် ရင်းနှီးမြှုပ်နှံမှုမပြုလုပ်ရန်လည်း ပါဝင်သည်။ ထို့ပြင်မည်သည့် အီးယူအဖွဲ့ဝင် ပုဂ္ဂိုလ်များ၊ အီးယူအခြေပြု ကုမ္ပဏီမဆို ခရိုင်းမီးယားတွင် အိမ်၊ ခြံမြေဝယ်ယူ ရင်းနှီးမြှုပ်နှံခွင့်မပြုရန်နှင့် ငွေကြေးထောက်ပံ့ကူညီခြင်း မပြုရန်ဖြစ်သည်။

ထို့ပြင် အီးယူ၏အရေးယူပိတ်ဆို့မှုတွင် ခရီးသွားကဏ္ဍလည်းပါဝင်သည်။ ဆိုလိုသည်မှာ အရေးပေါ်ကိစ္စမှလွဲ၍မည်သည့် အီးယူသင်္ဘောကြီးငယ်မဆို ခရိုင်းမီးယားကျွန်းဆွယ်တွင် ရပ်နားဆိုက်ကပ်ခြင်းမပြုရန်ဖြစ်သည်။

(ဆင်ဟွာ)

# ဗီယက်နမ်ကမ်းခြေစောင့်လေယာဉ်ပျောက်ဆုံးခြင်းကိုကူညီရန် တရုတ်သင်္ဘောများစေလွှတ်

**ဟနွိုင်း ဇွန် ၁၈**

ပျောက်ဆုံးသွားသော ဂျက်တိုက်လေယာဉ်နှင့် လေယာဉ်မှူးတို့ကို ရှာဖွေနေစဉ် လူကိုးဦးလိုက်ပါသွားသော ကမ်းခြေစောင့်တပ်ဖွဲ့လေယာဉ်တစ်စင်း ပျက်ကျခဲ့ခြင်းကြောင့် ဗီယက်နမ်မှ အကူအညီတောင်းခံခဲ့ရာ တရုတ်နိုင်ငံက သောကြာနေ့တွင် သင်္ဘောများလွှတ်ပေးလိုက်ကြောင်း ဗီယက်နမ်ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

တာဗိုဂျက်အင်ဂျင်တပ် ကက်ဆာလေယာဉ်သည် ဗီယက်နမ်မြောက်ပိုင်း ကမ်းရိုးတန်းနှင့် တရုတ်ဟိုင်နန်ကျွန်းကြား တုန်ကင်ပင်လယ်ကွေ့၌ ကြာသပတေးနေ့ကပျက်ကျခဲ့ရာ ကယ်ဆယ်ရေးအဖွဲ့များက အပျက်အစီးအပိုင်းအစနှင့် လူအသုံးအဆောင်ပစ္စည်းအချို့တို့ကို လေယာဉ်ပျက်ကျရာနေရာ၌တွေ့ခဲ့ကြောင်း ဗီယက်နမ်ကာကွယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

ခရီးသည်တင်လေယာဉ်ပုံစံပြုလုပ်ထားသည့် ယင်းလေယာဉ်သည် အင်္ဂါနေ့က ရေဒါမှပျောက်ကွယ်သွားသော ဆုခွိုင် ဆု-၃၀ အမ်ကေတူး ဂျက်တိုက်လေယာဉ်နှင့် ပျောက်ဆုံးလေယာဉ်မှူးများအနက် တစ်ဦးကို လေယာဉ်ပျက်ကျပြီးနောက်တစ်နေ့တွင် ပင်လယ်ထဲမှ ကယ်ဆယ်နိုင်ခဲ့သည်။

ဗီယက်နမ်ကမ်းခြေစောင့်တပ်ဖွဲ့များအပါအဝင် နယ်ခြားစောင့်တပ်ဖွဲ့များနှင့် ရေတပ်နှင့် ရေလုပ်သားတို့က ကက်ဆာလေယာဉ်နှင့် ဂျက်တိုက်လေယာဉ်မှူးတစ်ဦးတို့ကို ဆက်လက်ရှာဖွေလျက်ရှိသည်။ တရုတ်နိုင်ငံက ကယ်ဆယ်ရေးသင်္ဘော တစ်စီး၊ ကမ်းခြေစောင့်သင်္ဘော နှစ်စီးတို့ ရှာဖွေရေးလုပ်ငန်းတွင် ပါဝင်စေလွှတ်လိုက်သည်။

ဗီယက်နမ်သည် လွန်ခဲ့သော နှစ်နှစ်လောက်ကတည်းက ၎င်း၏သက်တမ်းကြာနေသော လေယာဉ်များကြောင့် မတော်တဆမှုများအတော် များများဖြစ်ပွားခဲ့သော်လည်း လေယာဉ်ပျက်ကျသည့်ဖြစ်ရပ်မှာ ရှားပါးဖြစ်ရပ်ဖြစ်ကြောင်း သိရသည်။

(ရိုက်တာ)



အမေရိကန်ဖျက်သင်္ဘောတစ်စင်းဖြစ်သည့် ယူအက်စ်အက်စ်ပေါ်တာကို တူရကီနိုင်ငံ အစ္စတန်ဘူလ်ရှိ ပင်လယ်နက်သို့ သွားရာလမ်းဖြစ်သည့် ဘော့စ်ဖောရက်စ်တွင် မကြာသေးမီက တွေ့ရစဉ်

# အမေရိကန်ပြည်ထောင်စုအနေဖြင့် ပင်လယ်နက်တွင် ဆက်လက်တည်ရှိနေမည်

**ဝါရှင်တန် ဇွန် ၁၈**

အမေရိကန်ဖျက်သင်္ဘောတစ်စင်း ပင်လယ်နက်တွင်ကင်းလှည့်နေသောကြောင့် ဒေသတွင်းလုံခြုံရေးကို လျော့ရဲစေသည်ဟု ရုရှားကသတိပေးထားသော်လည်း အမေရိကန်ပြည်ထောင်စုသည် ပင်လယ်နက်တွင် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း အမေရိကန်ရေတပ်အကြီးအကဲကပြောကြားခဲ့သည်။

အမေရိကန်ဖျက်သင်္ဘောတစ်စင်းဖြစ်သည့် ယူအက်စ်အက်စ် ပေါ်တာသည် ယခုလတွင် ပင်လယ်နက်ထဲသို့ ဝင်ရောက်ခဲ့ခြင်းအပေါ် ရုရှားက ပြင်းထန်စွာဝေဖန်ခဲ့သည်။

တူရကီနှင့် ရိုမေးနီးယားတို့ကလည်း ပင်လယ်နက်တွင် နေတိုး၏အကြီးအကျယ်တည်ရှိနေခြင်းကို လာမည့်လတွင် ဝါဆော၌ကျင်းပမည့် နေတိုးအစည်းအဝေးတွင် တစ်မျိုးတစ်ဖုံဖိအားပေးလိမ့်မည်ဟု မျှော်လင့်ရသည်။ ဇွန် ၁၆ရက်ကမြေထဲပင်လယ်တွင်ရှိသော အခြားအမေရိကန်ဖျက်သင်္ဘောတစ်စင်းဖြစ်သည့် ယူအက်စ်အက်စ် မက်ဆန်ပေါ်ရှိ ရေတပ်အကြီးအကဲ ရေးမက်ဘက်စ်က ရန်စ ကျူးကျော်မှုကိုတားဆီးရန်နှင့် ပင်လယ်ရေလမ်းကြောင်းများ ပွင့်စေရန်ထိန်းသိမ်းရမည့်တာဝန်မှာ အမေရိကန် ရေတပ်၏ရည်မှန်းချက်ဖြစ်ကြောင်း ရိုက်တာသို့ ပြောခဲ့သည်။

ပင်လယ်နက်တွင် အမြဲတမ်းတပ်ဖွဲ့ထားရှိရေး နေတိုးဆွေးနွေးခြင်းအပေါ် ရုရှားဝေဖန်မှုပြုပြီး ရက်အတော်ကြာတွင် မက်ဘက်စ်က “ကျွန်တော်တို့တွေ အဲဒီမှာရှိဖို့လိုတယ်။ ကျွန်တော်တို့တွေ ရန်စကျူးကျော်မှုတွေကို တားဆီးရမယ်”ဟု ပြောကြားခဲ့သည်။

(ရိုက်တာ)

# ဆီးရီးယားမှ ထွက်ခွာလာသော အကြမ်းဖက်သမားများ ဘယ်လ်ဂျီယံနှင့် ပြင်သစ်သို့ ရောက်ရှိနေပြီလား

**တင်လင်းအောင်**

**အဖွဲ့ခွဲငယ်များဖွဲ့စည်းလျက် ဆီးရီးယားနိုင်ငံမှ ဘယ်လ်ဂျီယံနှင့် ပြင်သစ်သို့ ထွက်ခွာလာသော အိုင်အက်စ်စစ်သွေးကြွများက အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်နိုင်သည့် အလားအလာရှိသောကြောင့် လုံခြုံရေးကို ဂရုစိုက်ရန် ဘယ်လ်ဂျီယံအာဏာပိုင်များက မကြာသေးမီက သတိပေးမှုများပြုလုပ်ခဲ့ရသည်။**

အဆိုပါ သတိပေးမှုများကို ဘယ်လ်ဂျီယံ သတင်းစာတစ်စောင်ဖြစ်သည့် လဒါနီယားရား ဟူရီသတင်းစာတွင် ဇွန်လ ၁၅ ရက်နေ့က ဖော်ပြခဲ့သည်။ ဖော်ပြချက်တွင် ရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးအရာရှိများက လွန်ခဲ့သော တစ်ပတ်ကျော်က တိုက်ခိုက်ရေးသမားများ ဆီးရီးယားမှထွက်ခွာလာပြီး တူရကီနှင့် ဂရိတို့မှတစ်ဆင့် နိုင်ငံကူးစာအုပ်များမပါရှိဘဲ ရေလမ်းကြောင်းကို အသုံးပြုလျက် ဥရောပသို့ဝင်ရောက်မည် ဆိုသည့် သတိပေးခြိမ်းခြောက်မှုတစ်ခုကို ရရှိခဲ့ကြောင်းပါရှိသည်။

ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူများသည် အကြမ်းဖက်လုပ်ရပ်များကို ပြုလုပ်ရန် အုပ်စုနှစ်စုခွဲ၍လာမည်ဖြစ်ကြောင်း၊ အုပ်စုတစ်စုမှာ ဘယ်လ်ဂျီယံသို့ ဦးတည်ထွက်ခွာလာကြောင်း၊ တခြားအုပ်စုတစ်စုမှာ ပြင်သစ်သို့ ထွက်ခွာလာနေကြောင်း ယင်းသတင်းစာ၌ ဆက်လက်ဖော်ပြခဲ့သည်။

ဘယ်လ်ဂျီယံအာဏာပိုင်များက အဆိုပါသတင်းဖော်ပြချက်ကို ပြည်သူများ အထိတ်တလန့်မဖြစ်စေရန် လျှော့ချဖို့ကြိုးစားခဲ့သည်။

ဘယ်လ်ဂျီယံနိုင်ငံအတွက် လျှို့ဝှက်သတင်းအချက်အလက်များနှင့် အခြားအကြမ်းဖက်ဆက်စပ်သတင်းအချက်အလက်များကို ပြန်လည်သုံးသပ်မှုနှင့် ခန့်မှန်းတွက်ချက်မှုများပြုလုပ်ပေးသော အကြမ်းဖက်မှုခွဲခြမ်းလေ့လာရေးဆိုင်ရာ ညှိနှိုင်းတိုင်ပင်မှုအဖွဲ့က ယင်း၏ ထုတ်ပြန်ကြေညာချက်တွင် အဆိုပါသတင်းအချက်အလက်မှာ သတင်းစာတိုက်သို့ပေါက်ကြားခဲ့ကြောင်း၊ သို့သော်လည်း ဘယ်လ်ဂျီယံနိုင်ငံတွင် လက်ရှိပြဋ္ဌာန်းထားသော ခြိမ်းခြောက်မှုအဆင့်ကို အကျိုးသက်ရောက်မှုမရှိနိုင်ကြောင်း ပြောခဲ့သည်။ ပြင်သစ်သတင်းစာ၏ ဖော်ပြချက်အပေါ် သက်ဆိုင်ရာအာဏာပိုင်များက အငြင်းပွားမှုမပြုခဲ့ပေ။

ပါရီတိုက်ခိုက်မှုတွင် လူပေါင်း ၁၃၀ ခန့်သေဆုံးပြီးနောက် မြို့တော်ဘရပ်ဆဲလ်ကို နိုဝင်ဘာလတွင် ပိတ်ထားခဲ့ရသည်။ ပါရီတိုက်ခိုက်ခံရပြီးနောက် ဘယ်လ်ဂျီယံကို တိုက်ခိုက်လာနိုင်သည့် အလားအလာရှိကြောင်း အာဏာပိုင်များက သတိပေးမှုများ ပြုလုပ်ခဲ့ရသည်။

ဘယ်လ်ဂျီယံတွင် အကြမ်းဖက်တိုက်ခိုက်မှုပြုလုပ်ရန် လျာထားသည့်နေရာ

**ပြင်သစ်နှင့် ဘယ်လ်ဂျီယံတွင် လက်ရှိအကြမ်းဖက်အဆင့် သတိပေးမှုများ လျှော့နည်းသွားခြင်းမရှိသေးကြောင်းသိရသည်။ ပြင်သစ်အနေဖြင့် အရေးပေါ်အခြေအနေကို နိုဝင်ဘာလ ၁၃ ရက်နေ့က တိုက်ခိုက်မှုဖြစ်ပြီးကတည်းက ဆက်လက်ပြဋ္ဌာန်းထား**



ဇွန် ၁၅ရက်က ပြင်သစ်မြောက်ပိုင်း မြို့တော်လိုင်လီတွင် ပြင်သစ်တပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်နေစဉ်

ထက်ဝက်ကျော်မှာ သံရုံးများ၊ စားသောက်ဆိုင်များ၊ ဆေးရုံများ၊ ကပွဲခန်းမများ၊ အများသူငါ ဥဒဟိုသွားလာနေသောလမ်းများဖြစ်ကြောင်း တရားဝင်သတင်းထုတ်ပြန်ချက်အရသိရသည်။

လျှို့ဝှက်သတင်းအချက်အလက်များနှင့် အခြားအကြမ်းဖက်ဆက်စပ် သတင်းအချက်အလက်များကို ပြန်လည်သုံးသပ်မှုနှင့် ခန့်မှန်းတွက်ချက်မှုများပြုလုပ်ပေးသော အကြမ်းဖက်မှုခွဲခြမ်းလေ့လာရေးဆိုင်ရာ ညှိနှိုင်းတိုင်ပင်မှုအဖွဲ့မှ ညွှန်ကြားရေးမှူးက သတင်းဖော်ပြချက်နှင့်ပတ်သက်ပြီး အကြမ်းဖျင်းစုံစမ်းထောက်လှမ်းမှု သတင်းအဆင့်သာရှိကြောင်း ဖော်ပြခဲ့ သည်။

ဥရောပဖလား ၂၀၁၆ ဘောလုံးပြိုင်ပွဲများကို ပြင်သစ်နိုင်ငံတွင်ကျင်းပနေသောကြောင့် မြို့တော်အနှံ့နှင့် အားကစားရုံများအနီးတွင် ပရိသတ်များဖြင့်စည်ကားလုသော်လည်း ဘယ်လ်ဂျီယံနိုင်ငံရရှိထားသော သတင်းအချက်အလက်ကို ခြုံငုံသုံးသပ်ကြည့်မည်ဆိုလျှင် ပြင်သစ်နိုင်ငံအနေဖြင့်လည်း အကြမ်းဖက်မှုအန္တရာယ်ကို ရင်ဆိုင်ရနိုင်ကြောင်း သုံးသပ်တွေ့ရှိမည်ဖြစ်သည်။

သို့သော်လည်း ပြင်သစ်အာဏာပိုင်များက ဘယ်လ်ဂျီယံသတင်းရရှိမှုအပေါ် မည်သည့် တုံ့ပြန်မှုမှ မပြုလုပ်ခဲ့ပေ။ သို့သော်လည်း ပြင်သစ်ဝန်ကြီးချုပ် မန်နျူရယ်ဗောစ်က ဖြစ်နိုင်သမျှသော အကြမ်းဖက်မှုများကိုကာကွယ်ရန် ပြင်သစ်နိုင်ငံအနေဖြင့် ပြင်ဆင်ထားကြောင်း ရေဒီယိုထုတ်လွှင့်ချက်မှပြောကြားခဲ့သည်။

အကြမ်းဖက်မှုများကြောင့် အခြားအပြစ်မဲ့ပြည်သူများ၏ အသက်များ ဆုံးရှုံးခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ "ယခင်ရှိရင်းစွဲလုပ္ပ ပတ်ဝန်းကျင်အခြေအနေထက် စိုးရိမ်ပူပန်မှုများပိုမိုဖြစ်ပေါ်နေသဖြင့် မိမိကိုစွပ်စွဲကောင်းစွပ်စွဲကြမည်ဖြစ်သော်လည်း ၎င်းဖြစ်ရပ်များမှာ အမှန်တကယ်ဖြစ်ပွားခဲ့ကြောင်း" ၎င်းက နိုဝင်ဘာလတိုက်ခိုက်မှုနှင့် ရဲအရာရှိတစ်ဦးနှင့် ၎င်း၏ သူငယ်ချင်းဖြစ်သူတို့ တနင်္လာနေ့က အိုင်အက်စ်သစ္စာတော်ခံ အကြမ်းဖက်သမားများ၏ တိုက်ခိုက်ခံရခြင်းကို ရည်ညွှန်းပြောဆိုလိုက်သည်။

အိုင်အက်စ်အကြမ်းဖက်သမားများ၏ ရက်စက် စွာတိုက်ခိုက်ခံရသည့် တနင်္လာနေ့ တိုက်ခိုက်မှုဖြစ်ပွားခြင်းကို တုံ့ပြန်သောအားဖြင့် ပြင်သစ်သည် ၎င်း၏ လက်နက်ထိန်းချုပ်ရေးဥပဒေကို လျှော့ချလိုက်ပြီး ရဲအရာရှိများကို နားရက်များတွင် လက်နက်များယူဆောင်ခွင့်ပြုခဲ့သည်။

ဤကဲ့သို့သောတိုက်ခိုက်မှုသည် အစွန်းရောက်သမားများကြောင့်ဖြစ်ကြောင်း မိမိတို့တွင် အမြစ်မြေလှန်ပြောင်းလဲလိုသူများ သို့မဟုတ် အစွန်းရောက် သမားများ ရာကျော်ရှိနိုင်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ပြင်သစ်နှင့် ဘယ်လ်ဂျီယံတွင် လက်ရှိအကြမ်းဖက်အဆင့် သတိပေးမှုများလျှော့နည်းသွားခြင်းမရှိသေးကြောင်း သိရသည်။ ပြင်သစ်အနေဖြင့် အရေးပေါ်အခြေအနေကို နိုဝင်ဘာလ ၁၃ ရက်နေ့က တိုက်ခိုက်မှုဖြစ်ပြီးကတည်းက ဆက်လက်ပြဋ္ဌာန်းထားရသည်။

မည်သို့ဆိုစေ အကြမ်းဖက်မှုများမဖြစ်အောင် မည်သည့်နိုင်ငံမဆို ကြိုတင်ကာကွယ်မှုများပြုလုပ်ထားရမည်ဖြစ်သည်။ သို့မဟုတ်ပါက... ......

*(ကိုးကား - 15-June-2016 သည်နယူး ယောက်တိုင်းမ်)*

## ဆီးရီးယားတွင် ရုရှားစစ်လေယာဉ်များ အမေရိကန်ထောက်ခံသူပုန်တပ်ဖွဲ့များကို တိုက်ခိုက်

**ဒမတ်စကတ် ဇွန် ၁၈**

ရုရှားစစ်လေယာဉ်များသည် ဆီးရီးယားတောင်ပိုင်းတွင် အမေရိကန်ထောက်ခံတပ်ဖွဲ့များအပါအဝင် အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွများကို ကြာသပတေးနေ့က တိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း အမေရိကန် အဆင့်မြင့်အရာရှိတစ်ဦးက ပြောခဲ့သည်။



ဆီးရီးယားလေတပ်အခြေစိုက်စခန်းမှ ရုရှားစစ်လေယာဉ်တစ်စင်းပျံတက်သွားသည်ကို တွေ့ရစဉ်

အမည်မဖော်လိုသူ ၎င်းအရာရှိက အီရတ်နယ်စပ်အနီးရှိ အယ်တန့်ဖ်ရှာ အနီးတွင် ရုရှားလေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းကိုဝေဖန်ခဲ့သည်။ ရုရှားလေကြောင်းတိုက်ခိုက်မှုကြောင့် တိုက်ခိုက်ရေးသမားနှစ်ဦးနှင့် အခြားလေးဦး ဒဏ်ရာရရှိခဲ့သည်။ ရုရှားလေကြောင်းတိုက်ခိုက်မှုများပြုလုပ်ချိန်တွင် ယင်းဒေသ၌ ရုရှားသို့မဟုတ် ဆီးရီးယားမြေပြင်တပ်ဖွဲ့များမရှိကြောင်း ပြောခဲ့သည်။

ရုရှား၏ လုပ်ဆောင်ချက်များနှင့် ပတ်သက်ပြီး ရုရှား၏ရည်ရွယ်ချက်များအပေါ် စိုးရိမ်ပူပန်မှုများ မြင့်တက်လာခဲ့ကြောင်း ၎င်းအရာရှိက ပြောခဲ့သည်။

မည်သည့်အတွက် ယင်းသို့ပြုလုပ်သည်ဆိုသည့်အပေါ် ရုရှား၏ရှင်းပြချက်ကို နားထောင်ကြည့်ခြင်းနှင့် ထိုသို့နောက်တစ်ကြိမ်မဖြစ်စေရန် ကတိပေးမှုကိုလည်း စောင့်ကြည့်ရမည်ဖြစ်ကြောင်း ၎င်းကဆက်လက် ပြောကြားခဲ့သည်။

လွန်ခဲ့သောနှစ် ဒီဇင်ဘာတွင် ရုရှားတို့က လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ချိန်ကတည်းက အမေရိကန်သည် ဆီးရီးယားရှိ အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွများကို နှိမ်နင်းရာတွင် ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းကို ငြင်းဆန်ခဲ့သည်။ ထို့ပြင် အမေရိကန်ပြည်ထောင်စုအနေဖြင့် အာဆတ်အစိုးရကို အာဏာမှ ဆင်းစေလိုသည်။

**(ရိုက်တာ)**

## အီဂျစ်လေကြောင်းလိုင်းမှ ပျက်ကျသွားသည့်လေယာဉ်၏ ဒုတိယမြောက်ဘလက်ဘောက်စ် ရှာဖွေတွေ့ရှိ

**ဂျေတီ**

**ကိုင်ရို ဇွန် ၁၈**

မေ ၁၉ ရက်က ပြင်သစ်နိုင်ငံပါရီမြို့မှ အီဂျစ်နိုင်ငံကိုင်ရိုမြို့သို့ ဦးတည်ပျံသန်းနေစဉ် မြေထဲပင်လယ်ထဲသို့ပျက်ကျပြီး လေယာဉ်ပေါ်လိုက်ပါလာသောခရီးသည် ၆၆ ဦး သေဆုံးခဲ့သည့် အီဂျစ်လေကြောင်းလိုင်းမှ လေယာဉ် A320 ၏ ဒုတိယမြောက်ဘလက်ဘောက်စ်(လေယာဉ်ပျံသန်းမှုအချက်အလက်မှတ်တမ်းတင်စက်)ကို ပြန်လည်ထုတ်ယူနိုင်ခဲ့ကြောင်း အီဂျစ်စုံစမ်းစစ်ဆေးရေးအဖွဲ့က ဇွန် ၁၇ရက်တွင် ပြောကြားသည်။

အဆိုပါဘလက်ဘောက်စ်ကို လေယာဉ်ရှာဖွေရေးအတွက် ငှားရမ်းထားသော Lethbridge John အမည်ရှိ သင်္ဘောက ပြန်လည်ထုတ်ယူနိုင်ခဲ့ခြင်းဖြစ်သည်ဟု အီဂျစ်လေယာဉ်မတော်တဆဖြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်မတီက ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အီဂျစ်လေကြောင်းလိုင်းပိုင် A320 လေယာဉ်သည် မေ ၁၉ ရက်က ပါရီမြို့မှ ကိုင်ရိုမြို့သို့ဦးတည်ပျံသန်းနေစဉ် ပျက်ကျခဲ့ခြင်းဖြစ်ပြီးနောက် မကြာမီ အီဂျစ်တပ်မတော်က ကမ်းရိုးတန်းမြို့ဖြစ်သည့် အလက်ဇန္ဒရီးယားမြို့မှ မြောက်ဘက် ကီလိုမီတာ ၂၉၀ ခန့်အကွာရှိ မြေထဲပင်လယ်ထဲတွင် အဆိုပါလေယာဉ်၏ သေးငယ်သော အပိုင်းအစကို ရှာဖွေတွေ့ရှိကြောင်း ကြေညာခဲ့သည်။ လေယာဉ်၏ပျံသန်းမှုဆိုင်ရာ အမြန်နှုန်း၊ အမြင့်နှင့် ဦးတည်ရာအရပ်နှင့်ပတ်သက်သည့် အချက်အလက်များအား အလိုအလျောက်မှတ်တမ်းတင်စုဆောင်းထားသည့် အဆိုပါ မှတ်တမ်းတင်စက်ကို လေယာဉ်ပျက် အပိုင်းအစအများအပြားကြားထဲမှ ထုတ်ယူခဲ့ခြင်းဖြစ်သည်ဟု စုံစမ်းရေးကော်မတီက ဆက်လက်ပြောကြားသည်။

လေယာဉ်မှူးအခန်း၏အသံကို ဖမ်းယူမှတ်တမ်းတင်သည့် အဆိုပါလေယာဉ်၏ ပထမ ဘလက်ဘောက်စ်ကို ဇွန် ၁၆ ရက်က ပြန်ထုတ်ယူခဲ့ကြောင်း သိရသည်။ A320 လေယာဉ်၏ ဘလက်ဘောက်စ် နှစ်ခုစလုံးကို အလက်ဇန္ဒရီးယားမြို့သို့ ပို့ဆောင်ရန် ယခုကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်လျက်ရှိပြီး ရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူတစ်ဦးနှင့် စုံစမ်းစစ်ဆေးရေးမှူးများက လက်ခံရရှိမည်ဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# မယ်စဲ့မြို့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်ရန် စီစဉ်နေ

**လွိုင်ကော် ဇွန် ၁၈**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့တွင် မကြာမီကာလအတွင်း မယ်စဲ့မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲတစ်ခုကို ဖွင့်လှစ်လျက် ပြည်တွင်း၊ ပြည်ပ ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း မြန်မာ့စီးပွားရေးဘဏ် ကယားပြည်နယ်ရုံးမှ သိရသည်။

မယ်စဲ့မြို့နယ်သည် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော ကယားပြည်နယ်အတွင်းရှိ မြို့နယ်တစ်ခုဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်၏ ကုန်းတွင်းထွက်ပေါက် အချက်အချာကျသည့် ဒေသဖြစ်သည့်အားလျော်စွာ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ချက်အရ ဘဏ်ခွဲဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြန်မာ့စီးပွားရေးဘဏ် ပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာသန်း၏ ပြောကြားချက်အရ သိရသည်။

လက်ရှိအခြေအနေတွင် ပြည်နယ်အတွင်း၌ မြန်မာ့စီးပွားရေးဘဏ်က လွိုင်ကော်ခရိုင်ဘဏ်ခွဲ၊ ဘောလခဲမြို့နယ်ဘဏ်ခွဲနှင့် ဖားဆောင်းမြို့နယ်ဘဏ်ခွဲတို့ကို ဖွင့်လှစ်လျက် ပြည်တွင်း၊ ပြည်ပဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေသကဲ့သို့ ပုဂ္ဂလိကဘဏ်များဖြစ်ကြသည့် ကမ္ဘောဇဘဏ်၊ သမဝါယမဘဏ်၊ အင်းဝဘဏ်၊ ပထမပုဂ္ဂလိကဘဏ်၊ အာရှစိမ်းလန်း ဖွံ့ဖြိုးရေးဘဏ်၊ အာရှဓနဘဏ်၊ ရိုးမဘဏ်နှင့် ရွှေဆောင်ဘဏ်တို့ကလည်း လွိုင်ကော်မြို့တွင် ဘဏ်ခွဲများ ဖွင့်လှစ်ကာ လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**



# ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြော

**ဆိပ်ဖြူ ဇွန် ၁၈**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ရဲတပ်ဖွဲ့မှ ဦးစီး၍ အထက(ဆိပ်ဖြူ)ကျောင်း၌ ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေးနှင့် လူမှောင်ခိုကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာများကို ဇွန် ၁၇ ရက်က ဟောပြောခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်သောင်းသောင်းဌေးက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းမြင့်ဝင်းက ကျောင်းသား ကျောင်းသူလေးများ ယာဉ်အန္တရာယ်ကင်းဝေးရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများနှင့် လိုက်နာရမည့် စည်းကမ်းများကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ အမှတ်(၂)တပ်ဖွဲ့စု ပခုက္ကူခရိုင်တာဝန်ခံ ရဲအုပ်လှိုင်မျိုးသန့်က လူကုန်ကူးခံရမှုအကြောင်းရင်းများနှင့် လူကုန်ကူးမှုအတွက် ပြစ်မှုပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း၊ အမှတ်(၁၅) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ ပခုက္ကူလူပ်ရှားအဖွဲ့မှ ရဲတပ်ကြပ်ကြီး စိုးညွန့်အောင်က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများနှင့် ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း ဟောပြောကြပြီး အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ကျောင်းသား ကျောင်းသူများအား ဖြန့်ဝေပေးခဲ့သည်။

**စိုးလင်းနိုင် (ပြန်/ဆက်)**

# ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ပုသိမ် ဇွန် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ငရုတ်ကောင်းမြို့ အထက်တန်းကျောင်းဝင်းအတွင်း၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဇွန် ၁၈ ရက်က ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ငရုတ်ကောင်းမြို့ အထက်တန်းကျောင်းပတ်ဝန်းကျင်ရှိ အမှိုက်များ၊ ချုံနွယ်၊ မြက်ပင်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေလှောင်ကန်အတွင်းရှိ မသန့်ရှင်းသောရေများကို ရေစုပ်စက်ဖြင့်စုပ်ထုတ်၍ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ကြီးမားသောသစ်ပင်ကြီးများကို ကိုင်းချိုင်ပေးခြင်းစသည့် လုပ်ငန်းများကို ငရုတ်ကောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးမျိုးလင်းအောင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ငရုတ်ကောင်းမြို့အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာဆရာမများ၊ မြို့စည်ပင်သာယာရေး ကော်မတီအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်း၍ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

**ပြုံးမောင်မောင်(ပြန်/ဆက်)**



# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ပညာပေးဟောပြော

**ရန်ကုန် ဇွန် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(မြင်သာ)၏ ရက် ၁၀၀ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်မှုအဖြစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇွန် ၁၅ ရက် က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင် ရေး ညွှန်ကြားမှုဦးစီးဌာနမှူး ဦးသိန်းဦးက ယာဉ်မောင်း သူများနှင့် လမ်းအသုံးပြုသူများ ထားရှိရမည့် စိတ်နေ စိတ်ထားများ၊ မော်တော်ယာဉ်မောင်းစဉ်နှင့် လမ်းဖြတ် ကူးစဉ်အချိန်များတွင် ဖုန်းအသုံးပြုခြင်းများ မပြုလုပ်ရန်၊ ယာဉ်များ မောင်းနှင်စီးနင်းစဉ် ထိုင်ခုံခါးပတ်များပတ်ထားရန် စသည့်အချက်များအပါအဝင် ဆောင်ရန် ရှောင်ရန် အကြောင်းအရာများကိုလည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(မြင်သာ)မှ စစ်ဆေးရေးမှူး(၂) ဦးပြည့်စုံက ယာဉ်မောင်းသူများလိုက်နာရန် စည်းကမ်းများနှင့် လမ်းညွှန်အမှတ်အသား များအကြောင်း၊ ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုများအကြောင်း စသည့်အချက်များကိုလည်းကောင်း ဟောပြောခဲ့ကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာဆောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**


## ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်(၆၈၁)၊ ၇၄×၇၅ လမ်းကြား၊ ၃၄×၃၅ လမ်းကြားနေ **ဦးညီညီဦး** ၉/ခအဇ(နိုင်)၀၃၆၁၃၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ပူးတွဲဖော်ပြပါ အမှတ်တံဆိပ်ပါ "G.M" GAMMA ELECTRONIC ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား လျှပ်စစ်ပစ္စည်းအမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တစ်ဝန်းလုံးအား ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုန်အမှတ်တံဆိပ်ကြေညာစာတမ်းစာချုပ်အမှတ် (၁၈၅၆/၂၀၁၄)ဖြင့် တရားဝင်မှတ်ပုံတင်သွင်းပြီး ဖြစ်ပါသည်။

G.M
GAMMA ELECTRONIC

ကျွန်ုပ်တို့၏မိတ်ဆွေ **ဦးညီညီဦး**သည် အထက်ဖော်ပြပါ အမှတ်တံဆိပ်ပါ "G.M" GAMMA ELECTRONIC ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုးတို့ကို အခြားမည်သူ တစ်စုံတစ်ဦးကိုမျှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခွင့်ပြုထားခြင်း မရှိပါ။ ကြေညာသူ၏တစ်ဦးတည်းမူပိုင် အမည်တံဆိပ်ဖြစ်ပါသဖြင့် ကြေညာသူ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ဖြင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုးတို့ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း၊ တုပ၍ပုံသဏ္ဌာန်တူအောင်ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ အတုအပ ပြုလုပ်သုံးစွဲခြင်း မပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။ ပြုလုပ်ဆောင်ရွက်ပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာနည်အောင် LL.B**
**တရားလွှတ်တော်ရှေ့နေ**
**ဒေါ်သန်းသန်းဝင်း LL.B ဒေါ်အေးသီတာအောင် LL.M**
**အထက်တန်းရှေ့နေများ**
**၂၄လမ်း၊ ၆၂×၆၃ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၂၅၉၀၈၈၁၆၆၊ ၀၉-၉၁၀၄၈၈၀၆၊ ၀၉-၄၀၂၅၇၇၁၉၂၊ ၀၉-၇၉၈၆၉၉၅၄၄**

## San HLa Co.,Ltd. ဦးအုန်းလွင်(မန်နေဂျင်းဒါရိုက်တာ)နှင့် ဦးသော်ဇင်အုန်း (ဒါရိုက်တာအဖွဲ့ဝင်)တို့နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် ၇၉၁၊ ခုနစ်လွှာ၊ ဘုန်းကြီးလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် နေထိုင်သူ ဦးထွေးမောင် ၅/ကလထ(နိုင်)၀၀၂၄၉၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီညွှန်ကြားရေးမှူးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတွင် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ် ၁၄၄၆/၂၀၁၂-၂၀၁၃၊ (ရက)/၁၃-၇-၂၀၁၂ ဖြင့် အုပ်ချုပ်မှုဒါရိုက်တာ ဦးအုန်းလွင် ဦးဆောင်ပြီး ကျွန်ုပ်မိတ်ဆွေ ဦးထွေးမောင်၊ ဒါရိုက်တာအဖွဲ့ဝင်(၂)ဦးတို့ ပါဝင်သော San HLa Co.,Ltd ကို ဖွဲ့စည်းစတင်တည်ထောင်ပြီး လုပ်ငန်းများကို အတူပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။

ထိုသို့ကုမ္ပဏီဖွဲ့စည်းတည်ထောင်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆန်းလှကုမ္ပဏီနှင့် ထိုက်အံ့ထူးကုမ္ပဏီတို့မှ မန္တလေးမြို့တော်စည်ပင်နှင့် ဆောက်လုပ်ရေးဌာနမှ မြို့သာ-ငါန်းဇွန်လမ်းပိုင်း၊ မလှိုင်မြို့နယ်၊ ခရိုင်ချင်းဆက်လမ်းပိုင်းများကို ကျွန်ုပ်မိတ်ဆွေ ဦးထွေးမောင်နှင့် ဦးအုန်းလွင်တို့ အကျိုးတူဆောင်ရွက်ခဲ့ကြပါသည်။ အကျိုးတူဆောင်ရွက်ရာတွင်လုပ်ငန်းများပြီးစီး၍ ငွေထုတ်ရာတွင် ကျွန်ုပ်မိတ်ဆွေအားအသိမပေးဘဲ ကိုယ်စားလှယ်လွှဲစာအတုဖြင့် ငွေများထုတ်ယူသွားကြောင်း ကျွန်ုပ်မိတ်ဆွေ၏ပြောကြားချက်အရ သိရှိရပါသည်။

ငွေများထုတ်ယူရရှိပြီးနောက် အာမခံကြေး ၅ ရာခိုင်နှုန်းကိုသာ ကျွန်ုပ်မိတ်ဆွေအား ရှင်းလင်းပေးပြီး လုပ်ငန်းအကျိုးတူခွဲဝေပေးရမည့် ငွေကြေးများကို အကြိမ်ကြိမ်ရှင်းလင်းပေးမည်ဟု ချိန်းဆိုခဲ့သော်လည်း ယနေ့တိုင်ရှင်းလင်းပေးခြင်းမရှိကြောင်းသိရှိရသည့်အပြင် ၂၃-၂-၂၀၁၆ ရက်စွဲပါ စာမှတ်တမ်းနှင့် ပူးတွဲတင်ပြသည့် ကုမ္ပဏီအစုရှယ်ယာ ငွေလွှဲပြောင်းပေးသည့် မှတ်တမ်းတို့တွင် အစုရှယ်ယာရှင်နှင့် ဒါရိုက်တာတာဝန်မှ နုတ်ထွက်ခွင့်ပြုပါရန်တင်ပြသော စာမှတ်တမ်းတို့တွင် ဦးထွေးမောင်ဟူသော အမည်ပေါ်တွင် ရေးထိုးထားသော လက်မှတ်များမှာလည်း ကျွန်ုပ်မိတ်ဆွေ ဦးထွေးမောင်၏ လက်မှတ်မဟုတ်ဘဲ လက်ရေးလက်မှတ်တုဖြင့် ရေးထိုးထားကြောင်းသိရှိရပါသည်။

အထက်တွင် ဖော်ပြပါအကြောင်းအရာများအရ အကျိုးတူလုပ်ခဲ့သော လုပ်ငန်းများနှင့်ပတ်သက်၍ ငွေစာရင်းရှင်းတမ်းကို ၃၀-၆-၂၀၁၆ ရက် နောက်ဆုံးထားပြီး၊ ကျွန်ုပ်မိတ်ဆွေနှင့် တွေ့ဆုံရှင်းလင်းပေးရန်နှင့် ကျွန်ုပ်မိတ်ဆွေ လက်မှတ်တုများဖြင့် ရေးထိုးဆောင်ရွက်ခြင်းအပေါ် သက်ဆိုင်ရာဌာနသို့ အမြန်ဆုံးပြန်လည်ရှင်းလင်းတင်ပြပေးရန် အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း စာရင်းရှင်းလင်းခြင်း မပြုပါက လူကြီးမင်းတို့အား တရားမကြောင်းအရလည်းကောင်း၊ ပြစ်မှုကြောင်းအရလည်းကောင်း၊ အမှုဖွင့်လှစ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဒေါ်နေရည်လှိုင် | ဒေါ်ခိုင်နွယ်ဝင်း | ဦးတိုး |
| LL.B, D.B.L | LL.B, D.B.L | LL.B, Dip in Business Law, |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | C.A.B.L |
| (စဉ်-၃၄၈၀၅) | (စဉ်-၁၀၈၀၈) | တရားလွှတ်တော်ရှေ့နေ |
| | ဖုန်း-၀၉-၉၁၀၄၁၁၃၂ | (စဉ်-၃၅၄၂) ၂၄-၁-၈၆ |
| ဒေါ်အေးသီတာထွန်း | ဒေါ်အေးအေးမိုး | အကွက် (ဏ-၁/၄၆)၊ |
| LL.B, D.B.L | LL.B, D.I.L | စွယ်တော်လမ်းနှင့် သရဖီ |
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | လမ်းကြား၊ ၆၄×၆၅လမ်းကြား၊ |
| (စဉ်-၃၂၂၅၇) | (စဉ်-၄၁၃၅၅) | ချမ်းမြသာစည်မြို့နယ်၊ |
| ဒေါ်အိအိဖြိုး | | မန္တလေးမြို့၊ |
| LL.B, D.I.L, D.B.L, D.I.R | | ဖုန်း-၀၉-၂၀၂၉၀၀၄၊ |
| အထက်တန်းရှေ့နေ(စဉ်-၄၂၇၂၈) | | ၀၉-၅၁၂၇၀၄၈ |

ဥယျာဉ်မှူး ဗိုလ်လောင်းဝင်ခွင့်သင်တန်း
**DSMA, DSTA, DSA**
အင်္ဂလိပ်၊ သင်္ချာ၊ ဇီဝ နှင့်
အထွေထွေဗဟုသုတ ဘာသာရပ်များ
တာမွေ၊ ရွှေဗဟိုဆေးရုံရှေ့။ 09-5114804, 09-420042800

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဂ/၁၁၇၅၊ Howosino truck 223317N3067W, Dump truck (8x4)L T/S ယာဉ်လက်ဝယ်ရှိသူ Asia world Co; Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံးခွဲ(ရွာသာကြီး) ရန်ကုန်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် BB/4160၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းဌေးကြွယ်(က)ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ်(၁၆)၊ နှစ်ခန်းတွဲ လေးထပ်တိုက်အဆောက်အအုံ၏ တစ်လွှာ၊ မြေညီထပ်၊ (ခြေရင်းခန်း)၊ (လက်ယာခန်း)၊ အကျယ်(၁၁ပေ×ပေ၅၀)ရှိ ရေမီးအပြည့်အစုံပါရှိသည့် တိုက်ခန်းတစ်ခန်းနှင့် ၎င်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တိုက်ခန်းအရောင်းအဝယ်စာချုပ် အဆက်ဆက်တို့အပါအဝင် ၂-၁၀-၂၀၁၃ ရက်တွင် နောက်ဆုံးချုပ်ဆိုခဲ့သော ဦးစိုးသန့် ၆/ထဝန(နိုင်)၀၁၁၂၉၅ နှင့် ဒေါ်အေးမြတ်မွန်ထွေး ၁၂/တမန(နိုင်)၁၀၂၄၁၀ တို့ နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင်လွှဲပြောင်းရောင်းဝယ်ခြင်း ကတိစာချုပ်အရ ရောင်းချသူ ဒေါ်အေးမြတ်မွန်ထွေးက မိမိတစ်ဦးတည်း ဝယ်ယူပိုင်ဆိုင်လျက်ရှိပြီး၊ ၎င်းတိုက်ခန်းအား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူတစ်ဦးဖြစ်ကြောင်း ဝန်ခံကတိပြုပြောဆိုလာသည်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ယုံကြည်ပါ၍ ဝယ်ယူရန်စရန်ငွေအချို့ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ် စာတမ်းများနှင့်တကွ ၃၀-၆-၂၀၁၆ ရက်နောက်ဆုံးထား၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ၎င်းသတ်မှတ်ရက်ကျော်လွန်ပါက ၎င်းတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန္တာမျိုး ၁၀/မလမ(နိုင်)၁၇၆၂၀၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှမျိုး LL.B, D.I.L, WIPO (SWITZERLAND)**
**တရားလွှတ်တော်ရှေ့နေ (၇၀၈၁)**
**အမှတ်(၈၃/၁၅)၊ တတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**အမှတ်(၆၁)၊ မြေညီထပ်၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၀၇၃၄၉၄၆၊ ၀၉-၇၈၄၆၀၉၃၃၅**

# ၁၂ ဘီးယာဉ် လမ်းဘေးထိုးကျ

**ဖြူး ဇွန် ၁၈**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ ရန်ကုန်-မန္တလေး လမ်းဟောင်း မိုင်တိုင်အမှတ် (၁၄၂/၅)နှင့် (၁၄၂/၆) ကြား ဖြူးချောင်းတံတားတောင်ဘက် လျှပ်စစ်ရုံးအနီးတွင် ဇွန် ၁၇ ရက် နံနက် ၆ နာရီခန့်က ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ကုန်မျိုးစုံတင်ဆောင်ပြီး ယာဉ်မောင်း ခိုင်ထူး (၃၇နှစ်) ၁၆ ရပ်ကွက် မြင်းခြံမြို့နေသူ မောင်းနှင်လာသော ၁၂ ဘီး ယာဉ်အမှတ် 9E/---- သည် ယာဉ်မောင်းအိပ်ငိုက်ပြီး လမ်းယာဘက် ကျောက်တိုင်ကို တိုက်မိကာ လမ်းဘေးသို့ ထိုးကျသွားခဲ့သည်။

ယာဉ် မောင်းနှင်သူ ခိုင်ထူးအား ဖြူးမြို့မရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**



# ရေနံချောင်းမြို့တွင် မီးပလပ်ခုံအပူလွန်ကဲ၍ မီးလောင်မှုဖြစ်

**ရေနံချောင်း ဇွန် ၁၈**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ မြေနီခင်တောင်ရပ်ကွက် ရွာမလမ်းတွင် ဇွန် ၁၈ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ က ဒေါ်ခင်အေးသီ၏ အိမ်အပေါ်ထပ်တွင် မီးပလပ်ခုံအပူလွန်ကဲရာမှ မီးကူးစက်လောင်ခဲ့ပြီး နေအိမ်တစ်လုံး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကို ရေနံချောင်းမြို့မှ မီးသတ်ယာဉ်လေးစီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုနှင့်ပတ်သက်၍ ဒေါ်ခင်အေးသီအား လက်မှတ်ကုန်းရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပဲတီစိမ်းခင်းအား ပိုးသတ်ဆေးဖျန်းစဉ် အမျိုးသမီးတစ်ဦး အဆိပ်သင့်၍ လဲကျသေဆုံး

**မြို့သစ် ဇွန် ၁၈**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် သုံးခွတဲတိုက်တွင် အမျိုးသမီးတစ်ဦး ပိုးသတ်ဆေးဖျန်းစဉ် အဆိပ်သင့်၍ လဲကျသေဆုံးခဲ့မှု ဇွန် ၁၇ ရက်က ဖြစ်ပွားခဲ့ကြောင်းနယ်မြေခံရဲစခန်းမှသိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၇ ရက် နံနက် ၁ နာရီ ၄၅ မိနစ်က မြို့သစ်ပြည်သူ့ဆေးရုံမှ အဆိပ်သောက်မိ၍ သေဆုံးနေသော အမျိုးသမီးအလောင်းရောက်ရှိကြောင်း သတင်းပေးချက်အရ မြို့သစ်မြို့မရဲစခန်းမှ ရဲအုပ်မင်းမင်းစိုး သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မစိုး (၃၀နှစ်) သုံးခွတဲတိုက် အင်ရွာကြီးအုပ်စု မြို့သစ်မြို့နယ်နေသူဖြစ်ပြီး ၎င်းသည် ဇွန် ၁၆ ရက် ညနေ ၃ နာရီခွဲက ပိုးသတ်ဆေးပုံးကို နောက်ကျောတွင်လွယ်ပြီး ပဲတီစိမ်းခင်းအား ဆေးဖျန်းရာမှ ညနေ ၅ နာရီထိ တဲတိုက်နေအိမ်သို့ ပြန်လည်ရောက်ရှိခြင်းမရှိ၍ မစိုး၏မိခင်ဖြစ်သူက သွားရောက်ရှာဖွေရာ ပဲတီစိမ်းခင်းတွင် ဆေးဖျန်းပုံးအားလွယ်လျက် လဲကျနေသည်ကို တွေ့ရှိရသဖြင့် တဲတိုက်သို့ပြန်လည်ခေါ်ဆောင်လာခဲ့သည်။မစိုးအား မြို့သစ်ဆေးရုံသို့ပို့ဆောင်စဉ် လမ်း၌သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မြို့သစ်မြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# လက်နှစ်ဖက်တုပ်ချည်ပြီး ကျောက်အိတ်များဆွဲထားသော လူသေအလောင်းတစ်လောင်း ချောင်းအတွင်းမှတွေ့

**ပုဏ္ဏားကျွန်း ဇွန် ၁၈**

စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ကြံခင်းကျေးရွာအနီး တောက်တဲ့ချောင်းအတွင်း ဇွန် ၁၆ ရက် နံနက်က လူသေအလောင်း တစ်လောင်း တွေ့ရှိခဲ့သည်။

အဆိုပါအလောင်းအား မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့စစ်ဆေးရာ အလောင်းကို လက်မောင်းနှစ်ဖက်နောက်မှ ပုဆိုးဖြင့် ချည်နှောင်ကာ ဦးခေါင်းအား စောင်တစ်ထည်ဖြင့် ရစ်ပတ်လျက် ဘိလပ်မြေအိတ်ခွံအတွင်း လမ်းခင်းကျောက်များထည့်ပြီး ချည်ထားသော အိတ်တစ်လုံးနှင့် ကျောက်များပွင့်ထွက်သွားဟန်ရှိသော အိတ်ခွံတစ်လုံးတို့ကို တွေ့ရှိရကြောင်း၊ အလောင်းမှာ ပုပ်ပွနေပြီး မည်သူမည်ဝါဖြစ်သည်ကို ကြည့်ရှုမရတော့ကြောင်း၊ ကျောကုန်းတွင် ဒဏ်ရာဟုထင်ရသော ညိုမည်းရောင်အစင်းကြောင်းတစ်ခုကိုသာ တွေ့ရှိရပြီး ဝဲဘက်လက်မောင်းတွင် ဆေးမင်ကြောင် ထိုးထားသည့် (၃၅နှစ်)ခန့်အရွယ်ရှိ လွန်ခဲ့သော တစ်ပတ်၊ ၁၀ ရက်ခန့်က အသတ်ခံရကာ အလောင်းဖျောက်ဖျက်ခဲ့ဟန်ဖြစ်နိုင်ကြောင်း၊ အနီးဝန်းကျင်ကျေးရွာများအတွင်း တစ်စုံတစ်ရာ လူပျောက်သတင်း မတွေ့ရခြင်းအတွက် ပတ်ဝန်းကျင်ကျေးရွာများမှ ဖြစ်နိုင်ခြေနည်းကြောင်း မြို့နယ်ရဲတပ်ဖွဲ့၏သတင်းများအရသိရသည်။

အလောင်းကို ယိုးတရုတ်တိုက်နယ် ဆေးရုံသို့ ပို့ဆောင်ပြီး အမှုမှန် တရားခံဖော်ထုတ်နိုင်ရေးအတွက် သဲတက်နယ်မြေရဲစခန်းက ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိသည်။

**လှဘော်သူ**

# လိုင်းကားယာဉ်မောင်းအရှိန်မထိန်းနိုင်၍ အိမ်စီးကားများတိုက်မိ

**ရန်ကုန် ဇွန် ၁၈**

တာမွေဘက်မှ ရန်ကုန်မြို့ထဲဘက်သို့ မောင်းနှင်လာသော (၃၉) လိုင်းကားယာဉ်သည် ဇွန် ၁၈ ရက် ညနေ ၅ နာရီ ၄၅ မိနစ်က ၁၄၇ လမ်းနှင့် ဗညားဒလလမ်း ထိပ်အရောက်၌ အရှိန်မထိန်း နိုင်ဘဲ 9J/---- ကိုရိုလာ ယာဉ်နှင့် 5G/---- ဟွန်ဒါဖစ်ယာဉ်တို့ကို ဝင်တိုက်မိသည်။

ကိုရိုလာယာဉ်မှာ တရွတ်တိုက်ပါသွားပြီး အမှတ် ၃၃၁ အိမ်၏ ဆေးဆိုင်နှင့် ဖုန်းဆိုင်ရှေ့ထဲဝင်သွားသည်။ လိုင်းကား ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားသည်။ ယာဉ်တိုက်မှုကြောင့် ပတ်ဝန်းကျင်မှ လူ နှစ်ဦး ထိခိုက်ဒဏ်ရာရ၍ အရေးပေါ်ပို့ထားရကြောင်းနှင့် ယာဉ်မောင်းအား အရေးယူရန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှလှ**




## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၄)၊ A-5၊
မဟာဇေယျလမ်းနေ
ဦးအောင်မြတ်ထွန်း-ဒေါ်ခင်မို့မို့တို့၏သားကြီး
မောင်မင်းထက်အောင်၏အစ်ကို

**မောင်သီဟအောင်** B.Sc(Botany) နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊
အမှတ် ၁၉၆၊ ၃၃ လမ်းနေ
ဒေါက်တာမြတ်လွင် (ပါမောက္ခချုပ်)၊
မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်-
ဒေါ်ခင်မမကျော်(မခိုင်)တို့၏ တစ်ဦးတည်းသောသမီး

**မမြတ်သဥ္ဇာခိုင်** LL.B(Law)

တို့သည် ၁၈-၆-၂၀၁၆ ရက်တွင် Western Park Royal Restaurant ၌ နှစ်ဖက်မိဘများနှင့် ဂုဏ်သရေရှိလူကြီးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်သီဟအောင်-မမြတ်သဥ္ဇာခိုင်**

## မြန်မာ့သစ်လုပ်ငန်း
## ပစ္စည်းအဟောင်းများ အိတ်ဖွင့်လေလံရောင်းချရန်ကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားသစ်ထုတ်ရေးဒေသနှင့် ဗန်းမော်သစ်ထုတ်ရေးဒေသတို့ရှိ အောက်ဖော်ပြပါ ပစ္စည်းအဟောင်းများအား အိတ်ဖွင့်လေလံတင် ရောင်းချမည်ဖြစ်ပါသည်။

(က) တာယာ - ၅၉၆ လုံး
(ခ) ဘက်ထရီ - ၂၄၆ လုံး

၂။ **လေလံတင်ရောင်းချမည့်နေရာ** - ဒုတိယအထွေထွေမန်နေဂျာရုံး၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့
၃။ **လေလံရောင်းချမည့် ရက်နှင့်အချိန်** - ၇-၇-၂၀၁၆ ရက် နံနက် ၁၀း၀၀နာရီ
၄။ **လေလံလျှောက်လွှာနှင့်စည်းကမ်းချက်ပုံစံရောင်းချမည့် ရက်နှင့်နေရာ** - ၂၅-၆-၂၀၁၆ ရက်မှ ၆-၇-၂၀၁၆ ရက်ထိ (ရုံးချိန်အတွင်း) ဒုတိယအထွေထွေမန်နေဂျာရုံး၊ ကချင်ပြည်နယ်၊ မြို့မရပ်ကွက်၊ ဆမားလမ်း၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၇၄-၂၂၃၁၃

## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာရေးဦးစီးဌာန (မန္တလေးရုံးခွဲ)
## ရေနံချောင်းဒီဂရီကောလိပ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရေနံချောင်းဒီဂရီကောလိပ်တွင် အသုံးပြုရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(၁) စက်ပစ္စည်းများ
(၂) အခြားရုံးသုံးပစ္စည်းများ (Laboratory Equipment)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၀-၆-၂၀၁၆ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၀-၇-၂၀၁၆ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါရောင်းချမည့်လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ ဥက္ကဋ္ဌ၊ ပစ္စည်းဝယ်ယူရေးကော်မတီ၊ ရေနံချောင်းဒီဂရီကောလိပ်၊ ရေနံချောင်းမြို့ဖြစ်ပါသည်။
၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၀-၂၁၄၅၉သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **ပစ္စည်းဝယ်ယူရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မိုင်းဆတ်ခရိုင်နှင့် တည်ဆောက်ရေး(၁) လမ်းအထူးအဖွဲ့(၃)တို့မှ တာဝန်ယူ ဆောင်ရွက်သော မိုင်းဆတ်ခရိုင်အတွင်းရှိ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း၊ တံတားလုပ်ငန်းများအတွက် လိုအပ်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

(၁) ခွဲကျောက်ရွယ်စုံ
(၂) ဘိလပ်မြေ
(၃) သံချောင်းရွယ်စုံ
(၄) ဒေသသစ်
(၅) သဲ

**တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၉-၆-၂၀၁၆ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - ညနေ ၃း၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်** - ၃၀-၆-၂၀၁၆ ရက်
**တင်ဒါဖွင့်မည့်အချိန်** - နံနက် ၁၀း၀၀နာရီ
**တင်ဒါဖွင့်မည့်တည်နေရာ** - လမ်းဦးစီးဌာန၊ မိုင်းဆတ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ မိုင်းဆတ်မြို့

၂။ တင်ဒါလျှောက်လွှာပုံစံများကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မိုင်းဆတ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ၁၇-၆-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **တင်ဒါစိစစ်ရေးကော်မတီ၊ ဖုန်း-၀၈၄-၆၀၂၂၀**

## ပညာရေးဝန်ကြီးဌာန၊ မြင်းခြံဒီဂရီကောလိပ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မြင်းခြံဒီဂရီကောလိပ်တွင် အသုံးပြုရန်လိုအပ်သော ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။
၂။ **တင်ဒါတင်သွင်းလွှာပုံစံများရောင်းချမည့်ရက်** - ၂၀-၆-၂၀၁၆ ရက်
**တင်ဒါတင်သွင်းလွှာပုံစံပိတ်မည့်ရက်နှင့်အချိန်** - ၂၀-၇-၂၀၁၆ရက် ၁၆း၃၀ နာရီ
၃။ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း စီမံ/ဘဏ္ဍာဌာန ဖုန်း-၀၉-၄၇၁၂၆၀၀၃၊ ၀၉-၄၀၂၅၄၁၂၅၇ တွင် လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်တွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများဝယ်ယူလိုပါသည်။ စိတ်ပါဝင်စားသူများအနေဖြင့် ၂၀-၆-၂၀၁၆ ရက်မှစတင်၍ ဤတက္ကသိုလ်၊ ဘဏ္ဍာရေးဌာနခွဲ-၂တွင် အိတ်ဖွင့်ဈေးနှုန်းလွှာပုံစံနှင့် စည်းကမ်းသတ်မှတ်ချက်များကို ရယူနိုင်ပါသည်-

| | | |
|---|---|---|
| ၁။ | Non Control Items | ၄ မျိုး |
| ၂။ | စက်ပစ္စည်းများ | ၃ မျိုး |
| ၃။ | ရုံးသုံးစက်ပစ္စည်းများ | ၂ မျိုး |
| ၄။ | ပရိဘောဂပစ္စည်းများ | ၁၇ မျိုး |

၂။ အိတ်ဖွင့်ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၀-၇-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) ၁၆း၃၀နာရီဖြစ်ပြီး ဤတက္ကသိုလ် အိတ်ဖွင့်ဈေးနှုန်းလွှာ စိစစ်လက်ခံရေးအဖွဲ့ ရုံးခန်းသို့ နမူနာပစ္စည်း(သို့မဟုတ်) ပုံပြစာရွက်စာတမ်းများနှင့်အတူ အရောက်ပေးပို့တင်သွင်းရပါမည်။
၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဤတက္ကသိုလ်၊ ပစ္စည်းဌာနနှင့် ဖုန်း ၀၁-၂၃၀၄၂၉၃၊ ၀၁-၂၃၀၄၂၉၂ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**ရန်ကုန်အဝေးသင်တက္ကသိုလ်**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ ကရင်စုရပ်ကွက်၊ အထက (၂) ကျောင်းဝင်းနေ မောင်မျိုးမင်းသန်း တက္ကသိုလ်ဝင်တန်း အထက(၂) သာယာဝတီ၏ ဖခင်အမည်မှန်မှာ ဦးစောလယ်စေး ၇/သဝတ(နိုင်) ၀၂၀၆၃၄ဖြစ်ပါကြောင်း။ **ဦးစောလယ်စေး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် AA/5228 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဏ/၇၀၄၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/1134 ၏ အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

ကျော့ဖုံးမှ

အနိုင်ရလဒ်ကြောင့် ထိပ်ဆုံးငါးသင်းအတွင်း ရောက်ရှိလာခဲ့သည်။

ဧယျာရွှေမြေအသင်းသည် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သော်လည်း အိမ်ကွင်း၌ ပုံမှန်ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရသည့် Southern အသင်းသည် အဝေးကွင်းဖြစ်သောကြောင့် ခံစစ်အသားပေးကစားခဲ့ပြီး ဧယျာရွှေမြေအသင်း တိုက်စစ်ဆင်ခွင့်မရရှိရန် ကွင်းလယ်မှ စတင်ဖျက်ထုတ်ခဲ့သည်။ ပထမပိုင်းတွင် အခွင့်အရေးဖန်တီးနိုင်ခြင်းမရှိသောကြောင့် ဧယျာရွှေမြေအသင်းသည် ဒုတိယပိုင်းတွင် ကစားသမားအပြောင်းအလဲပြုလုပ်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ Southern အသင်းသည် အဝေးကွင်း သရေတစ်မှတ်ရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ၇၈ မိနစ်တွင် ဂိုးပေးခဲ့ရသည်။ ဧယျာရွှေမြေအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို တိုက်စစ်မှူး မာစီယိုက သွင်းယူခဲ့ခြင်းဖြစ်သည်။

အခြားပွဲစဉ်များတွင် သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းက ရခိုင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဇွဲကပင်အတွက် တင်ဝင်းအောင်နှင့် ပက်ထရစ်တို့က ဂိုးများသွင်းယူခဲ့ပြီး အာတာပါကရခိုင်အတွက် ချေပဂိုးတစ်ဂိုး ပြန်သွင်းယူခဲ့သည်။ တောင်ငူကွင်း၌ ကျင်းပသောပွဲတွင် ဟံသာဝတီနှင့် ရောဝတီအသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ခရစ္စတိုဖာက ရောဝတီအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ဘမ်ဘာက ဟံသာဝတီအတွက် ချေပဂိုးပြန်သွင်းယူခဲ့သည်။

ယနေ့ပွဲအဖြစ် YUSC ကွင်း၌ ရန်ကုန်နှင့် ရှမ်းယူနိုက်တက်၊ သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက်နှင့်မကွေး၊ ဗထူးကွင်း၌ ရတနာပုံနှင့် Horizon တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

## မြန်မာအမျိုးသမီး ဖူဆယ်အသင်း ဗန်ကောက်ကလပ်နှင့်ခြေစမ်းပွဲတွင် အနိုင်ရရှိ

**ဗန်ကောက် ဇွန် ၁၈**

ထိုင်းနိုင်ငံတွင် လေ့ကျင့်မှုများပြုလုပ်နေသည့် မြန်မာအမျိုးသမီး ဖူဆယ်အသင်းသည် ဒုတိယခြေစမ်းပွဲအဖြစ် ဗန်ကောက်အမျိုးသမီး ဖူဆယ်ကလပ်အသင်းနှင့် ယနေ့ ညနေပိုင်းက ဗန်ကောက်မြို့၌ ခြေစမ်းကစားခဲ့ရာ နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းသည် ထိုင်းခြေစမ်းခရီးစဉ်တွင် ခြေစွမ်းပြကစားလျက်ရှိပြီး နှစ်ပွဲဆက်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းအတွက် ဂိုးများကို ပထမပိုင်းတွင် ဝါဝါခိုင်၊ ဒုတိယပိုင်းတွင် တင့်တင့်ထွန်းတို့က သွင်းယူပေးခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ဇွန် ၁၄ ရက်မှစတင်ကာ ဗန်ကောက်မြို့၌ လေ့ကျင့်နေခြင်းဖြစ်ပြီး ခြေစမ်းပွဲများတွင် ထိုင်းအမျိုးသမီးကလပ်အသင်းများဖြစ်သည့် Konkan အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဗန်ကောက်အသင်းကို နှစ်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာဖူဆယ်အသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် ဇွန် ၁၉ ရက်တွင် Arbac အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

# ယူရို ၂၀၁၆ စပိန် ဂိုးပြတ်နိုင်ပြီး ချက်နှင့် ခရိုအေးရှားသရေဖြစ်

**သီဟ**



ယူရို ၂၀၁၆ အုပ်စု(ဃ)မှပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာ စပိန်က တူရကီကို သုံးဂို-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချက်နှင့် ခရိုအေးရှားပွဲတွင် တစ်ဖက် နှစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ဇွန် ၁၈ ရက်နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် စပိန်နှင့် တူရကီပွဲတွင် စပိန်အသင်းအတွက် အနိုင်ဂိုးများကို မိုရာတာက ပွဲချိန် ၃၄ မိနစ်နှင့် ၄၈ မိနစ် **(ယာပုံ)**တွင် သွင်းယူခဲ့ပြီး ၃၇ မိနစ်တွင် နိုလီတိုက သွင်းယူခဲ့သည်။

ဇွန် ၁၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ချက်အသင်းနှင့် ခရိုအေးရှားပွဲတွင် ပွဲချိန် ၃၇ မိနစ်၌ အိုင်ဗန်ပါရီဆစ်က ခရိုအေးရှားအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ဒုတိယပိုင်း ၅၉ မိနစ်တွင် အိုဗန်ရာကီတစ်က ဒုတိယဂိုးသွင်းယူခဲ့၍ ခရိုအေးရှားတို့နှစ်ဂိုးအသာဖြင့် ဦးဆောင်ထားခဲ့သည်။ ၇၆ မိနစ်တွင် မီလန်စကိုဒါက ချက်အတွက် ချေပဂိုးတစ်ဂိုးသွင်းယူပြီး ပွဲပြီးခါနီး မိနစ် ၉၀ တွင် ချက်အသင်း ပယ်နယ်တီကန်ခွင့်ရကာ နီဆစ်က ဒုတိယမြောက် ချေပဂိုးသွင်းယူခဲ့သည်။

အုပ်စု(ဃ)၌ နှစ်ပွဲကစားအပြီး စပိန်က ရမှတ်ခြောက်မှတ်၊ ခရိုအေးရှားက လေးမှတ်နှင့် ချက်က တစ်မှတ်၊ တူရကီအသင်းက အမှတ်မရသေးပေ။ အုပ်စု (ဃ) ပွဲစဉ်များယှဉ်ပြိုင်ခဲ့ရာတွင် စပိန်နှင့်တူရကီပွဲ၌ တူရကီပရိသတ်တချို့က မီးကျည်များကို ပွဲကြည့်စင်ပေါ်တွင် ကိုင်ဆောင်မှုများပြုလုပ်ခဲ့ပြီး ချက်နှင့် ခရိုအေးရှားတို့ပွဲတွင်လည်း ခရိုအေးရှားဆိုးသွမ်းပရိသတ်တချို့က ဘောလုံးကွင်းထဲသို့ မီးကျည်များပစ်လွှတ်ခဲ့သည်။ ပွဲကြည့်စင်တွင် နှစ်ဖက်ပရိသတ်များ အချင်းများမှုဖြစ်ခဲ့ရာ ယူအီးအက်ဖ်အေ အဖွဲ့ချုပ်က ဆိုးသွမ်းပရိသတ်များအား စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

## ကိုပါအမေရိကဖလား ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ကိုလံဘီယာ ဆီမီးတက်

ကိုပါ အမေရိကဖလား ကွာတားဖိုင်နယ် ပွဲစဉ်တစ်ပွဲဖြစ်သော ပီရူးနှင့်ကိုလံဘီယာပွဲစဉ်ကို ဇွန် ၁၈ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ကိုလံဘီယာအသင်း ပယ်နယ်တီအဆုံးအဖြတ်ဖြင့်အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ယင်းပွဲတွင် ပီရူးအသင်းသည် ၄-၅-၁ ကစားကွက်ဖြင့်လည်းကောင်း၊ ကိုလံဘီယာမှာ ၄-၃-၃ ပုံစံဖြင့်လည်းကောင်း ပွဲထွက်ခဲ့သည်။ ကိုလံဘီယာအသင်းသည် ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ၁၁ ကြိမ် ဂိုးကန်သွင်းခွင့်ရရှိကာ ငါးကြိမ်ဂိုးပေါက်တည့်ခဲ့သည်။ ပီရူးသည် ခုနစ်ကြိမ်သာရရှိပြီး ငါးကြိမ်ဂိုးပေါက်တည့်ခဲ့သည်။ မိနစ် ၉၀ ထိ နှစ်သင်းစလုံးဂိုး မသွင်းနိုင်ခဲ့၍ ပယ်နယ်တီအဆုံးအဖြတ်ခံယူရာ ပီရူးအသင်းမှ ထရာအူကိုနှင့် ကျူးဗာ တို့ပယ်နယ်တီမဝင်ခဲ့၍ ရှုံးနိမ့်ခဲ့ရသည်။

ကိုလံဘီယာအသင်းသည် မက္ကဆီကိုနှင့်ချီလီ ကွာတားဖိုင်နယ်ပွဲမှ အနိုင်ရရှိသည့်အသင်းနှင့် ဇွန် ၂၃ ရက် နံနက် ၆ နာရီခွဲတွင် အကြိုဗိုလ်လုပွဲယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သီဟ**



# ကြခတ်ကုန်းကြီးအုပ်စုကျေးရွာတွင် သုံးရာသီရေမပြတ်လပ်စေရေး အဆင့်မီသောက်သုံးရေကန်နှစ်ကန်တူးဖော်

**ရန်ကုန် ဇွန် ၁၈**

ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး နေပြည်တော်၏ ရည်ညွှန်းချက်ပါ တိုင်းဒေသကြီးနှင့်ပြည်နယ်အတွင်း ရေရှားပါးသည့် နေရာဒေသအလိုက် မြို့နယ်ကျေးရွာအရောက် သောက်သုံးရေဖြန့်ဝေပေးမှုလုပ်ငန်းများဆောင်ရွက်ရန်နှင့် သောက်သုံးရေများရေသိုလှောင်ရန် ခက်ခဲပါက မိုးကာစများဖြင့် ယာယီရေလှောင်ကန်များ ပြုလုပ်ပေးရန် ညွှန်ကြားချက်နှင့်အညီ ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် ကြခတ်ကုန်းကြီးကျေးရွာအုပ်စု မုန်တိုင်းဒဏ်သင့် နာဂစ်ကွက်သစ်၌ ပေ ၁၀၀ ပတ်လည် အနက်ငါးပေရှိ သောက်သုံးရေကန်နှစ်ကန်ကို စက်ယန္တရားကြီးများဖြင့် တူးဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရေကန်နှစ်ကန်ကို ၂၅ ပေ ပတ်လည်ထပ်မံတိုးချဲ့ရန်အတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးက ထောက်ပံ့ရန်ပုံငွေကျပ် ၁၅ သိန်းအကုန်အကျခံထည့်ဝင်လှူဒါန်းကြောင်းလည်း သိရသည်။

ညွှန်ကြားရေးမှူး ဦးဝင်းရွှေက "တိုင်းဒေသကြီးအတွင်း ရေရှားပါးတဲ့ မြို့နယ်များအနက် ကွမ်းခြံကုန်းမြို့နယ်၊ ကြခတ်ကုန်းကြီးကျေးရွာကို ရေဂါလန် ၁၉၅၀ နဲ့ ဆော်ဒီမိုးကာစ (၆ × ၈ ) ပေကိုက် နှစ်စပါ အထုပ်နှစ်ထုပ် မေ ၁ ရက်က လှူဒါန်းခဲ့ပါတယ်။ ရွာကတူးဖော်ထားတဲ့ ကန်ညီနောင်ကန် ရေခန်းခြောက်ပြတ်လပ်သွားတဲ့အတွက် ပေ ၁၀၀ ပတ်လည်ရှိတဲ့ ကန်နှစ်ကန်ကို ၂၅ ပေစီထပ်မံတိုးချဲ့ပြီး အနက်ငါးပေစီတူးဖော်မှာဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဒဏ်ခံရပြီး ကွမ်းခြံကုန်း-လက်ခုပ်ကုန်းကားလမ်းမကြီးဘေး ကျူးကျော်နေတဲ့သူကို အလှူရှင်များက အိမ် ၁၈၇ လုံး ဆောက်လုပ်ပေးပြီး လူဦးရေ ၇၅၃ ဦး ပြောင်းရွှေ့နေထိုင်ကြပါတယ်။ ကျပန်းကောက်စိုက်၊ လယ် စာရင်းငှားလုပ်ကိုင်ကြသူတွေဖြစ်တယ်။ ခုတော့ အိမ်ခြေ ၃၅၀၊ လူဦးရေ ၂၂၀၀ ဖြစ် လာပါပြီ။ နွေမိုးဆောင်းသောက်သုံးရေရရှိဖို့ ရေမပြတ်လပ်ဘဲ စိမ်းလန်းစိုပြည်ရေးကို ရည်ရွယ်ထောက်ပံ့လှူဒါန်းတာပါ" ဟု ပြောကြားသည်။

"ဒီရွာက ကျွန်တော့်ဇာတိရွာပါ။ မြစ်ချောင်းနဲ့မနီးစပ်ပါဘူး။ အင်းလည်း မရှိ၊ အိုင်လည်းမရှိ လယ်တစ်မျိုးတည်းလုပ်တယ်။ ရန်ကုန်ကလာရင် ၃၂ မိုင်၊ ကွမ်းခြံကုန်းကနေ ၁၆ မိုင် ၁ ဖာလုံရှိတယ်။ ကတ္တရာခင်း၊ ကွန်ကရစ်ခင်းကားလမ်းပေါက်ပါတယ်။



စက်ယန္တရားများအသုံးပြု၍ ကန်ညီနောင် တူးဖော်နေမှုကို တွေ့ရစဉ်

နာဂစ်ကလည်း ရေဘေး၊ ဒီနွေမှာလည်း အယ်နီညိုကြောင့် ရေဘေးကျွန်တော်တို့ ရွာသားတွေရေဒုက္ခရောက်ပါတယ်။ ကန်ညီနောင် တူးပြီးရင် တစ်ပိုင်တစ်နိုင်မွေးမယ်၊ စိုက်မယ်၊ ရွာစိမ်းလန်းစိုပြည်ရေးလည်းလုပ်မှာပါ။ ရွာသူ ရွာသားအားလုံး ဝမ်းသာ နေကြပါတယ်"ဟု ကြခတ်ကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးလွင်က ပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ မြို့နယ်ရုံးများမှ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေဖြင့် လမ်း၊တံတားလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သောခွဲကျောက်ရွယ်စုံ၊ သဲကျောက်၊ သဲ၊ ကျောက်စရစ်၊ ကျောက်လုံးကြီး၊ သစ်နှင့် ဒီဇယ်ဆီများကို မြို့နယ်များအလိုက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါအမှတ်စဉ် ၁/၂၀၁၆

(က) **တင်ဒါလျှောက်လွှာဝယ်ယူနိုင်သည့်ရက်** ၁၇-၆-၂၀၁၆ရက်

(ခ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** ၁၇-၇-၂၀၁၆ရက်

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာနှင့် စိစစ်ရွေးချယ်မည့်နေရာ** မြို့နယ်ဦးစီးအရာရှိရုံး၊ လမ်းဦးစီးဌာန၊ (မြစ်ကြီးနား၊ ဝိုင်းမော်၊ ချီဖွေ၊ တနိုင်း၊ အင်ဂျန်းယန်မြို့နယ်)

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း လမ်းဦးစီးဌာန၊မြစ်ကြီးနားမြို့နယ် ဖုန်း-၀၇၄-၂၂၃၆၅၊ဝိုင်းမော်မြို့နယ် ဖုန်း-၀၉-၂၄၀၀၉၅၈၊ ချီဖွေမြို့နယ် ဖုန်း-၀၉-၂၀၁၂၇၉၆၊ တနိုင်းမြို့နယ် ဖုန်း-၀၉- ၄၉၂၂၃၀၀၂၊ အင်ဂျန်းယန် ဖုန်း-၀၉-၄၃၀၇၁၇၆၂တို့သို့ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

## ပြည်မြို့နေ ဒေါ်ခင်အေးသန်း ၇/ပမန(နိုင်)၁၃၄၄၄၇နှင့် အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ လမ်းမတော်၊ အမှတ် ၇၅နေ ဦးသန်းစိန် ၁၂/လသန(နိုင်) ၀၁၂၉၇၄၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ခင်အေးသန်းနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်အေးသန်းသည် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ ပြည်-ရန်ကုန် လမ်း၊ GREEN LANDဆောက်လုပ်ရေးမှ ဆောက်လုပ်ထားသော မီးရထားတိုက်ခန်း အဆောင်(၁)၊ အခန်းအမှတ် (၆)နှင့် (၇)၏ အပေါ်ထပ်တို့ အပါအဝင် အရပ်ရပ်အကျိုးခံစားခွင့်များကို ဦးသန်းစိန်ထံသို့ ရောင်းချခဲ့ခြင်းဖြစ်ပါသဖြင့် ဖော်ပြပါအခန်းအမှတ် (၆)နှင့်(၇)၏အပေါ် ထပ်တို့အပါအဝင် အရပ်ရပ်အကျိုးခံစားခွင့်များနှင့် ဆက်နွယ်လျက်ရှိသော စာရွက်စာတမ်းများအားလုံးကို ဦးသန်းစိန်ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။ သို့ရာတွင် အထက်ဖော်ပြပါ တိုက်ခန်းအမှတ်(၆)နှင့်(၇)၏ အပေါ်ထပ်တို့အား ဦးသန်းစိန်ထံ လွှဲပြောင်းပေးအပ်ရမည့် အချိန်တွင် ဒေါ်ခင်အေးသန်းမှ အဆက်အသွယ်ဖြတ်ထားပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ခင်အေးသန်းသည် အထက်ဖော်ပြပါ တိုက်ခန်းအမှတ် (၆)နှင့် (၇)၏ အပေါ်ထပ်တို့နှင့်ပတ်သက်၍ အမြန်ဆုံးလာရောက်ဖြေရှင်းရန်နှင့် အထက်ဖော်ပြပါ တိုက်ခန်းအမှတ် (၆)နှင့် (၇)၏ အပေါ်ထပ်တို့အား ဦးသန်းစိန်၏ခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေါင်နှံခြင်း၊ အပေါင်ခံခြင်း၊ လွှဲပြောင်းခြင်း၊ လက်ခံခြင်း၊ အာမခံထားခြင်း၊ အာမခံလက်ခံခြင်း၊ ပေးကမ်းလှူဒါန်းခြင်း၊ အမည်ပြောင်းခြင်းများ မပြုလုပ်ရန် အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးသဥ္ဇာမြင့်သောင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၇၀၈၉)**
**အမှတ် ၁၄၃၊ ရွှေတစ်ချောင်းလမ်း၊ ကိုးသောင်း၊ ဂျပန်ကွက်၊ ရွာဘဲနယ်မြေ၊ ပြည်မြို့**
**ဖုန်း-၀၉-၅၃၆၃၆၂၅၊ ၀၉-၄၄၈၅၃၆၉၁၆**

## ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (မန္တလေးရုံးခွဲ) မကွေးတက္ကသိုလ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အဆင့်မြင့်ပညာဦးစီးဌာန(မန္တလေးရုံးခွဲ)၊ မကွေးတက္ကသိုလ်တွင် အသုံးပြုရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၁။ Laboratory Equipment ၄၁မျိုး
၂။ Machinery and Equipment ၁မျိုး
၃။ Office Equipment ၂မျိုး
၄။ Furniture ၈မျိုး
၅။ Other(Educational Books) ၁၅စု

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၂၀-၆-၂၀၁၆ ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၀-၇-၂၀၁၆ရက် ညနေ၄း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ ဝယ်ယူရေးကော်မတီ မကွေးတက္ကသိုလ်၊ ဘက်စုံခန်းမ၊ မကွေးမြို့ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၃-၂၈၅၈၂၊ ၀၉-၉၆၁၅၈၈၉၀၄ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးကော်မတီ**
**မကွေးတက္ကသိုလ်**
**မကွေးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ မြိတ်တက္ကသိုလ်တွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူလိုပါသည်။ စိတ်ဝင်စားသူများအနေဖြင့် မြိတ်တက္ကသိုလ်အင်ဂျင်နီယာဌာနတွင် ၂၀-၆-၂၀၁၆ရက်မှစ၍ အိတ်ဖွင့်ဈေးနှုန်းလွှာပုံစံနှင့် စည်းကမ်းသတ်မှတ်ချက်များကို သတ်မှတ်ကျသင့်ငွေများပေးသွင်း၍ ဝယ်ယူနိုင်ပါသည်။

၁။ စက်ပစ္စည်းများ (၁) မျိုး
၂။ ရုံးသုံးစက်ပစ္စည်းများ (၁) မျိုး
၃။ ပရိဘောဂပစ္စည်းများ (၁၀) မျိုး
၄။ လက်တွေ့ခန်းသုံးပစ္စည်းများ(Apperatus)(၅၂) မျိုး

၂။ အိတ်ဖွင့်ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၀-၇-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀နာရီဖြစ်ပြီး မြိတ်တက္ကသိုလ်ပင်မဆောင်မြေညီထပ်၊ အိတ်ဖွင့်ဈေးနှုန်းလွှာ စိစစ်လက်ခံရေးအဖွဲ့ရုံးခန်းသို့ နမူနာပစ္စည်း(သို့မဟုတ်) ပုံပြစာရွက်စာတမ်းများနှင့်အတူ အရောက်ပေးပို့တင်သွင်းရပါမည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြိတ်တက္ကသိုလ် အင်ဂျင်နီယာဌာန၊ ဖုန်း-၀၉-၇၉၉၇၅၆၇၂၇၊ ၀၅၉-၄၂၄၁၀တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးဆိုင်ရာ တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြိတ်တက္ကသိုလ်**

## ဖခင်အမည်မှန်

ဂန့်ဂေါခရိုင်၊ ဆောမြို့နယ်၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်ဆန်းလင်း၏ဖခင်အမည်မှန်မှာ ဦးမျိုးမြင့်အောင် ၈/ဆမန(နိုင်)၀၄၇၄၂၀ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဂန့်ဂေါခရိုင်၊ ဆောမြို့နယ်၊ အမက(၁) မူလွန် ပဥ္စမတန်းမှ မသွယ်ဖြိုးဝေအား မသဇင်မင်းသန့်ဟု ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်

ဗန်းမော်မြို့၊ အထက(၃)၊ သတ္တမတန်း(A)မှ မသန့်ရတီဆု၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်၁/ရကန(နိုင်)၀၄၁၆၃၃ ဖြစ်ပါကြောင်း။

**ဦးသန်းဇော်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4J/6642 Daihat Su Hijet S 200p, P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ PA PA WIN International Trading Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8H/2997 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/5383 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/9461 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် DD/3775 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ရောင်းချခြင်း၊လွှဲပြောင်းခြင်း၊အခြားနည်းဖြင့်စီမံခြင်းမပြုရန် ကန့်ကွက်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ ရိပ်သာလမ်းသွယ်၊ သစ္စာလမ်းမကြီး၊ အမှတ်(၃)နေ ဒေါ်ခင်ရီ (၉/ပဥလ(နိုင်)၀၂၆၀၈၄) ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

အောက်ဖော်ပြပါပစ္စည်းများသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ရီ (၉/ပဥလ(နိုင်)၀၂၆၀၈၄)နှင့် ဦးဟန်လီယုန် (၁၃/မဆတ(နိုင်) ၀၄၂၈၆၆)တို့ လင်မယားနှစ်ဦးပိုင် ပစ္စည်းများဖြစ်ကြပါသည်။

(၁) ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ သစ္စာရိပ်သာလမ်း၊ (၁၂)ရပ်ကွက်၊ ကံဘဲ့ဘူတာလမ်း၊ ခြံအမှတ်(၃) မြေနှင့်အိမ်
(၂) ရန်ကုန်တိုင်းဒေသကြီး၊ဗဟန်းမြို့နယ်၊ပထမထပ်၊ရွှေဂုံတိုင်လမ်း၊ အမှတ်(၂၃၁/၂၃၅)၊ (ရာစုကျော်ကုမ္ပဏီရုံးခန်းတည်ရာ)
(၃) ပဲခူးတိုင်းဒေသကြီး၊ ပဲခူးတိုင်းအနောက်ဘက်ခြမ်း၊ မင်းလှမြို့၊ ဇရိယာဧက(၆၀၀)ရှိ၊ ကျွန်းစိုက်ခင်း(ရာစုကျော်ကုမ္ပဏီ) အမည်ပေါက်လုပ်ပိုင်ခွင့်ရှိသောမြေကွက်များ။
(၄) ကားနံပါတ်(6D/4881)၊ ပါဂျဲရိုး(ဖားပြုတ်)။

ကျန်ရှိသည့်ရွှေ့ပြောင်းနိုင်သော၊မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို ဆက်လက်စုံစမ်းဖော်ထုတ်သွားမည်ဖြစ်ပါသည်။

အဆိုပါပစ္စည်းများအား ကျွန်ုပ်၏မိတ်ဆွေ သဘောတူညီချက်နှင့် ခွင့်ပြုချက်မရရှိဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှါးရမ်းခြင်း၊ ပေးကမ်းခြင်းတို့အပြင်အခြားနည်းဖြင့်စီမံ ဆောင်ရွက်ခြင်းကို တစ်ဖက်သက်မပြုလုပ်ရန်အများ သိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသဘောတူညီချက်/ခွင့်ပြုချက်မရှိဘဲပြုလုပ်ထားပါကပြုလုပ်သူတို့၏တာဝန်သာဖြစ်ကြောင်းနှင့်ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညွှန်ကြားချက်အရကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ခင်ခင်ချို (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၄၂၈ )**
**အမှတ်(၁၀)၊ တင့်ဆန်းလမ်း၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၄၂၁၁၀၆၂၇၄၊ ၀၉-၇၉၉၉၁၀၂၁၂**

ခရီးသွားဆောင်းပါး

# ရခိုင်ပြည်နယ်မြောက်ဖျားမှ မင်းပြားမြို့ ဆီသို့

သတင်း-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-မောင်ချစ်ကြည်

***"ရှေ့မှာ မင်းပြားမြို့နယ်ရောက်တော့မယ်"ဟု သတိပေးမှ ရှေးတူရှုသို့ကြည့်လိုက်ရာ မြေမျက်နှာသွင်ပြင်ညီညာမှုမရှိသော မြင်ကွင်းကို သတိပြုမိသည်။ မြောက်မှတောင်သို့ တဖြည်းဖြည်း နိမ့်ဆင်းသွားသော မြေမျက်နှာသွင်ပြင်ကြောင့် ရခိုင်ပြည်နယ် မင်းပြားမြို့နယ်သည် ထူးခြားမှု ရှိနေသည်။ မြစ်ချောင်းများ ဖြတ်သန်းစီးဆင်းမှုပေါများသော မင်းပြားမြို့နယ်က မြင်ကွင်းရော ဘူမိသွင်ပြင်ပါ အမြင်ဆန်းဆန်းရှိနေသည်။***

မင်းပြားမြို့နယ်သည် မြောက်ဦးခရိုင်အတွင်း တည်ရှိပြီး အရှေ့မှ အနောက်သို့ ၃၄ မိုင်နှင့် တောင်မှမြောက်သို့ ၃၉ ဒသမ ၃၆ မိုင်ရှည်လျားကာ တစ်မြို့နယ်လုံး ဧရိယာ စတုရန်း မိုင် ၁၃၃၈ ဒသမ ၄၆ မိုင် ကျယ်ဝန်းသည်။ မြောက်ဘက်တွင် ချင်းပြည်နယ် ပလက်ဝမြို့နယ်တို့ရှိနေပြီး အရှေ့ဘက်တွင် ကန်ပက်လက်မြို့နယ်၊ အမ်းမြို့နယ်တို့ တည်ရှိနေသည်။ တောင်ဘက်တွင် မြေပုံမြို့နယ်၊ အနောက်ဘက်တွင် ပေါက်တောမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိနေသည်။

လမ်းဘေးဝဲယာတစ်လျှောက် လယ်ကွင်းများကို တွေ့ရပြီး နွားများ မွေးမြူထိန်းကျောင်းနေသည့် မြင်ကွင်းများလည်း တွေ့မြင်ရသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အဓိကလုပ်ကိုင်သည့် မြို့နယ်ဖြစ်ကြောင်း သိရသည်။ မင်းပြားမြို့နယ်က ရန်ကုန်-စစ်တွေ အဝေးပြေးကားလမ်းပေါ်တွင် တည်ရှိပြီး ပေါက်တောမြို့၊ စစ်တွေမြို့၊ မြေပုံမြို့၊ ကျောက်ဖြူမြို့၊ တောင်ကုတ်မြို့များသို့ ရေလမ်းကြောင်းဖြင့် အချိန်မရွေးသွားလာနိုင်သည်ဖြစ်ရာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောမြို့နယ်လည်း ဖြစ်သည်။

ကျွန်တော်တို့ မင်းပြားမြို့နယ်အတွင်းရောက်ရှိခဲ့သည်။ မင်းပြားမြို့နယ်သည် ပင်လယ် ရေမျက်နှာပြင်ထက် ပေ ၅၀ မြင့်သောနေရာတွင် တည်ရှိပြီး မြို့ပေါ်ရပ်ကွက် ရှစ်ခု၊ ကျေးရွာအုပ်စု ၆၂ ခုနှင့် ကျေးရွာပေါင်း ၂၆၄ ရွာတို့ဖြင့် စုဖွဲ့ထားကြောင်း သိရသည်။ ကျွန်တော်တို့ မင်းပြားမြို့မှ တန်ခိုးကြီးစေတီတစ်ဆူဖြစ်သော ကျိန်းတောင်ဓာတ်တော်စေတီ ရှိရာဘက်သို့ ထွက်ခဲ့သည်။ မင်းပြားမြို့ အနောက်ဘက် ကျိန်းတောင်တန်း၏ တောင်ဘက်အစွန်တွင် တည်ထားသော ကျိန်းတော် ရှင်စေတီပေါ်သို့ မော်တော်ကားလမ်းခင်းထားရာ အလွယ်တကူ မောင်းနှင်တက်ရောက်ခဲ့ကြသည်။ တောင်ပေါ်တွင် ရွှေရောင်ဝင်းပနေသော ကျိန်းတောင်ဇီဝှာဓာတ်တော်စေတီကို ဖူးတွေ့ရသည်။ မြတ်ဗုဒ္ဓ၏ သရီရဓာတ်တော်များအနက်မှ လျှာရင်းဓာတ်တော်ကို ဌာပနာထည့်သွင်းတည်ထားကိုးကွယ်ထားခြင်း ဖြစ်သည်။ စေတီတော်ကို သာသနာသက္ကရာဇ် ၂၂၂ ခုနှစ်၌ စတင်တည်ထားကိုးကွယ်ခဲ့သူမှာ တတိယဓညဝတီခေတ် သူရိယစက္ကမင်းကြီးဖြစ်ပြီး ကနဦး စတင်တည်ခဲ့စဉ်က ဉာဏ်တော် အမြင့် ကိုးပေခန့် သာရှိကြောင်း သိရသည်။

ကျိန်းတောင်ဇီဝှာဓာတ်တော်စေတီကို ဖူးမြော်ပြီး စေတီရင်ပြင်ပေါ်မှ မင်းပြားမြို့တစ်စိတ်တစ်ပိုင်းကိုအပေါ်စီးမှ မြင်တွေ့ရရာ လေးမြို့မြစ်စီးဆင်းနေသော မင်းပြားမြို့အလှကို ထူးထူးခြားခြား မြင်တွေ့ခံစားရသည်။ မင်းပြားမြို့နယ်အတွင်း ပေါက်ဆိန်ကျမြစ်မှာလည်း အရှေ့မှအနောက်သို့ စီးဆင်းလျက်ရှိရာ ရေချိုများဖြစ်၍ စိုက်ပျိုးရေသာမက သောက်သုံးရေအတွက်ပါ အကျိုးပြုကြောင်း သိရသည်။

ကျိန်းတောင်ခြေရင်း အနီးဝန်းကျင်တွင် တညင်းပင်များ ပေါက်ရောက်လျက်ရှိရာ ကျိန်းတောင်တညင်းသီးများမှာ အရွယ်အစားငယ်သော်လည်း အနံ့မရှိကြောင်း၊ အရသာထူးခြားကြောင်း ဒေသခံတစ်ဦးဖြစ်သူ ကိုအောင်ချိုက ပြောသည်။ ဗုဒ္ဓ၏ လျှာတော်ဓာတ်ကို ဌာပနာပြုစေတီတည်ထားသဖြင့် ကျိန်းတောင်တညင်းသီးများမှာ အနံ့အရသာနှင့်ပြည့်စုံကာ ထူးခြားနေခြင်းဖြစ်သည်ဟု သိရသည်။ အမှတ်တရ ဝယ်ယူလိုသော်လည်း တညင်းသီးများနုသေးသဖြင့် ဝယ်မရခဲ့။

ကျိန်းတောင်ဇီဝှာဓာတ်တော်စေတီမှ ကျွန်တော်တို့ ပြန်ဆင်းလာခဲ့သည်။ မင်းပြားမြို့တွင်း၌ပင် တောင်ကုန်း၊ တောင်စွယ်များ ရှိနေသည်။ မြို့တွင်း၌ နေအိမ်တိုက်တာ အထပ်နိမ့်အဆောက်အအုံများမြင်တွေ့ရပြီး မြို့တွင်းလမ်းများ ကောင်းမွန်သော်လည်း အချို့လမ်းများ အဆင့်မြှင့်တင်ရန် လိုအပ်နေဆဲဖြစ်သည်။ မင်းပြားမြို့မစျေးဘက်ရောက်ရှိခဲ့ရာ စျေးရောင်းစျေးဝယ်သူများဖြင့် စည်ကားနေသည်ကို တွေ့ရသည်။ မြို့နယ်အတွင်း စိုက်ပျိုးရေးထုတ်ကုန်များ၊ ငါးပုစွန်များ၊ လူ့အသုံးအဆောင်ပစ္စည်းများ ရောင်းချနေသည်ကို တွေ့ရသည်။

မင်းပြားမြို့နယ်တွင် မြောင်ဘွေလမ်း၊ ကမ်းနားလမ်း၊ ရုံးတက်လမ်း၊ စွန်ရဲလမ်းတို့မှာ အဓိကလမ်းများဖြစ်ပြီး သွားလာရေးအဆင်ပြေသည်။ နေအိမ်တိုက်တာကောင်းများကိုလည်း မြင်တွေ့ရသည်။ မြို့တွင်းလမ်းအချို့ကို ကတ္တရာလမ်း၊ ကွန်ကရစ်ခင်းများအဖြစ် အဆင့်မြှင့်တင်ထားမှုကို တွေ့ရသော်လည်း အချို့လမ်းများမှာ ပြုပြင်ရန်လိုအပ်နေသေးသည်။ မင်းပြားမြို့နေပြည်သူများက စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းများ လုပ်ကိုင်မှုကြောင့် မင်းပြားမြို့သည် ဖွံ့ဖြိုးစမြို့တစ်မြို့အဖြစ် တွေ့မြင်ရသည်။ ဘာသာပေါင်းစုံနေထိုင်ပြီး ကိုးကွယ်မှုကွဲပြားသော်လည်း ငြိမ်းချမ်းစွာ အတူတကွနေထိုင်ခြင်းကြောင့် မင်းပြားမြို့နယ်သည် တည်ငြိမ်အေးချမ်းမှုရှိနေသည်ကို မြင်တွေ့ရသည်။

ကျွန်တော်တို့ မင်းပြားမြို့အနီး မြောင်းကြီးဆည်တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။ မင်းပြားမြို့နှင့် ခုနစ်မိုင်ခန့်အကွာတွင် တည်ဆောက်နေသော မြောင်းကြီးဆည်မှာ တောင်ကျရေများကို ဆည်တားပြီး သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ထားခြင်း ဖြစ်သည်။ မင်းပြားမြို့သို့ သောက်သုံးရေပေးဝေနိုင်ရေးအတွက် ရေပိုက်များဖြင့် သွယ်တန်းကာ အကောင်အထည်ဖော်နိုင်ရန် ငွေကြေးတင်ပြတောင်းခံထားဆဲဖြစ်ကြောင်း သိရသည်။ မြောင်းကြီးဆည်တည်ဆောက်မှုလုပ်ငန်းများမှာ ရာနှုန်းပြည့်ပြီးစီးလုရှိနေပြီး ရေပိုက်များ သွယ်တန်းရန်သာ ကျန်ရှိတော့သည့်အနေအထားကို မြင်တွေ့ရသည်။

မြောင်းကြီးဆည်နေရာသည် ရှေးခေတ်ရခိုင်ဘုရင်များက ဆင်ရိုင်းများကို ကျုံးသွင်းရာနေရာအဖြစ် အသုံးပြုခဲ့သည့်နေရာဖြစ်ကြောင်း သိရသည်။ မြောင်းကြီးဆည်အနီးရှိ မင်းပြားမြို့နယ်တွင် ထင်ရှားသည့် မဟာမျက်မှောင်တောင်ဓာတ်ဘုရားသို့ သွားရောက်ဖူးမြော်ဖြစ်ခဲ့သည်။ ဘုရားမှာ ကားလမ်းအနီးတွင် တည်ရှိသဖြင့် သွားလာရေးအဆင်ပြေသည်။ မိုးရွာနေသော်လည်း ဘုရားဖူး များတွေ့ရပြီး ဥပုသ်နေ့ဖြစ်၍ အနီးဝန်းကျင်ကျေးရွာများမှ အသက်အရွယ်ကြီးသူများ ဥပုသ်စောင့်လာရောက်ကြသည်ကိုလည်း တွေ့ရသည်။ ဗုဒ္ဓဘုရားရှင်၏ မျက်မှောင်တော်ဓာတ်တော်ကို သီရိဓမ္မာသောကမင်းက ဌာပနာထည့်သွင်းကာ စေတီတည်ခဲ့ကြောင်း သိရသည်။

မဟာမျက်မှောင်တော်ဓာတ်စေတီမှ မင်းပြားမြို့သို့အပြန် ရာမောင်တံတားကို ဖြတ်ကျော်ရသည်။ လေးမြို့မြစ်ကို ဖြတ်သန်းတည်ဆောက်ထားသော ရာမောင်တံတားမှာ ပြင်ဆင်မှုများ ပြုလုပ်ထားပြီးဖြစ်၍ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်နေပြီ ဖြစ်သည်။ တံတား၏ ကြံ့ခိုင်မှုအနေအထားအရ ကုန်တင်ယာဉ်ကြီးများကို ဖြတ်သန်းခွင့်မပြုသေးဘဲ ဇက်သင်္ဘောဖြင့်သာ တစ်ဖက်ကမ်းသို့ ပို့ဆောင်ပေးနေကြောင်း သိရသည်။ ရာမောင်တံတားသည် ရခိုင်ပြည်နယ် မြောက်ပိုင်းမှ ရန်ကုန်မြို့သို့သွားရာ ကားလမ်းကူးတံတားဖြစ်ရာ ရခိုင်ပြည်နယ်နှင့် ရန်ကုန်မြို့သို့ ဆက်သွယ်သွားလာရာတွင် အဓိကကျသည့် တံတားလည်း ဖြစ်သည်။

မင်းပြားမြို့နယ်သည် ရခိုင်ပြည်နယ်တွင် လမ်းဆုံနေရာဖြစ်ရာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့် မြို့နယ်တစ်ခုဖြစ်ကြောင်း သတိပြုမိသည်။ မင်းပြား-မြောက်ဦးလမ်း၊ မင်းပြား-မြေပုံလမ်း၊ မင်းပြား-ပေါက်တောမြို့နယ်လမ်းတို့အပြင် ရခိုင်ပြည်နယ်မှ ပြည်မသို့ ကားလမ်းထွက်ပေါက်ရှိသည့် မြို့နယ်တစ်ခုဖြစ်ရာ အချက်အချာကျသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ ရေနှင့်စိုက်ပျိုးမြေများ တည်ရှိနေမှုက ဖွံ့ဖြိုးတိုးတက်စေမည့် အခြေခံကောင်းများပင် ဖြစ်သည်ဟု တွေးမိသည်။

မင်းပြားဟူသော အမည်ပေးခဲ့ခြင်းမှာ ရိုးရှင်းသော်လည်း ထူးခြားမှုရှိသည်။ ဝေသာလီနောက်ဆုံးမင်း စူဠမဟာရာဇာမင်းသည် ဝဲယာကိုကြည့်ရှုလေရာ ထူးခြားသောအာရုံနိမိတ်ဖြစ်ပေါ်ပြီး မြို့တစ်မြို့တည်ရန်နေရာကို တွေ့ရှိကာ မြို့တည်ရန် အမိန့်ပေးခဲ့ခြင်း ဖြစ်သည်။ ထိုသို့ မင်းက နေရာပြပြီး မြို့တည်ပေးခဲ့သဖြင့် မင်းပြမြို့မှ မင်းပြားမြို့ဖြစ်လာခဲ့သည်ဟု သမိုင်းမှတ်တမ်းများတွင် လေ့လာခဲ့ဖူးသည်။ မင်းပြားမြို့ကို ခရစ်နှစ် ၁၆၆၇ ခုနှစ်တွင် တည်ထောင်ခဲ့သည်ဟု သိရသည်။

မင်းပြားမြို့သို့ ကျွန်တော်တို့ပြန်လာပြီး နတလသင်တန်းကျောင်းသို့ သွားရောက်လေ့လာခဲ့သည်။ အဆိုပါကျောင်းကို မင်းပြားမြို့နှင့် တစ်ဆက်တည်းတည်ရှိနေသော ကင်းဆိပ်ရွာတွင် တည်ဆောက် ထားခြင်းဖြစ်ရာ တိုင်းရင်းသားလူငယ်များအား အိမ်တွင်းမှု လုပ်ငန်းအသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားပို့ချလျက် ရှိသည်။ တိုင်းရင်းသား လူငယ်များအနေဖြင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားတတ်မြောက်စေရန် နိုင်ငံတော်က အခမဲ့သင်ကြားပေးနေခြင်း ဖြစ်သည်။ ငွေကြေးချို့တဲ့သော သင်တန်းသား သင်တန်းသူများကို အဆောင်နေထိုင်ခွင့်ပေးကာ သင်ကြားပေးနေခြင်းဖြစ်၍ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွှာပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံတို့ စုပေါင်းကြိုးစားဆောင်ရွက်မှ ရရှိမည်ဟု တွေးမိသည်။ မင်းပြားမြို့နယ်တွင် ကချင်၊ ရခိုင်၊ ကရင်၊ ချင်း၊ မွန်၊ မြန်မာ၊ ရှမ်းစသည့် တိုင်းရင်းသားလူမျိုးများ နေထိုင်ကြကြောင်း သိရသည်။

နတလသင်တန်းကျောင်းမှ ပြန်လာခဲ့ရာ မင်းပြားမြို့အနီး ဖြတ်သန်းစီးဆင်းနေသော လေးမြို့မြစ်ကို တွေ့ရသည်။ မင်းပြားမြို့သည် လေးမြို့မြစ်ရေလျှံမှုကို နှစ်စဉ်နီးပါး အနည်းနှင့်အများ ရင်ဆိုင်ကြုံတွေ့ရသော်လည်း စုပေါင်းစွမ်းအားဖြင့် ရင်ဆိုင်ကျော်လွှားနိုင်ခဲ့သည်ချည်းဖြစ်ကြောင်း သိရသည်။ မင်းပြားမြို့နယ်တွင် အသားတင်စိုက်ပျိုးမြေဧရိယာပေါင်း ၉၄၄၆၉ ဧကရှိရာ မြစ်ရေလျှံမှုကြောင့် ရေငန်များ မဝင်ရောက်နိုင်ရန် နိုင်ငံတော်က ဗလိပေါက်ရေငန်တားရေကာတာ၊ ရွှေဘုံသာရေငန်တားရေကာတာ၊ သက်ပုန်းရေငန်တား ရေကာတာများကို တည်ဆောက်ပေးထားသည်။ မင်းပြားမြို့နယ် ဒေသခံပြည်သူများကလည်း ကိုယ့်အားကိုယ်ကိုးဆည်များအဖြစ် အိုင်ဝန်းရေငန်တားရေကာတာ၊ စွန်ရဲရေငန်တား ရေကာတာ၊ သင်္ဂနက်ရေငန်တားရေကာတာ၊ ကြောင်ရှည်ချောင်းရေငန်တားရေကာတာအပါအဝင် ရေငန်တားရေကာတာပေါင်း ရှစ်ခု ပြုလုပ်ကာကွယ်ထားကြောင်းသိရသဖြင့် အကျိုးပြုစိုက်ပျိုး မြေ ၁၂၀၈၈ ဧကကို ရေငန်ဝင်ရောက်မှုမှ တားဆီးထားနိုင်ရာ မင်းပြားမြို့နယ်နေဒေသခံပြည်သူတို့၏ စုပေါင်းဆောင်ရွက်မှု စိတ်ဓာတ်ကို မချီးမွမ်းဘဲမနေနိုင်။


မင်းပြားမြို့ကို အပေါ်စီးမှ မြင်တွေ့ရစဉ်



မင်းပြားမြို့နယ်တွင် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်းများစိုက်ပျိုးကြသလို နှစ်ရှည်သီးနှံများအဖြစ် ရော်ဘာ၊ ငရုတ်ကောင်း၊ ကွမ်းသီး၊ အုန်းတို့လည်း စိုက်ပျိုးကြကြောင်း သိရသည်။ ကန်စွန်းဥ၊ အာလူး၊ ငရုတ်သီးတို့ကိုလည်း စိုက်ပျိုးသည်ဖြစ်ရာ မင်းပြားမြို့နယ်ထွက် စိုက်ပျိုးထုတ်ကုန် ပစ္စည်းများမှာ ရခိုင်ပြည်နယ်သာမကပဲ ပြည်မသို့လည်း တင်ပို့ရောင်းချနိုင်ကြောင်း သိရသည်။ ထို့ကြောင့်ဖြစ်မည် မင်းပြားမြို့နယ်တစ်ခွင်တွင် စိုက်ပျိုးမြေများကို တစ်မျှော်တစ်ခေါ် တွေ့မြင်ရခြင်း ဖြစ်သည်။

မင်းပြားမြို့နယ် ကားလမ်းဘေးတစ်လျှောက် နွား၊ ကျွဲ၊ ဆိတ်များကို တစ်ပိုင်တစ်နိုင်မှ တစ်အုပ်တစ်မအထိ မွေးမြူထားသည်ကို တွေ့မြင်ရသဖြင့် မေးမြန်းကြည့်ရာ ကျွဲ၊ နွား၊ ဝက်၊ သိုး၊ ဆိတ်၊ ကြက်၊ ဘဲများကို မွေးမြူရေးဇုန်များ မရှိသော်လည်း ခြံများဖြင့် မွေးမြူကြောင်း သိရသည်။ ငါးမွေးကန်များရှိရာ နှစ်စဉ် မင်းပြားမြို့နယ်ပြည်သူများအတွက် ဖူလုံစွာ ငါးစားသုံးနိုင်ကြောင်း သိရသဖြင့် အခက်အခဲများရှိသော်လည်း မွေးမြူရေးလုပ်ငန်းများလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိနေသည်။

ကျွန်တော်တို့ မင်းပြားမြို့မှ ညနေပိုင်းတွင် ပြန်ထွက်လာခဲ့သည်။ မင်းပြားမိုးက ဆက်တိုက်ရွာသွန်းနေဆဲဖြစ်ပြီး ကားလမ်းဘေးလယ်ကွင်းများတွင် မိုးစပါးစိုက်ပျိုးရန် လုပ်ငန်းခွင်ဝင်နေကြသည့် တောင်သူများကို တွေ့မြင်ရသည်။ ရခိုင်ပြည်နယ်တွင် လမ်းဆုံကျရောက်နေသော မင်းပြားမြို့နယ်က မိုးရေ၊ မိုးစက်များအောက်တွင် တဖြည်းဖြည်းဝေး၍ ကျန်ခဲ့ပြီ။ ။

**မင်းပြားမြို့နေ ပြည်သူများက စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းများ လုပ်ကိုင်မှုကြောင့် မင်းပြားမြို့သည် ဖွံ့ဖြိုးစမြို့တစ်မြို့အဖြစ် တွေ့မြင်ရသည်။ ဘာသာပေါင်းစုံနေထိုင်ပြီး ကိုးကွယ်မှုကွဲပြားသော်လည်း ငြိမ်းချမ်းစွာ အတူတကွ နေထိုင်ခြင်းကြောင့် မင်းပြားမြို့နယ်သည် တည်ငြိမ်အေးချမ်းမှုရှိနေသည်ကို မြင်တွေ့ရသည်**


မင်းပြားမြို့အနီး စစ်တွေ-ရန်ကုန်ကားလမ်းပေါ်ရှိ ရာမောင်ကြိုးတံတားကို တွေ့ရစဉ်



# အပြောအရေးကွာဟမှုများ(၁၅)

**မောင်ခင်မင်(ဓနုဖြူ)**

“‘စာ’နဲ့ ‘ပေ’ ... အပြိုင်တွဲစပ်တဲ့‘စာပေ’လို စကားလုံးမျိုးမှာ နောက်က အသံမပြောင်းဘူး။ ‘ပေ’က‘စာ’ကို အထူးပြုတဲ့ ‘ပေစာ’လို စကားလုံးမျိုးမှာတော့ /ပေဇာ/ လို့ အသံပြောင်းတယ်။ ဒါကြောင့် စကားပေါင်းရဲ့အစိတ်အပိုင်းနှစ်ခု တွဲစပ်ရာမှာ အသံပြောင်းမပြောင်းဥပဒေသထုတ်ရင် သဒ္ဒါဆက်စပ်မှုကိုလည်း ထည့်စဉ်းစားဖို့လိုတယ်ဆိုတဲ့အကြောင်းနဲ့ အရင်အပတ်က အဆုံးသတ်ခဲ့တယ်နော်”

“ဟုတ်ပါတယ်ဆရာ။ စိတ်ဝင်စားစရာကောင်းပါတယ်”

“နောက်သဒ္ဒါဆက်စပ်မှုတစ်မျိုးကိုကြည့်ကြဦးစို့။‘လမ်းထိပ်’ ဆိုတဲ့စကားကိုဘယ်လိုအသံထွက်သလဲ”

“/လန်းထိတ်/လို့ပဲထွက်ပါတယ်ဆရာ။ အသံမပြောင်းပါဘူး”

“ဆရာ ‘မြို့ထိပ်’ တို့၊ ‘ရွာထိပ်’ တို့မှာလည်း ‘ထိပ်’က အသံမပြောင်းပါဘူးဆရာ”

“‘လမ်းထိပ်’ဆိုတာ ဘာအဓိပ္ပာယ်ပါလိမ့်”

“လမ်းရဲ့ထိပ်ပိုင်းလို့ အဓိပ္ပာယ်ရပါတယ် ဆရာ”

“အဲဒီ‘ရဲ့’ ဆိုတဲ့စကားက ဘာအဓိပ္ပာယ်လဲ”

“ပိုင်ဆိုင်မှုပြတဲ့စကားလုံးပါဆရာ”

“ဟုတ်ပါပြီ။ အဲဒီတော့ ရှေ့စကားလုံးနဲ့ နောက်စကားလုံးဟာ ပိုင်ဆိုင်မှုပြတဲ့ အဓိပ္ပာယ်နဲ့ ဆက်စပ်ရင်နောက်က အသံမပြောင်းဘူးလို့ဆိုရမှာပေ့ါ။ ကဲ..... တခြားသာဓက စဉ်းစားကြည့်ပါဦး ”

‘ပင်လယ်ကမ်း’မှာ နောက်က‘ကမ်း’က အသံမပြောင်းပါဘူး။ ပင်လယ်ရဲ့ကမ်းလို့အဓိပ္ပာယ်ရတော့ ပိုင်ဆိုင်မှု သဘောပါပဲဆရာ။ ‘ချောင်းကမ်း’ တို့၊‘မြစ်ကမ်း’ တို့လည်း အတူတူပါပဲ။ ‘မြစ်’ကတော့ ရှေ့မှာ စသတ်ရှိရင် နောက်က အသံမပြောင်းဘူးဆိုတဲ့ ဥပဒေသနဲ့လည်း ကိုက်ပါတယ်”

“ဟုတ်ပါပြီ။ သားတို့သမီးတို့နောက်မှီမပါတဲ့ ထိုင်စရာခုံကလေးကိုဘာခေါ်သလဲကွယ်”

“ခွေးခြေလို့ခေါ်ပါတယ် ဆရာ။

အသံထွက်တော့/ခွေးချီ/လို့ ထွက်ပါတယ် ဆရာ”

“ဟုတ်ပါတယ်။ ခွေးခြေဆိုတာ ခွေးရဲ့ခြေထောက်ဆိုတဲ့ ပိုင်ဆိုင်မှုပြတဲ့ အဓိပ္ပာယ်ပဲလေ။ ဒါကြောင့် နောက်က‘ချီ’က/ဂျီ/လို့ အသံမပြောင်းဘူး မဟုတ်လား”

“ဟုတ်ပါတယ် ဆရာ။

“‘လှူပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်’ ဆိုရင်လည်း ပိုင်ဆိုင်မှုပြတာပဲ။ နောက်က‘ပြည်’က အသံမပြောင်းဘူးနော်”

“ဟုတ်ပါတယ်။အဲ...‘နတ်ပြည်’ကတော့ ရှေ့က တသတ်ပါလို့ နောက်ကအသံမပြောင်းတဲ့ဥပဒေသနဲ့ လည်းကိုက်တာပေ့ါ”

“ဒီလောက်ဆိုရင် ခြွင်းချက်အဖြစ်ယူဆရမယ့် အသံမပြောင်းတဲ့ အခြေအနေတွေလည်း တော်တော်စုံလောက်ပါပြီထင်ပါရဲ့။ အခြေခံကတော့ ရှေ့အသံနဲ့နောက်အသံကို ခပ်မြန်မြန်နဲ့ဆက်ပြီးအသံထွက်ရင်ရှေ့အသံကနောက်အသံကိုလွှမ်းမိုးတဲ့အတွက် နောက်အသံ ပြောင်းတတ်တယ်။ ခပ်ဖြည်းဖြည်း ခပ်နှေးနှေးအသံထွက်ရင်တော့ ရှေ့အသံကနောက်အသံကိုမလွှမ်းမိုးတဲ့အတွက် နောက်အသံ မပြောင်းဘူးဆိုတဲ့ ဥပဒေသပါပဲကွယ်”

“ဟုတ်ကဲ့ပါ”

“ရှေ့မှာတုန်းက ရှုပ်မှာစိုးလို့ ပညာရပ်ဝေါဟာရတွေ မပြောခဲ့ဘူး။ ဘာသာဗေဒပညာရှင်တွေက အသံနှစ်သံရှေ့နောက်စပ်တာကို juncture လို့ခေါ်တယ်။ ရှင်မဟာရဋ္ဌသာရက အဲဒီလို ရှေ့နောက်စပ်တာကို ‘ပုဒ်စပ်’ လို့ သုံးခဲ့တဲ့အတွက် ပညာရှင်တွေက ပုဒ်စပ်လို့ပဲမြန်မာမှုပြုကြတယ်”

“ဟုတ်ကဲ့”

“ရှေ့နဲ့နောက် အသံချင်း မြန်မြန်ရွတ်ဆိုရင် အဲဒါကိုClose juncture (ပုဒ်စပ်ဖတ်)လို့ ခေါ်တယ်။ နှေးနှေးရွတ်ဆိုရင် အဲဒါကို Open juncture (ပုဒ်စပ်ဖွင့်) လို့ခေါ်တယ်”

‘အပိတ်စပ်’၊ ‘အဖွင့်စပ်’လို့ လည်း ခေါ်ကြတယ်”

“မှတ်ထားပ့ါမယ် ဆရာ ။ သမီးတစ်ခုစဉ်းစားမိလို့ပါ။‘တောခွေး’ဆိုတဲ့ စကားလုံးကို /တောဂွေး/လို့အသံထွက်ပေမယ့်‘တောဆင်’ကျတော့ /တောဇင်/ လို့မထွက်တာသတိထားမိလို့ပါ”

“ဒီတော့...။ ‘ခွေး’ နဲ့‘ဆင်’က နှစ်ခုစလုံး သံတင်းတွေမဟုတ်လားဆရာ။ ရှေ့က စကားလုံးကလည်း ‘တော’ ပဲဆိုတော့ အတူတူပဲလေ။ သံတင်းချင်းအတူတူ‘ တောခွေး’က အသံပြောင်းပြီး‘တောဆင်’က အသံမပြောင်းတာ ဘာကြောင့်ပါလဲ ဆရာ”

“အဖြေထုတ်ရရင်တော့ ဒေါက်တာသိန်းထွန်းပြောသလိုပဲ။ ‘တောခွေး’က ‘ တောဆင်’ ထက်ပိုပြီးအသုံးများလို့ ‘တောဆင်’ကနေ့စဉ်သုံးစကားတွေထဲမှာ အသုံးနည်းလို့ အသံမပြောင်းတာလို့ ဆိုရမယ်ထင်တယ်”

“ဟုတ်ကဲ့ပါ ဆရာ”

“ကဲ... စကား စထားတဲ့အတိုင်း ကြိယာစကားပေါင်းတွေမှာပါတဲ့ အစိတ်အပိုင်းတွေရဲ့အသံပြောင်းပုံကို ဆက်ပြီးကြည့်ကြရအောင်”

“ဟုတ်ကဲ့ပါ”

“သားတို့ သမီးတို့ သိတဲ့အတိုင်း မြန်မာကြိယာတွေက အသံတစ်သံစီရှိတဲ့ ကြိယာတွေကို နှစ်လုံးတွဲပြီးသုံးတာများတယ် မဟုတ်လား။ အဲဒီလိုတွဲသုံးရာမှာ နောက်ကအသံပြောင်းတာလည်းရှိတယ်၊ မပြောင်းတာလည်းရှိတယ်”

“ရှေ့က ကသတ်၊ စသတ်၊ တသတ်၊ ပသတ်ရှိရင်တော့ နောက်က အသံမပြောင်းဘူးပေ့ါနော် ဆရာ”

“ဒီဥပဒေသကတော့ နာမ်ဖြစ်ဖြစ်၊ ကြိယာဖြစ်ဖြစ်၊ တခြားစကားလုံးဖြစ်ဖြစ် တစ်ညီတည်းပဲလေ။ ‘လိုက်ပြေး’တို့၊ ‘ညစ်ပတ်’တို့၊ ‘ပိတ်ထား’တို့၊ ‘ရပ်စောင့်’တို့ ကြည့်ပါလား။ နောက်ကအသံတွေပြောင်းမှ မပြောင်းတာ”

“ဟုတ်ကဲ့ပါ ဆရာ။ ဒါဆို အဲဒီအသတ်တွေမပါတဲ့ ကြိယာတွေကို ကြည့်ရမှာပေ့ါ”

“ဟုတ်တယ်လေ။ ကဲ... တစ်သံစီရှိတဲ့ ကြိယာနှစ်လုံးတွဲသုံးတဲ့ သာဓကတွေ စဉ်းစားကြည့်ရအောင်။ ပြောကြည့်ကြစမ်းပါ။ အဲ.... နောက်ကကြိယာကတော့ အသံပြောင်းတတ်တဲ့ ၊သံလျော့-သံပြင်း အတွဲရှိတဲ့ ကြိယာဖြစ်ရမယ်နော်”

“ဟုတ်ကဲ့။ ကျွန်တော်ပြောကြည့်ပ့ါမယ်။ လိမ်ပြော၊ ခူးစား၊ ကျော်တက်....။ သမီးလည်းပြောပ့ါမယ်။ လှည့်ကြည့်၊ ဆင်းသက်၊ ကြီးကျယ်၊ တွန်းပို့....”

“ဟုတ်ပြီ၊ ဒီလောက်ဆိုရပါပြီ။ အဲဒီသာဓကတွေကြည့်ရင် တစ်လုံးချင်း လည်းသုံးလို့ရတဲ့ ကြိယာနှစ်လုံးကို တွဲသုံးတဲ့ ကြိယာစကားပေါင်းတွေဆိုတာ တွေ့မှာပါ။ အဲဒီစကားပေါင်းတွေမှာ နောက်ကအသံတွေက....”

“မပြောင်းပါဘူး ဆရာ”

“ဟုတ်တယ်။ အသံနှစ်သံတွဲရွတ်တဲ့အခါ အနေးနှုန်းထားနဲ့ ရွတ်ဆိုတဲ့အတွက် အသံမပြောင်းတာလို့ ပြောရမှာပေ့ါ”

“ကဲ... နောက်တစ်မျိုးကြည့်ရအောင်။ အရင်လည်း ပြောဖူးပါတယ်။ ရှေ့ကကြိယာကို နောက်ကကာရန်တူတဲ့အသံလိုက်တဲ့ ကြိယာစကားပေါင်းတွေ ရှိတယ်မဟုတ်လား။ ‘ရိုင်းစိုင်း’ လို စကားလုံးမျိုးလေ”

“ဟုတ်ကဲ့ပါ။ ‘မြန်ဆန်’လည်းပါမှာပေ့ါ ဆရာ”

‘အေးဆေး’လည်းပါပါတယ်။

‘ရက်စက်’လည်းပါတယ်။ ဒါပေမယ့် ရှေ့မှာ ကသတ်ရှိနေတော့ အသံမပြောင်းတာသေချာတာပေ့ါ။ ရိုင်းစိုင်းက /ရိုင်းဇိုင်း/ မြန်ဆန်က /မျန်ဇန်/ အေးဆေးက /အေးဇေး/ လို့ အသံပြောင်းတာပေ့ါ”

“ဟုတ်ကဲ့ပါ”

“အဲဒီလိုပဲ နောက်မှာ ဗျည်းတူလိုက်တဲ့ ‘ပြေပြစ်’တို့၊ ‘တိုင်တန်း’တို့လည်း /ပျေဗျစ်/ /တိုင်ဒန်း/ ဆိုပြီး အသံပြောင်းတာတွေ့ရတယ်”

“ဟုတ်ကဲ့ ဒီလိုဆိုရင်နောက်က ကာရန်လိုက်တဲ့ကြိယာပေါင်းနဲ့ ဗျည်းတူလိုက်တဲ့ကြိယာပေါင်းတွေမှာ နောက်ကအသံက အသံပြောင်းတယ်လို့ ဆိုရမှာပေ့ါနော်”

“အေး ... အဲဒီလိုဆိုရမှာပေ့ါ။ သဒ္ဒါသဘောအရကြည့်ရင် အဲဒီနောက်ကလိုက်တဲ့ အစိတ်အပိုင်းတွေက ကိုယ့်ဟာကိုယ် မရပ်တည်နိုင်ဘူးလေ”

“အဲဒါ ဘာဆိုလိုတာပါလဲ ဆရာ”

“ကဲ... ကာရန်လိုက်တဲ့ ‘ရိုင်းစိုင်း’ကိုကြည့်ရအောင်။ အဲဒီစကားပေါင်းမှာ ‘ရိုင်း’က သူ့ဟာသူရပ်တည်နိုင်တယ်။ အဓိပ္ပာယ်ရှိတယ်။ ‘စိုင်း’က ကာရန်လိုက်ထားတဲ့စကားလုံးမို့ သူ့ဟာသူ မရပ်တည်နိုင်ဘူး။ အဲဒီအဓိပ္ပာယ်လည်း မရှိဘူးလေ။ ‘သူတော်တော်ရိုင်းစိုင်းတာပဲ’ ဆိုတဲ့ စကားကို ‘သူတော်တော်ရိုင်းတာပဲ’ လို့ပြောရင်လည်း အဓိပ္ပာယ်မပြောင်းဘူး မဟုတ်လား။ ‘ရိုင်းစိုင်း’နေရာမှာ ‘ရိုင်း’ကို အစားထိုး လို့ရတယ်။ ဒါပေမယ့် ‘သူတော်တော်စိုင်းတာပဲ’လို့ ပြောရင်တော့ အဓိပ္ပာယ်ပျက်သွားရောလေ။ ရိုင်းစိုင်းတဲ့အဓိပ္ပာယ်မရတော့ဘူး။ ဒါကြောင့် ‘စိုင်း’က သူ့ဟာသူ မရပ်တည်နိုင်ဘူး ‘ရိုင်း’နဲ့တွဲမှ အဓိပ္ပာယ်ရှိတယ်ဆိုတာ ထင်ရှားတာပေ့ါ”

“ဟုတ်ကဲ့ပါ”

“ဒါကြောင့် ‘ရိုင်း’နဲ့ ‘စိုင်း’ကို အမြန်နှုန်းထားနဲ့ ခပ်သွက်သွက်ဆက်ပြီး ရွတ်ဆိုရတဲ့အတွက် ‘စိုင်း’က /ဇိုင်း/လို့ အသံပြောင်းသွားတာပေ့ါ။ ဗျည်းတူလိုက် တဲ့ ‘ပြေပြစ်’လည်း အဲဒီသဘောအတိုင်းပဲ ၊ ‘ပြေ’က သူ့ဟာသူရပ်တည်နိုင်တယ်၊ ‘ပြစ်’က မရပ်တည်နိုင်ဘူးလို့ မှတ်ရမှာပေ့ါကွယ်။ ဒါကြောင့်လည်း ရှေ့စကားလုံးနဲ့ ဆက်စပ်မှုပိုအားကောင်းလို့ အသံပြောင်းတာပေ့ါ”

“ဟုတ်ကဲ့ပါ”

# အပူလွန်ကဲသည့် အဖျော်ယမကာများ သောက်သုံးမှုကြောင့် ကင်ဆာဖြစ်ပွားနိုင်

**ကလျာမိုးမြင့်**

မိုးအေးအေးမှာ ကော်ဖီပူပူလေးတစ်ခွက်နဲ့ ကွေးချင်တယ်ဆိုတဲ့သူတိုင်း ထည့်သွင်း စဉ်းစားရမယ့် အချက်တစ်ချက်ပေါ် လာ ပါပြီ။ အဲဒါကတော့ မိမိသောက်နေတဲ့ ကော်ဖီပူပူကို အပူလျော့လာတဲ့အထိ စောင့်ပြီးမှသောက်သုံးဖို့ပါပဲ။ ဘာကြောင့်လဲဆိုတော့ အဲဒီအပူက သင့်ကို ကင်ဆာ ရောဂါဖြစ်ပွားဖို့ အခွင့်အလမ်းများလာစေလို့ဖြစ်ပါတယ်။

ကင်ဆာရောဂါနဲ့ပတ်သက်ပြီး သုတေသနပြုနေတဲ့ နိုင်ငံတကာ အေဂျင်စီအဖွဲ့ရဲ့သုံးသပ်ချက်အရ အပူလွန်ကဲတဲ့ အဖျော်ယမကာများကို သောက်သုံးခြင်းဟာ ကင်ဆာရောဂါဖြစ်ပွားစေတဲ့ ဓာတ်ပစ္စည်းထုတ်လွှတ်မှုကို ဖြစ်ပေါ်စေတယ်လို့ ဖော်ပြထားပါတယ်။ ဒီလို သောက်သုံးခြင်းဟာ အစာရေမျို ကင်ဆာကိုပါ ဖြစ်စေနိုင်ပါတယ်။

ဥရောပနဲ့ မြောက်အမေရိကနိုင်ငံတွေမှာ ပူပူနွေးနွေးသောက်သုံးရတဲ့ အဖျော်ယမကာတွေကို အပူချိန်လွန်ကဲတဲ့အထိ စီမံသောက်သုံးလေ့မရှိကြပေမယ့် တောင်အမေရိက၊ အရှေ့အလယ်ပိုင်းနဲ့ အရှေ့အာဖရိက ဒေသတွေမှာတော့ အထူးသဖြင့် လက်ဖက်ရည်သောက်တဲ့အခါမှာ အပူရှိန်ပြင်းပြင်းထားပြီး သောက်သုံးကြတာကို တွေ့ရပါတယ်။ သောက်သုံးတဲ့အပူချိန်ဟာ ၁၄၀ ဒီဂရီ ဖာရင်ဟိုက် (၆၀ ဒီဂရီ ဆဲလ်စီးရပ်)ကိုကျော်လွန်ပြီး ရေပွက်ပွက်ဆူတဲ့အပအပူချိန်လောက်တော့ မပူပါဘူး။ ရေဟာအပူချိန် ၁၀၀ ဒီဂရီဆဲလ်စီးရပ်( ၂၁၂ ဒီဂရီ ဖာရင်ဟိုက်)မှာ ပွက်ပွက်ဆူပါတယ်။ ၆၅ ဒီဂရီဆဲလ် စီးရပ်ဆိုတဲ့ အပူချိန်ဟာ လျှာကို ကောင်းကောင်း အပူလောင်သွားစေနိုင်တဲ့ အတိုင်းအတာဖြစ်တယ်လို့ ကင်ဆာသုတေသနအဖွဲ့က မှတ်ချက်ချပါတယ်။ အဖွဲ့ဝင် ၂၃ ဦးပါဝင်တဲ့ နိုင်ငံတကာ သုတေသန ပညာရှင်များအဖွဲ့ဟာ ကော်ဖီမှာကင်ဆာဖြစ်စေနိုင်တဲ့ ဓာတ်ပစ္စည်းပါဝင်မှုရှိမရှိရနိုင်သမျှ အချက်အလက်တွေကို ခွဲခြမ်းစိတ်ဖြာပြီးတဲ့နောက် ယခုလိုတွေ့ရှိခဲ့ တာ ဖြစ်ပါတယ်။ အပူလွန်ကဲတဲ့ အဖျော်ယမကာ များဟာ လူတွေမှာဖြစ်ပွားလေ့ရှိတဲ့ အစာရေမျိုကင်ဆာနဲ့ ဆက်နွယ်နေကြောင်းအဖွဲ့က ဆုံးဖြတ်ခဲ့ပါ တယ်။ ခဲ၊ ဓာတ်ဆီနဲ့ လောင်စာတွေကို

**ကင်ဆာဖြစ်ပွားနိုင်မှုဟာ သောက်သုံးတဲ့ အဖျော်ယမကာကြောင့် မဟုတ်ဘဲ အပူချိန်ကြောင့်သာဖြစ်ကြောင်း ရေနွေး သို့မဟုတ် ခပ်အေးအေးစီမံပြုလုပ်ထားတဲ့ သောက်စရာများက သက်သေပြနေ**

ထိတွေ့မှုကြောင့် ကင်ဆာဖြစ်စေနိုင်တဲ့ ဓာတ်ပစ္စည်း (carcinogenic) ထွက်ပေါ်မှုနဲ့ အပူ လွန်ကဲတဲ့ အဖျော်ယမကာတွေကို သောက်သုံးမှုကြောင့်ဖြစ်ပေါ်တဲ့ (carcinogenic) ဓာတ်ပစ္စည်းထွက် ပေါ်မှုဟာ အမျိုးအစားတူညီတယ်လို့ ကင်ဆာသုတေသနအဖွဲ့က ဆိုပါတယ်။

ကိုယ်လိမ်းပေါင်ဒါတွေကို စအိုလမ်းကြောင်း အနီးမှာ လိမ်းကျံမိတဲ့အခါဖြစ်တတ်တဲ့ carcinogenic ကလည်း ဒီအမျိုးအစားပဲဖြစ်ပါတယ်။ ကင်ဆာဖြစ်ပွားနိုင်မှုဟာ သောက်သုံးတဲ့ အဖျော် ယမကာကြောင့် မဟုတ်ဘဲ အပူချိန်ကြောင့်သာ ဖြစ်ကြောင်း ရေနွေး သို့မဟုတ် ခပ်အေးအေးစီမံပြု လုပ်ထားတဲ့ သောက်စရာများက သက်သေပြနေ ပါတယ်။ ကင်ဆာကြောင့် သေဆုံးမှုအမျိုးမျိုးထဲမှာ ၅ ရာခိုင်နှုန်းဟာ အစာ ရေမျိုကင်ဆာကြောင့်ဖြစ်ပြီး ၂၀၁၂ ခုနှစ်မှာ အစာရေမျိုကင်ဆာကြောင့် သေဆုံးသူအရေအတွက် လေးသိန်းနီးပါးရှိခဲ့ပါတယ်။ သို့သော်လည်း အစာရေမျိုကင်ဆာဖြစ်ရခြင်းရဲ့ အဓိကအကြောင်းရင်းဟာ ဆေးလိပ်သောက်သုံးခြင်း နဲ့ အရက်သောက်သုံးခြင်း ဖြစ်ပြီး ဒီလိုဖြစ်ပွားမှုမျိုး ဟာ များသောအားဖြင့် အာရှ၊ တောင်အမေရိကနဲ့ အရှေ့အာဖရိကမှာ အဖြစ်များတာကို တွေ့ရပါတယ်။ အဲဒီနိုင်ငံတွေမှာ လက်ဖက်ရည်၊ ကော်ဖီတွေကို အပူလွန်ကဲစွာ သောက်သုံးနေကြတာဟာလည်း တွေ့မြင်နေကျ ဖြစ်နေပါတယ်။

ဗြိတိန်နိုင်ငံက လက်ဖက်ရည်သောက်သုံးမှု ဆိုင်ရာ အကြံ ပေးအဖွဲ့က ဗြိတိန်နိုင်ငံမှာ လက်ဖက် ရည်ကို အပူချိန်နည်း နည်းနဲ့ သောက်သုံးကြတဲ့ အကြောင်း အလေးအနက် ပြောဆိုခဲ့ပါတယ်။ ဗြိတိန်က လက်ဖက်ရည်သောက်သုံးသူများဟာ လက်ဖက်ရည်ကို စိတ်ချရတဲ့ အပူချိန်မှာ နို့အနည်း ငယ်ခပ်ပြီး ရေးမူမပျက် နှစ်ခြိုက်စွာ သောက်သုံးကြ တယ်လို့ အကြံပေးအဖွဲ့ဝင် တင်မ်ဘွန်းကပြောပါတယ်။ နွားနို့ ၁၀ မီလီမီတာပါဝင်တဲ့ လက်ဖက်ရည်တစ်ခွက်ကို ငါးမိနစ်အတွင်းမှာ အပူချိန် ၆၅ ဒီဂရီ ဆဲလ်စီးရပ်အောက် လျော့နည်းအောင်ထားပြီး သောက်သုံးကြတာဖြစ်ပါတယ်။

**(စီအင်န်အင်န်)**



မြန်မာ့ရိုးရာအားကစား

**ရိုး**ရာလက်ဝှေ့သမားတို့ရဲ့ဘဝတာ အလိုချင်ဆုံး၊ အတောင့်တဆုံး ကြေးခါးလာဘ်ကောင် (သို့မဟုတ်) ရွှေခါးပတ်ချန်ပီယံ ၂၀၁၆ ပွဲကြီး စတင်တော့မည်ဖြစ်သည်။ ယခု စတင်ကျင်းပမည့် ၂၀၁၆ ခုနှစ်ရဲ့ ရွှေခါးပတ်ချန်ပီယံလုပွဲကြီးသည် ရိုးရာလက်ဝှေ့လောက၏ အဌမမြောက်ကျင်းပမည့် နိုင်ငံတစ်ဝန်းမှ ရိုးရာလက်ဝှေ့သမားအများစု ပါဝင်ကြမည့် ပွဲကြီးဖြစ်သည်။ ရွှေခါးပတ်ချန်ပီယံဆုသည် ရိုးရာ လက်ဝှေ့ကစားသမားတို့၏ ဘဝတစ်သက်တာ အလိုချင်ဆုံး၊ အတမ်းတဆုံး၊ အခုံမင်ဆုံး အိပ်မက်တစ်ခုဖြစ်သည်။ ပြောရလျှင် ထိုရိုးရာလက်ဝှေ့လောက အားကစားသမားတို့၏ အထွတ်အမြတ်ထားရာ အနုပညာရှင်လောကကဲ့သို့ပြောရလျှင် အကယ်ဒမီဆုကြီးဆိုလျှင် မှားမည်မဟုတ်။

သတင်းဆောင်းပါး
မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- မင်းထက်

# ရိုးရာလက်ဝှေ့သမားတို့ ကြေးခါးလာဘ်ကောင် (သို့မဟုတ်) ရွှေခါးပတ်ချန်ပီယံ ဘယ်သူတွေ ဆွတ်ခူးကြမလဲ


ကြယ်လင်းအောင်(တောင်ကလေး)


မိုက်ရိုင်းလေး(ရွှေဖူး)


ရဲသွေးနီ(တောင်ကလေး)


ဒေါနအောင်(ထွန်းသွင်)

ရိုးရာလက်ဝှေ့လောကသားတစ်ဦးရဲ့ ဘဝတွင် ရွှေခါးပတ်ဆုရှင် ချန်ပီယံဂုဏ်ပုဒ်တပ်နိုင်သည်နှင့် ရိုးရာလက်ဝှေ့ပွဲစီစဉ်သူများရဲ့ဦးစားပေး စာချုပ်ချုပ်ဆိုခံရသလို ထိုးကြေး သို့မဟုတ် ဆုကြေးငွေမှာလည်း ယခင်ထက်မြင့်မားစွာရရှိနိုင်မည်ဖြစ်သည်။ မရရှိပါကလည်း တောင်းဆိုပိုင်ခွင့်ရှိလာမည်ဖြစ်သည်။ ထို့အပြင် ရွှေခါးပတ်ဆုရှင်ဆိုသည့် ဂုဏ်ပုဒ်နှင့်အညီပွဲများပင် ရွေးချယ်ပိုင်ခွင့်ရှိလာသလို ရိုးရာလက်ဝှေ့ပရိသတ်များ၏ လိုလားတောင့်တမှု အခွင့်ရေးရကြ၍ နှစ်ပတ်လည်ပွဲစဉ်မပြတ်ယှဉ်ပြိုင်ထိုးသတ်မည့် အခွင့်အလမ်းကောင်းများ ပိုင်ဆိုင် နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ရိုးရာလက်ဝှေ့သားတို့ရဲ့ ကြေးခါးလာဘ်ကောင် (သို့မဟုတ်) ရွှေခါးပတ် ချန်ပီယံဆုတံဆိပ်သည် သူတို့ရဲ့ ဘဝတစ်သက်တာတွင် သမိုင်းတွင်ကျန်ရစ်စေမည့် အကယ်ဒမီကဲ့သို့ မက်မောကြသည့် ဂုဏ်ပုဒ်ဆိုလျှင်မှားမည်မဟုတ်။

၎င်းတို့ကိုယ်တိုင်ပင် လိုချင်သလို နည်းပြနှင့်နည်းပြချုပ်များကလည်း သူတို့မွေးထုတ်ပေးခဲ့သည့် ရိုးရာလက်ဝှေ့သားတပည့်တွေကို အဆိုပါ အကယ်ဒမီ ရွှေခါးပတ်ဆုကို ပိုင်ဆိုင်စေချင်ကြသည်။ ပိုင်ဆိုင်ခွင့်ကို လိုလားကြသည်။ ယခုမြန်မာနိုင်ငံ အနေဖြင့် အဌမအကြိမ်ကျင်းပမည့် အဆိုပါ ဝိတ်တန်းအလိုက် ရွှေခါးပတ်ချန်ပီယံလုပွဲကြီးကို မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး ဦးစိုင်းဇော်ဇော်၊ ဦးငွေဝင်း H & S Group က စီစဉ်ကာ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူ ရိုးရာလက်ဝှေ့အားကစားရုံကြီး၌ လာမည့် ဇွန် ၂၅ ရက်နှင့် ၂၆ ရက် မွန်းလွဲ ၂ နာရီတွင် ကွာတားဖိုင်နယ်ပွဲစဉ်များ စတင်ကျင်းပတော့မည်ဖြစ်သည်။ ယင်းနောက် ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၃ ရက်တွင် ကျင်းပမည်ဖြစ်ပြီး နောက်ဆုံး ချန်ပီယံရွှေခါးပတ်လုပွဲများကို ဇူလိုင် ၁၀ ရက်တွင် နောက်ဆုံးနေ့အဖြစ် ကျင်းပသွားမည်ဖြစ်သည်။ နိုင်ငံတစ်ဝန်း ကလပ် ၃၀ ရှိရာ ကလပ် ၁၉ ခုမှ အရည်အချင်းပြည့်မီသော စံချိန်စံနှုန်းမီ ရိုးရာ လက်ဝှေ့အားကစားသမား ၅၀ ကျော် ၆၀ နီးပါး ဝိတ်တန်းအလိုက် ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

"ဒီရွှေခါးပတ်ချန်ပီယံလုပွဲကြီးကို အခုရှစ်ကြိမ်မြောက် အပါအဝင် ကျွန်တော့်အနေနဲ့ ငါးကြိမ်ဦးဆောင်ခဲ့ပါတယ်။ ပြိုင်ပွဲရည်ရွယ်ချက်ကတော့ ခုလိုမိုးရာသီ ရိုးရာလက်ဝှေ့ပွဲတွေ ရှားပါးတဲ့အချိန်မှာ ရိုးရာလက်ဝှေ့သမားတွေ ဒီလောကကနေ အသက်မွေးဝမ်းကျောင်းအတွက် အခြားဘက်ကို ကူးပြောင်းမသွားရအောင်၊ ပြောရရင် ဝမ်းရေးအတွက် တစ်ဖက်တစ်လမ်းက ရပ်တည်နိုင်ဖို့ ကျင်းပခဲ့တာဖြစ်ပါတယ်"ဟု ၂၀၁၆ ရွှေခါးပတ်ချန်ပီယံလုပွဲကြီးကို ဦးဆောင်ကျင်းပသည့် H & S Group မှ ဦးစိုင်းဇော်ဇော်က ပြောသည်။

ယင်းရွှေခါးပတ်ချန်ပီယံလုပွဲသို့ ကလပ် ၁၉ ခုမှ ဝိတ်တန်းခုနစ်တန်းဝင်ရောက် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ဝိတ်တန်းအလိုက် အားကစားသမားများမှာ ၅၁ ကီလိုတန်းတွင် တိမ်တိုက်(ထွန်းသွင်)၊ မိုက်မိုက် (STL)၊ သိန်းစိုး (အဖြူရောင်သွေးသစ်)၊ စွမ်းထက်နိုင် (ဗမာ့သွေး)၊ ရွှေဖားစည် (မြိုင်ကလေးဘိလပ်မြေစက်ရုံ)၊ စိန်လင်းအောင်(တိုက်ဂါး)၊ စိုးဝင်းသန်း (ရန်စစ်ငြိမ်း)နှင့် သက်ပိုင်အောင်(တောင်ကလေး) တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ ၅၄ ကီလိုတန်းတွင် ရဲသွေးနီ (တောင်ကလေး)၊ ကျန်ကျောင်း (ဗမာ့သွေး)၊ စောရာဇာ (ရွှေမိုးထိငြိမ်းချမ်းရေး)၊ ကိုကိုအောင် (ထွန်းသွင်)၊ စစ်မျိုး (ရန်စစ်ငြိမ်း)၊ ဒေါင်းဖြူ (အောင်မြန်မာ)၊ အသဲစွဲ (မြိုင်ကလေးဘိလပ်မြေစက်ရုံ)နှင့် အောင်ခဲစော (တောင်ကလေး)တို့ ရွှေခါးပတ်လုကြမည် ဖြစ်သည်။ တစ်ဖန် ၅၇ ကီလိုတန်းတွင် မိုက်ရိုင်းလေး(ရွှေဖူး)၊ ဂျစ်တူး (တိုက်ဂါး)၊ နက္ခအောင်(တောင်ကလေး)၊ မိုးဟိန်း (မြိုင်ကလေး ဘိလပ်မြေစက်ရုံ)၊ မင်းနိုင်ထွန်း (ယူနိုက်တက်)၊ ကျော်ဝင်းအောင် (အဖြူရောင်သွေးသစ်)၊ သွေးသောက်ကျား (ဗန်ကောက်၊ ထွန်းသွင်)နှင့် ထယ်ကြီး (STL) တို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ၆၀ ကီလိုတန်းတွင် ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မည့် ရိုးရာလက်ဝှေ့ အားကစားသမားများမှာ စောဒါဝိတ် (တောင်ကလေး)၊ ဇော်ချစ်အောင် (ဗမာ့သွေး)၊ ဂျိုကာ (မြိုင်ကလေး ဘိလပ်မြေစက်ရုံ)၊ စောထူးဇော်(ဒို့ရိုးရာ)၊ ရွှေထွန်းယုံ (ရန်စစ်ငြိမ်း)၊ နေရူဘီ (STL)၊ စည်သူအောင် (ရွှေမိုးထိငြိမ်း ချမ်းရေး)နှင့် စိုးလေး(တိုက်ဂါး) တို့ ဖြစ်ကြသည်။ ၆၃ ဒသမ ၅ ကီလိုတန်းတွင် ကြယ်စင်ဖြိုး (အဖြူရောင်သွေးသစ်)၊ ထက်အောင်ဦး (တောင်ကလေး)၊ ဒေါင်းသည်းခြေ (အောင်မြန်မာ)၊ သားအသည်းတစ်ပွင့် (ဗမာ့သွေး)၊ ကြယ်စင်ထူး (မြိုင်ကလေး ဘိလပ်မြေစက်ရုံ)၊ ဒေါနအောင် (ထွန်းသွင်)၊ မျိုးမာန်သစ် (STL)၊ ကျော်ကြား(တိုက်ဂါး)တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး ယင်းဝိတ်တန်းတွင် ယခင်နှစ် ၆၀ ကီလိုတန်းမှ ရွှေခါးပတ်ချန်ပီယံ ကြယ်စင်ဖြိုး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

၆၇ ကီလိုတန်းတွင် သွေးသစ်ဝင်းလှိုင် (ရွှေမိုးထိ ငြိမ်းချမ်းရေး)၊ ရဲတံခွန်(TH သွေးသစ်)၊ ဖိုးလပြည့်(ရွှေဖူး)၊ စောဘဦး(တောင်ကလေး)၊ ဗိုစိုးအောင်(ဗမာ့သွေး)၊ စောလူမင်း(တိုက်ဂါး)၊ ထွန်းနိုင်ဦး(STL)၊ ဉာဏ်လင်းအောင် (မြိုင်ကလေးဘိလပ်မြေစက်ရုံ)နှင့် နောက်ဆုံး အကြီးတန်းဝိတ်တန်းဖြစ်သည့် ၇၁ ကီလိုတန်းတွင် ကြယ်လင်းအောင်(တောင်ကလေး)၊ စောရန်နိုင် (မြိုင်ကလေးဘိလပ်မြေစက်ရုံ)၊ ရန်နိုင်အောင် (ရွှေမိုးထိငြိမ်းချမ်းရေး)၊ ရှမ်းကို (T&T)၊ ရဲရင့်အောင်(နဂါးမာန်)၊ စောအယ်လေး (ထော့မဲပါ)၊ ရွှေရာမာဉ်(ရွှေဒေါပုံ)နှင့် စိုးထက်ဦး(အဖြူရောင်သွေးသစ်)တို့ ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ် ရွှေခါးပတ်လုကြမည် ဖြစ်သည်။

